တိစက္ကဉ္စာတိဓမ္မစက္ကံ၊ စက္ကဉ္စပဝတ္တေတိဓမ္မဉ္စာတိဓမ္မစက္ကံ၊ ဓမ္မေန ပဝတ္တေတီတိ ဓမ္မစက္ကံ၊ ဓမ္မစရိယာယ ပဝတ္တေတီတိ ဓမ္မစက္ကံ၊ ဓမ္မေဋ္ဌိတောပဝတ္တေတီတိဓမ္မစက္ကံ၊ဓမ္မပတိဋ္ဌိတောပဝတ္တေတီတိ ဓမ္မစက္ကံ၊ ပ ၊အာမတောဂဝံ နိဗ္ဗာနံပရိယာယေသာသနဓမ္မေန ဓမ္မော တံဓမ္မံပဝတ္တေတီတိဓမ္မစက္ကန္တိ၊

-{ ဓမ္မစက္ကကထာနိဋ္ဌိတာ၊ }-

ဟူ၍-ဤဓမ္မစက္ကပဝတ္တနသုတ်၌၊ ဟောတော်မူသည့်အတိုင်း၊ ဒုက္ခသစ္စာ၌ သစ္စာဉာဏ်အားဖြင့် ထင်ရှားဟုတ်မှန်၊ မဖောက်ပြန်တိုင်း၊ ၊စက္ခုဓမ္မ ဉာဏဓမ္မ၊ ပညာဓမ္မ၊ဝိဇ္ဇာဓမ္မ၊ အာလောကဓမ္မတည်းဟူသော၊ ဓမ္မ၏သဘာဝအပေါင်း-၅-ပါး၊ ဒသာနဋ္ဌအတ္ထဉာဏဋ္ဌအတ္ထ။ ပဇာနနဋ္ဌအတ္ထပဋိဝေဓဋ္ဌအတ္ထ ဩဘာသနဋ္ဌအတ္ထတည်းဟူသော၊ သတ္တဝါတို့စွဲလမ်းမှတ်ထင်မှားကြရသော အတ္ထ၏ သဘာဝအပေါင်း(၅)ပါး။ ထိုအတ္ထသဘာဝ(၅)ပါးတို့၌ မစွဲလမ်းမူ၍၊ ဓမ္မ၏သဘာဝ(၅)ပါး၌သာလျှင်၊ ဆင်ခြင်ပိုင်းခြားပွားများကြရန် အကြောင်းအကျိုးနှင့်တကွ၊ ပဝတ္တိမျက်မှောက်၌ ဓမ္မစက္က၏လည်ပတ်နံမှာ၊ စက္ခုဓမ္မ၊ မြင်တတ်သောတရား၊ ဉာဏဓမ္မ၊ သိတတ်သောတရား၊ပညာဓမ္မ၊ မှတ်တတ်သောတရား၊ ဝိဇ္ဇာဓမ္မ၊ ခံစားတတ်သောတရား၊အာလောကဓမ္မ၊ အာရုံ၌၊ ဖြစ်တတ်ပျက်တတ်သောတရား၊ ထင်ရှားဟုတ်မှန်-မဖောက်ပြန် တိုင်းရှိနေကြသဖြင့်၊ ထိုဓမ္မ၏ သဘာဝကို၊ အမိုးသေကဲ့သို့ ထင်မှတ်၍၊ အနတ္တကို၊အတ္တဟုစွဲလမ်းကြရသောသတ္တဝါတို့၏ စက္ခုပသာဒ၌ မြင်ရထင်ရခြင်း၊ အကြောင်းမှာ၊ ဗာဟိရနက် အလင်းရောင်တည်းဟူသော၊ အာလောကဓမ္မကိုရသဖြင့်၊ မိမိ၏စက္ခုပသာဒ အကြည်ဓာတ်၌၊ အရိပ်အရောင် အဆင်းအကြောင်း ထင် ခြင်းတည်းဟူသော အကျိုးဆက်ကံ ရကုန်၏၊ထိုအရိပ်အရောင်တည်း

ဟူသောအကြောင်းကိုအစွဲပြု၍၊ ထိုထင်အပ်သော ဗာဟိရဝတ္ထု ရုပ်သို့၊ မိမိ၏အာရုံ ရှေ့ရှု ပြေးသဖြင့်၊ မြင်ခြင်း တည်းဟူသော စက္ခုဓမ္မ၏အကျိုးဆက်ကိုရကုန်၏၊ထိုစက္ခုဓမ္မတည်းဟူသောအကြောင်းကိုစွဲ၍၊ ထိုမြင်အပ်သောဝတ္ထုရုပ်၌၊ ဉာဏ ဓမ္မတည်းဟူသော သိခြင်းအကျိုးဆက်ကို ရကုန်၏၊ ထိုသိခြင်းတည်းဟူသော ဉာဏဓမ္မအကြောင်းကိုစွဲ၍၊ ထိုသိအပ်သော ဝတ္ထုရုပ်၌၊ အပြားအားဖြင့်မှတ်ယူနိုင်သော ပညာဓမ္မတည်းဟူသောအကျိုးဆက်ကိုရကုန်၏၊ထိုအပြားအားဖြင့်၊ မှတ်ယူအပ်သော ပညာဓမ္မတည်းဟူသော၊ အကြောင်းကိုစွဲ၍၊ အစဉ်ခံစားတတ်သော ဝိဇ္ဇာဓမ္မတည်းဟူသော အကျိုးဆက်ကို ရကုန်၏၊ အစဉ်ခံစားတတ်သော၊ ဝိဇ္ဇာဓမ္မတည်းဟူသော အကြောင်းကိုစွဲ၍၊ မိမိ၏အာရုံနှိက်ထင်ရှားသော အလင်းကိုဖြစ်စေ ပျက်စေတတ်သော၊ အာလောကဓမ္မတည်းဟူသော အကျိုးဆက်ကိုရကုန်၏၊ ဤကဲ့သို့ စက္ခုဓမ္မ၊ ဉာဏဓမ္မ၊ ပညာဓမ္မ၊ ဝိဇ္ဇာဓမ္မ၊ အာလောကဓမ္မ၊ ၊ စက္ခုဓမ္မစသဖြင့်၊ အဘန်ဘန် အထပ်ထပ် မရပ်မနား စက်ရဟတ်ကဲ့သို့လှည့်သည်ခြင်းကို ပဝတ္တိမျက်မှောက်နှိက် ထင်ရှားဟုတ်မှန်မဘောက်ပြန်တိုင်းရှိနေသည်ကို သတ္တဝါတို့အား၊ သိစေ မြင်စေခြင်းငှာ၊ စက္ခုံ ဥဒပါဒိအစရှိသဖြင့်၊ ဓမ္မစကြာပဝတ္တနသုတ်ကို ဟောတော်မူသည်၊ ထိုသို့ ဟောတော်မူအပ်သော၊ စက္ခုတို့တွင်၊ သသမ္ဘာရစက္ခု၊ ပသာဒစက္ခု၊ ဓမ္မစက္ခု၊ဒိဗ္ဗစက္ခု၊သမန္တစက္ခု ဟူ၍ ၅ ပါးအပြားရှိ၏၊ထို ၅ ပါးတို့တွင်၊ဗာဟိရရုပ်ဓါတ်၊ အာလောကတည်းဟူသောဩဘာသဓာတ်၊အဇ္ဈတ္တမံသဓာတ်၊ ရင်းမံသ၏အတွင်းနှိက်ရေကြည်တည်းဟူသော ပသာဒဓာတ်၊ ရင်းလေးပါးတကွနက်ပေါင်းရ၍၊အဆောက် အအုံဖြစ်ခြင်း၊ သသမ္ဘာယစက္ခု၊ ရင်းရုပ်ဓာတ်ဘို့ကို၊ အတိတ်အနာဂါတ်-ယူဆောင်နိုင်ခြင်း-ပသာဒစက္ခု၊အကြောင်း၏ ညီညွတ်ခြင်းကြောင့် အကျိုးဆက်ဖြစ်သဖြင့် အစိုးမရခြင်းကို မြင်ခြင်းသည်၊ ဓမ္မစက္ခု၊ အတိတ်ကာလ-အနာဂါတ်ကာလတို့နှိက် အကြောင်း ညီညွတ်သ

ဖြင့် အကျိုးဆက်ဖြစ်သည်ကို ထိုးထွင်း၍ သိမြင်နိုင်ခြင်း ဒိဗ္ဗ
စက္ခု ဌင်းစက္ခု လေးပါးနှင့်တကွ သဗ်ါဓ ဝိကာယ လက္ခဏာ
နိဗ္ဗာန် ပညတ် တည်းဟူသော၊ ညေယျဓမ်တရား ငါးပါးတို့ကို
အကြွင်းမရှိ သိမြင်နိုင်ခြင်းသည်။ သမန္တစက္ခု၊ တည်းဟူသော
စက္ခု ငါးပါးနှင့် ပြည့်စုံခြင်းသည်၊ သဗ္ဗညု ရှင်တော် ဘုရား
များမှသာလျှင်– ပြည့်စုံနိုင်သည်၊ သာဝကဗောဓိများမှာ၊ သမန္တ
စက္ခုကိုလွတ်၍၊ကျန်စက္ခု လေးပါးနှင့် ပြည့်စုံနိုင်သည် ပုထုဇဉ်
များမှာ၊ သသမ္ဘာယ၊ ပသာတနှင့် ပြည့်စုံသည်၊ ထိုသသမ္ဘာယ
စက္ခု ပသာတ စက္ခုတို့တွင်၊ ရှေးဦးစွာ– သသမ္ဘာယ စက္ခုနှင့်
တကွ စက္ခုဒွါရကို ဖွင့်လှစ်ရခြင်း၊ အဦးအစဖြစ်၍၊ {အာဒိ}
ဌင်းဖွင့်လှစ်သဖြင့်၊ ဗာဟိရရုပ်ဓာတ်တို့၊ သသမ္ဘာယ စက္ခု ဒွါရ၌
တကွနက်အရေးအရိပ် ထင်ခြင်း{သဟ}ထိုထင်အပ်သော ရုပ်
ဓာတ်ကို မိမိ၏အာရုံ၌ရွက်ဆောင်သဖြင့်{ဝဟ}တည်းဟူသော
သဘောကိုပေါင်းရ၍အခေါ်လွယ်စေခြင်းအကျိုးငှာ၊{အာသဖ}
ဟူ၍ခေါ်သည်၊ ထို{အာသဝ}တို့တွင် တောင့်တခြင်းကိုစွဲလမ်း၍
ရွက်ဆောင်ရခြင်း၊ {ကာမ၊အာသဝ}အဇ္ဈတ္တသဘာဝကိုဖြစ်လို၍၊
ရွက်ဆောင်ရခြင်း။ဘဝ၊အာသဝ၊ဓမ္မသဘာဝငါးပါးကိုမမြင်မှု၍
မိမိ၏ စွဲလမ်းအပ်သော အဇ္ဈတ္တသဘာဝ ငါးပါးကိုမြင်သဖြင့် ရွက်
ဆောင်ရခြင်း၊ ဒိဋ္ဌိ၊ အာသဝ၊ သုခဖြစ်၍၊ သုခချုပ်ခြင်း၊ဒုက္ခဖြစ်၍
ဒုက္ခချုပ်ခြင်း၊စသည်တို့ကိုအကြောင်းအတန့်မျှသာဟု၊ ထင်ရှားမသိ
သဖြင့်၊ဒုက္ခစသော အနိဋ္ဌာရုံတို့ကို၊ လွန်မင်းစွာ မနှစ်သက်သည်
ဖြစ်၍၊ သုခစသော ဣဋ္ဌာရုံတို့ကိုသာ အလိုရှိသဖြင့်၊ တောင့်တ
ခြင်း၊ ကြောင့်ကြခြင်း၊ တွေးတောကြံစည်ခြင်းတို့နှင့်၊ မိမိ၏ အာရုံ
အလိုအတိုင်း၊ မပြည့်စုံနိုင်သည်ကို၊ ပြည့်စုံနိုးနိုးနှင့် ရွက်ဆောင်
ရခြင်း၊ အဝိဇ္ဇာ အာသဝတည်းဟူသော၊ အာသဝလေးပါးတို့ကို
ရွက်ဆောင်နေ ကာလသုံးပါးတို့နှင့်၊ စီးသွားသောအကြံသည်
စိတ်၊ ထိုစိတ်အာရုံသည်၊ အာသဝေါ၊ ထိုစီးသွားသောရုပ်ဓာတ်၌
သာလျှင်၊ အရေးထင်မှတ်သည်ဖြစ်၍၊ {အက္ခ}ဟုထင်မှတ်သော

ရုပ်ဓာတ်ကိုပြင်လျှင်။ စွဲလမ်းသောဥပါဒါန်နှင့်{ဥ}သရနှင့် အက္ခရာ ဗျည်းတို့ကို၊ ကပ်သည်ရှိသော်{အက္ခု}ဟူ၍ ပေါ်ရေထာ ဘာသာ အားဖြင့်၊ ကမ္ဘာဦးသူတို့ခေါ်ဝေါ်သမုတ်ကြသည်၊ ထိုအကြောင်း ကို အသေအချာသိလိုလျှင်၊ ဘာသာထူး ဘာသာခြား၊ အခေါ်အ ဝေါ်တို့ကို၊ အကျယ်နှင့်တကွ၊ အရှင် သဃ်ရက္ခိတမထေရ်စီရင် ရေးသားသော၊ သုဗောဓာလင်္ကာရ အလင်္ကာ ကျမ်းကို ထုတ် နှုတ်၍ယူပါလေကုန်၊ ထိုအက္ခုဟူသောအရေးထင်မှတ်ခြင်းသည်၊ ဗာဟိရရုပ်ဓာတ်၊ သသမ္ဘာရတည်းဟူသော၊ အဇ္ဈတ္တရုပ်ဓာတ် ထိုရုပ်ဓာတ် နှစ်ပါး ပေါင်းရသဖြင့်၊ အရေးထင်မှတ်ခြင်းကို စွဲ၍ ကောင်းမကောင်းတို့ကိုသိရခြင်းသည်၊ အတိတ်ကာလက မှတ် ယူခံစားခဲ့ဘူးသောရုပ်ကိုသာစွဲ၍သိနိုင်လေသည်၊ သို့ဖြစ်၍ အ တိတ်ကာလက၊ အနုသယဖြစ်ခဲ့ဘူးသောရုပ်နှင့်၊ ပထဝီစသော အ ဋ္ဌကလာပ်ရုပ်ရှစ်ခု၊ ပစ္စုပ္ပန်ကာလ၊ ဗာဟိရရုပ်ဓာတ်နှင့်၊ အဋ္ဌ ကလာပ်ရုပ်ရှစ်ခု၊ မိမိ၏ အဇ္ဈတ္တ သသမ္ဘာရတည်းဟူသော ရုပ်နှင့်၊ အဋ္ဌကလာပ်ရုပ်ရှစ်ခု၊ သုံးဋ္ဌာနအားဖြင့် ပေါင်းသော်၊ နှစ်ဆဲ့လေး ပါးသောရုပ်တို့သည်၊ စွဲလမ်းကပ်ငြိသော နေရာဋ္ဌာန သာလျှင်၊ ဖြစ်ခြင်းသဘောရှိသည်ဖြစ်၍၊ အဋ္ဌကလာပ်ရုပ်သည်၊ {ရူပ}မိမိ၏ အာရုံစွဲလမ်းခြင်းသည်၊ {ဥပဒါန}အတိတ်က စွဲလမ်းခဲ့ဘူးသော အနုသယ၊ ပစ္စုပ္ပန်အဇ္ဈတ္တ၊ ဗာဟိရစသဖြင့်၊ အရေးအကြောင်း ထင်ခြင်း{အက္ခ}ပေါင်းရခြင်း{ခန္ဓ}ရင်းခန္ဓာသာလျှင်၊ မိမိ အာ ရုံ၊ ရေးရှုသည်ဖြစ်၍၊ အာယတနတည်းဟူသော၊{ရူပ}{ဥပါဒါန} {ခန္ဓ}{အာယတန}တို့ကိုပေါင်း၍၊ သဘောအားဖြင့် အခေါ်လွယ် စေခြင်းငှာ{ရူပုပါဒါနက္ခန္ဓာ}ဟူ၍ခေါ်သည်၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ တို့မှာ ရင်းနည်းတူမှတ်၊ ထိုခန္ဓာငါးပါးတို့နှိုက်သာလျှင်၊ အနိစ္စ ဒုက္ခ၊အနတ္တ၊ လက္ခဏာရေးသုံးပါးကို မှတ်ကြောင်းတင်၍၊ ပွါး များနိုင်သောပုဂ္ဂိုလ်တို့အား၊ ဒုက္ခသစ္စာနှင့် သစ္စာဉာဏ်ကို ပိုင်း ခြားနိုင်ရန်အကျဉ်းအားဖြင့်၊သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာဒုက္ခာဟူ

၍၊ ဓမ္မစက္ကပဝတ္တနသုတ်၌ ဟောတော်မူသည်၊ ထိုသို့ဟောတော်မူရာ၌။ သုခဟူသည်လည်း ဝေဒနက္ခန္ဓာဖြစ်သည်၊ ဒုက္ခဟူသည်လည်း၊ ဝေဒနက္ခန္ဓာပင်ဖြစ်သည်၊ ထို့ကြောင့် ထိုသုခ ဝေဒနာ ဒုက္ခဝေဒနာတို့ကို၊ ပုဂ္ဂိုလ်သတ္တဝါ ဟုမဆိုအပ်၊ ထိုသုခဝေဒနာ ဒုက္ခဝေဒနာတို့သည်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒုက္ခသစ္စာ-သံသရာ ဝဋ်တရား ဖြစ်ကုန်သည်၊ ဤသို့လည်း သတိရမူ၊ သဘောကျအောင် မှတ်၊ ၊တိမ်တိမ်နှင့် နက်သည် အရာ၊ လွယ်လွယ်နှင့် ခက်လှသည့်အရာ၊ ကမ္ဘာအဆက်ဆက် မသိနိုင် မမြင်နိုင်၊ တဆူတဆူ ဘုရားသခင် ပွင့်တော်မူမှ၊ သဗ္ဗညုတဉာဏ်တော်ဖြင့်၊ ထင်ထင်မြင်တော်မူသောကြောင့်၊ နတ်လူတို့အား၊ သနားရှေး၍။ ဒေသနာတော်ဟူသော ဖွဲ့လက်တော်ဖြင့်။ ထုတ်ဘော်ပြလားသော တရားရတနာ၊ ဥစ္စာအနှစ် ဧကံဖြစ်သည်၊ ထိုသုတော်ဥစ္စာကို ပညာရှိမှ သိနိုင်မည့်အရာဖြစ်သည်ဟူလို၊ ၊ထိုသုခဝေဒနာ-ဒုက္ခဝေဒနာတို့သည်၊ အဘယ်ကြောင့် ဖြစ်ကုန်သနည်း၊ဖဿဟူသောအကြောင်းကြောင့်၊သုခဝေဒနာ၊ဒုက္ခဝေဒနာတို့သည်ဖြစ်ကုန်သည်၊ ဖဿကား၊ အဘယ်အကြောင်းကြောင့်ဖြစ်သနည်း။ ၊စက္ခုန္ဒြိယရုပ်ပါရုံ၊ စက္ခုဝိညာဏ်၊ဤသုံးပါးကုန်သောသဘာဝတို့၏ ရပ်ခြင်းကြောင့်၊စက္ခုသံဖဿဖြစ်သည်၊ ထိုကြောင့်။စက္ခုံပဋိစ္စရူပေစ၊ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာသမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ ၊ဤသို့ဟောတော်မူသည်၊ ၊အနက်ကား၊ စက္ခုံ၊ စက္ခုန္ဒြိယဟူသော စက္ခုပသာဒကိုရင်း၊ ပဋိစ္စ၊ စွဲ၍၊ ရူပေစ၊ အဖြူအနီအစရှိကုန်သော၊ အာရုံတို့ကိုလည်း၊ ပဋိစ္စ၊ အာရုံပြု၍၊ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ် စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ တိဏ္ဏံ၊ ထိုသုံးပါးတို့၏၊ သင်္ဂတိ၊ ဆုံမိ ပေါင်းမိခြင်းကြောင့်၊ ဖဿော၊

ဖဿသည်၊ ဥပ္ပတ္တိ၊ဖြစ်၍၊ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ၊ သုခ ဝေဒနာ ဒုက္ခ ဝေဒနာ သည်၊ ဥပ္ပတ္တိ၊ ဖြစ်၍၊ ဝေဒနာ ပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်၊ တဏှာ အာရုံ-ခြောက်ပါးနှိက်၊ ပျော်ပါး တတ်သော တဏှာသည်၊ သမ္ဘာတိ၊ဖြစ်၍၊ ။ဤသို့ တဏှာဖြစ်လျှင်၊ သံသရာဝဋ္ဋဒုက္ခ၍ မူလအမြစ်ထွက်စပေါ်ဖြစ်ပြီဟုမှတ်၊ ထိုကြောင့် သတ္တဝါတို့အား၊ သမာဓိဉာဏ် အမြင် သန့်ရှင်း စေခြင်းငှါ၊ မူလပဏ္ဏာသ ပါဠိတော်ကျောက်ချပ်ရေ ၃၊ ကျောဘက်နှိက်၊ ၎င်း မူလ ပဏ္ဏာသ ပါဠိတော်နှင့် တိုက် နိုင်လျှင် ကောင်းသည်၊ ဒိဋ္ဌဓမ္မ ထင်ရှားသိစေခြင်းငှာ၊ ။ဥဇုဂတသ ဒိဋ္ဌဓမ္မအာ ဝဋ္ဋပ္ပ သာဒေန၊ သမ္မာန္သာ ဂတော အာဂတော ဣမံ သဒ္ဓမ္မန္တိ၊ ကတမာပနာ ဝုသော ဝေဒနာ၊ ကတမေ ဝေဒနာ၊ သမု ဒယော၊ ကတမော ဝေဒနာ နိရောဓေါ၊ ကတမာ ဝေဒနာ နိရောဓ ဂါမိနိပဋိပဒါတိ၊ ဆယိမေ အာဝုသော ဝေဒနာ ကာ ယာ စက္ခု သံဖဿဇာဝေဒနာ၊ ပ၊ မနောသံဖဿဇာဝေဒနာ၊ ပ၊ ဖဿ သမုဒယာဝေဒနာသမုဒယောဖဿနိယောဓေါဝေဒနာနိရောဓေါ အယမေဝအရိယောအဋ္ဌင်္ဂိကောမဂ္ဂေါဝေဒနာနိရောဓဂါမိနိ ပဋိ ပဒါ၊သေယျထိဒံသမာဓိဋ္ဌိ၊ ပ၊သမ္မာသမာဓိ၊ယတော ခေါ အာဝု သောအရိယသာဝကော၊ဧဝံဝေဒနာပဇာနာတိ၊ဧဝံဝေဒနာ သမု ဒယံပဇာနာတိ၊ ဧဝံဝေဒနနိရောဓံပဇာနာတိ၊ ဧဝံဝေဒနာ နိရော ဓဂါမိနိ ပဋိပဒါ ပဇာနာတိ၊ သောသဗ္ဗသော ရာဂါနုသယံပ ဟာယ၊ပ၊ စက္ခုသံဖဿ၊ လ၊ စက္ခာသဠာယတန၊ လ၊ နာမရူပ၊ ပ၊ ဝိညာဏ၊ ပ၊ သင်္ခါရ၊ လ၊ သဗ္ဗသောရာဂါနုသယံပဟာယ၊ ပဋိဃာ နုသယံ၊ ပဋိဝိနောဒေတွာအသ္မိ်တိ၊ ဒိဋ္ဌိမာနနုသယံ၊ သမုဟာနိတွာ အဝိဇ္ဇံပဟာယဝိဇ္ဇံ၊ဥပ္ပါဒေတွာ၊ဒိဋ္ဌေဓမ္မေဒုက္ခသန္တကရောဟော တိ၊ ဧတ္တာဝတာပိခေါအာဝုသောအရိယသာဝကောဟောတိ၊ ပ ကတမာအဝိဇ္ဇနိရောဓဂါမိနိပဋိပဒါတိ၊ ဒုက္ခေအညာဏံ ဒုက္ခသ မုဒယေအညာဏံ၊ ဒုက္ခနိရောဓေအညာဏံ၊ ဒုက္ခနိရောဓဂါမိနိ

ပဋိပဒါအညာဏံ၊အယံဝုစ္စတာဝုသော၊အဝိဇ္ဇာ၊အာသဝ သမုဒ
ယာအဝိဇ္ဇာသမုဒယော၊ အာသဝ၊ နိရောဓာ၊ အဝိဇ္ဇာနိရောဓော
အယမေဝ၊ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါအဝိဇ္ဇာနိရောဓ ဂါမိနီပဋိ
ပဒါသေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ ပ၊ သမ္မာသမာဓိ၊ ။ယတောခေါ
အာဝုသော အရိယသာဝကော၊ ဧဝံအဝိဇ္ဇံ ပဇာနာတိ၊ ဧဝံအဝိဇ္ဇာ
သမုဒယံ ပဇာနာတိ ဧဝံအဝိဇ္ဇာနိရောဓံ ပဇာနာတိ၊ ဧဝံအ
ဝိဇ္ဇာနိရောဓ ဂါမိနိံပဋိပဒံ ပဇာနာတိ၊ သော၊ သဗ္ဗသော ရာဂါနု
သယံ ပဟာယ ပဋိဃာနုသယံ ပဋိဝိနောဒေတွာ၊ အသ္မီတိ၊ ဒိဋ္ဌိမာ
နာနုသယံ သမူဟနိတွာ၊ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ ဥပ္ပါဒေတွာ ဒိဋ္ဌေဝ
ဓမ္မေဒုက္ခဿန္တကရောဟောတိ၊ဧတ္တာဝတာပိ ခေါအာဝုသောအရိ
ယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ၊ ဥဇုဂတာဿ ဒိဋ္ဌိဓမ္မေ၊
အဝေစ္စပ္ပသာဒေနသမန္နာဂတော၊ အာဂတောဣမံ၊ သဒ္ဓမ္မန္တိ၊ သာ
ဓါဝုသောတိခေါတေဘိက္ခူ၊အာယသ္မတော၊သာရိပုတ္တဿဘာ
သိတံ၊ အဘိနန္ဒိတွာ၊ အနုမောဒိတွာ၊ အာယသ္မန္တံ၊ သာရိပုတ္တံ
ဥတ္တရိပဉှံ အပုစ္ဆုံ။ သိယာပနာဝုသော အညောပိ ပရိယာယော၊
ယထာအရိယသာဝကော၊ သမ္မာဒိဋ္ဌိဟောတိ၊ ဥဇုဂတာဿ ဒိဋ္ဌိ
ဓမ္မေ၊အဝေစ္စပ္ပသာဒေနသမန္နာဂတောအာဂတောဣမံ၊ သဒ္ဓ
မ္မန္တိ သိယာဝုသော ယတောခေါအာဝုသော၊ အရိယသာဝကော
အာသဝဉ္စ ပဇာနာတိ၊ အာသဝသမုဒယဉ္စ ပဇာနာတိ၊ အာသဝနိ
ရောဓဉ္စ ပဇာနာတိ အာသဝနိရောဓ ဂါမိနိဉ္စ ပဋိပဒံ ပဇာနာတိ၊
ဧတ္တာဝတာပိ- အာဝုသော- အရိယသာဝကော သမ္မာဒိဋ္ဌိ
ဟောတိ၊ ဥဇုဂတာဿ ဒိဋ္ဌိဓမ္မေ၊ အဝေစ္စပ္ပသာဒေန သမန္နာဂ
တောအာဂတောဣမံ သဒ္ဓမ္မန္တိ- ကတမော၊ ပ ၊ နာဝုသောအာ
သဝေါကတမောအာသဝသမုဒယော၊ ကတမောအာသဝနိရော
ဓော၊ကတမာအာသဝနိရောဓဂါမိနီပဋိပဒါတိ၊ တယောမေအာဝု
သောအာသဝါကာမာသဝေါ၊ ဘဝါသဝေါ အဝိဇ္ဇာသဝေါ ဝေါအာ
ဝိဇ္ဇာသမုဒယာအာသဝသမုဒယော၊ အဝိဇ္ဇာနိရောဓာ၊ အာသဝ
နိရောဓော၊ အယမေဝအရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ၊ အာသဝ

ရောဓဂါမိနီပဋိပဒါ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ ပ၊ သမ္မာသမာဓိ၊ ယာ၊
တော ခေါ အာဝုသော အရိယသာဝကော၊ ဧဝံ အာသဝံ ပဇာနာတိ
ဧဝံ အာသဝသမုဒယံ ပဇာနာတိ၊ ဧဝံ အာသဝနိရောဓံ ပဇာနာ
တိ၊ ဧဝံ အာသဝနိရောဓဂါမိနိပဋိပဒံ ပဇာနာတိ၊ သော သဗ္ဗသော
ရာဂါနုသယံ ပဟာယ ပဋိဃာနုသယံ ပဋိဝိနောဒေတွာ အသ္မီတိ
ဒိဋ္ဌိမာနာနုသယံ သမူဟနိတွာ၊ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ ဥပ္ပါဒေတွာ ဒိ
ဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ ဧတ္တာဝတာ ပိ ခေါ၊ အာဝု
သော အရိယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ၊ ဥဇုဂတာဿ ဒိဋ္ဌိ ဓမ္မေ
အဝေစ္စပ္ပသာဒေန၊ သမန္နာဂတော အာဂတော ဣမံ သဒ္ဓမ္မန္တိ၊ ဣဒ
မဝေါစာယသ္မာ၊ သာရိပုတ္တော အတ္တမနာ တေ ဘိက္ခူ အာယသ္မ
မန္တော သာရိပုတ္တဿ ဘာသိတံ အဘိနန္ဒုန္တိ။ ။

သမ္မာဒိဋ္ဌိသုတ္တံနဝမံ၊ ။

ဟူ၍ဟောတော်မူသည့်အတိုင်း၊ ဒုက္ခသစ္စာနှိုက်၊ သစ္စညာဏ်
အားဖြင့်။ ပိုင်းပိုင်းခြားခြားသိစေနိုင်ရန်။ ရှေးဦးစွာ–သမ္မာဒိဋ္ဌိ၊ သ
မ္မာသင်္ကပ္ပနှင့်တကွ၊ ဖဿဖြစ်ခြင်း၊ ဖဿသမုဒယဖြစ်ခြင်း၊ ဝေဒ
နာဖြစ်ခြင်း၊ ဝေဒနာသမုဒယဖြစ်ခြင်း၊ အာသဝဖြစ်ခြင်း၊ အာသဝ
သမုဒယဖြစ်ခြင်း၊ အဝိဇ္ဇာဖြစ်ခြင်း၊ အဝိဇ္ဇာသမုဒယဖြစ်ခြင်း အ
စရှိသည်တို့ကို၊ ထင်ရှားဟုတ်မှန်၊ မဖေါက်ပြန်တိုင်း၊ သိစေခြင်း
ငှါ၊ သုတ်ပါထေယျပါဠိတော် ဒသုတ္တရကဏ္ဍနှိုက်။ ထိုးထွင်းသ
ဖြင့်သိနိုင်ခဲသော၊ ဒုပ္ပဋိဝိဇ္ဈာမျိုး ၅ ၅ ပါးတို့တွင်၊ သတ္တဝါတို့၏အာ
ရုံအစဉ် ဓါတ်အစဉ်ကိုပိုင်းခြား၍ဟောတော်မူအပ်သော၊ ကိုးပါး
တွဲဒုပ္ပဋိဝိဇ္ဈာနှိုက်၊ ဒုပ္ပဋိဝိဇ္ဈာ၊ ထိုးထွင်း၍ သိနိုင်ခဲကုန်သော၊
နဝဓမ္မာ၊ ကိုးပါးသော တရားတို့သည်၊ ကတမေ၊ အဘယ်
သည်တို့နည်း နဝနာနတ္တံ၊ အသစ်အသစ် ဖြစ်အပ်သော အ
ကြောင်းအကျိုးတို့တည်း၊ ဓါတုနာနတ္တံ၊ အာလောက ဓါတ်
[illegible]နှိုက် ရူပဓာတ် အဇ္ဈတ္တနှိုက်၊ သသမ္ဘာရ ထည်းဟူသော

ဝက္ခုဓါတ် အငရှိသည်တို့ကို၊ ပဒိုစ္စ၊ ဝွဲ၍၊ ဖဿနာခနတ္တံ၊ အာရုံ
ကိုတွေ့ထိခြင်းတည်းဟူသော အကျိုးဆက်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်
၏၊ ဖဿနာနတ္တံ၊ ဖဿတည်းဟူသော အကြောင်းကို၊ ပဒိုစ္စ၊
ဝွဲ၍၊ ဝေဒနာနတ္တံ၊ သုခစသော ဝေဒနာဘည်းဟူသော အကျိုး
ဆက်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ ဝေဒနာ နတ္တံ၊ သုခ စသဖြင့်၊
ခံစားအပ်သောအကြောင်းတို့ကို၊ ပဒိုစ္စ၊ ဝွဲ၍၊ သညာနာနတ္တံ၊ ရူပ
သညာစသဖြင့်၊ မှတ်အပ်သော အကျိုးဆက်သည်၊ ဥပ္ပဇ္ဇတိ
ဖြစ်၏၊ သညာနာနတ္တံ၊ ရူပသညာစသဖြင့် မှတ်အပ်သော၊ အ
ကြောင်းကို၊ ပဒိုစ္စ၊ ဝွဲ၍၊ သင်္ကပ္ပနာနတ္တံ၊ အာရုံကိုရှေးရှုကြံခြင်း၊ ဝိ
တက်တည်းဟူသောအကျိုးဆက်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ သင်္ကပ္ပ
နာနတ္တံ၊ အာရုံကို ရှေးရှုကြံခြင်း၊ ဝိတက် တည်းဟူသော အ
ကြောင်းကို၊ ပဒိုစ္စ၊ ဝွဲ၍၊ ဆန္ဒနာနတ္တံ၊ ပြုလိုသောဆန္ဒတည်းဟူသော
အကျိုးဆက်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ ဆန္ဒနာနတ္တံ၊ ပြုလိုသော
ဆန္ဒတည်းဟူသောအကြောင်းကို၊ ပဒိုစ္စ၊ ဝွဲ၍၊ ပရိဠာဟနာ နတ္တံ၊
ရူပါရုံစသည်တို့ကြောင့်၊ ပူပန်ခြင်း အကျိုးဆက်သည်၊ ဥပ္ပဇ္ဇတိ၊
ဖြစ်၏၊ ပရိဠါဟနာနတ္တံ၊ ရူပါရုံစသည်တို့ကြောင့်၊ ပူပန်ခြင်း အ
ကြောင်းကို၊ ပဒိုစ္စ၊ ဝွဲ၍၊ ပရိယေသနာနတ္တံ၊ ထိုဆန္ဒရှိသော အာရုံ
ကို ရှာမှီးခြင်းတည်းဟူသောအကျိုးဆက်သည် ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊
ပရိယေသနာနတ္တံ၊ အလိုရှိသော အာရုံကို၊ ရှာမှီးခြင်း တည်းဟူ
သောအကြောင်းကို၊ ပဒိုစ္စ၊ ဝွဲ၍၊ လာဘာနာနတ္တံ၊ လင်္လာဘ စ
သဖြင့်၊ ရအပ်သော အာရုံတည်းဟူသော အကျိုးဆက်သည်၊
ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ လာဘာနာနတ္တံ၊ လင်္လာဘစသဖြင့်၊ ရအပ်သော
အာရုံတည်းဟူသောအကြောင်းကို၊ ပဒိုစ္စ၊ ဝွဲ၍၊ ပညာ နာနတ္တံ၊
သုပဋ္ဌါဟ်း-ငါ့ပဉ္စည်းဟူ၊ အကြောင်း အကျိုးနှင့်တကွ၊ ဆုံးဖြတ်
ပိုင်းခြားနိုင်သော အကျိုးဆက်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ ဣမေနဝ
နယေန၊ ဤနည်းဖြင့်၊ သောတရေးတို့သည်၊ နုပ္ပဒိပစ္စာ၊ ထိုးထွင်း၍ သိ
နိုင်ခဲကုန်၏၊ ၊ဤကဲ့သို့အဆက်ဆက်ဖြစ်သည်ကို၊ ပုထုဇဉ်တို့
အား၊ငြင်အလိုရှိသောအာရုံကိုတောင့်တ၍၊ အငည်တပိုက်နေခြင်း

တည်းဟူသော၊ကာမသုခလ္လိကာနုယောဂ၊မိမိအလိုမရှိသောအာ ရုံကို ကြောင့်ကြ၍၊ အစဉ်တပိုက်နေခြင်းတည်းဟူသော၊ အတ္တ ကိလမထာနုယောဂ တည်းဟူသော၊ အယုတ်တရား - ၂ - ပါး ကို၊ အမြဲလေ့လာပွားများအားထုတ်ကြသည်ဖြစ်၍၊ ထိုတရား ၂-ပါးကို၊အတန်ငယ် ဖြတ်တောက်နိုင်စေခြင်းငှာ၊ ဧွမေဘိက္ခ ဝေ အနုဿာပဗ္ဗဇ္ဇိတေနနသေဝိတဗ္ဗာ ဓမ္မာ ဟူ၍၊ အရှင်ကောဏ္ဍ ညကို၊ရှေးဦးစွာ ဆုမ္မတော်မူသည်၊ ထိုဆုမ္မတော်မူအပ်သောဒေ သနာတော်ကို နာယူဆောံတည်၍၊ ထောင့်တမှု၊ ကြောင့်ကြမှုတို့ ကိုဂရုမပြုဘဲ၊ အတန်ငယ် သုံးသတ်တော် မူမိလျှင်၊ စက္ခုက ရဏီစ သည်ကို၊ ထင်ရှားမြင်စေခြင်းငှာ၊ စက္ခုံဥဒပါဒိ၊ မြင် တတ်သောတရား ထင်ရှားရှိသည့်ကို၊ မြင်နိုင်အောင် အားထုတ် တတ်သော ပုဂ္ဂိုလ်အား အမြင်ကြီးသည်ဖြစ်၍၊ စက္ခုကရဏီစ သည်ဖြင့်၊ဒိဗ္ဗစက္ခုနှင့်တကွ၊ဒုပ္ပဋိဝိဇ္ဈာမျိုး ၅၅ပါးတို့ကို၊ထိုးထွင်း ၍မြင်နိုင်ခြင်း၊ ဒုပ္ပဋိဝိဇ္ဈာကိုမြင်သဖြင့်၊ မိမိအလိုအတိုင်းမပြည့်မုံ နိုင်သော၊ အဝိဇ္ဇာကို ပယ်ဖျောက်နိုင်စေခြင်းငှာ၊ အရင်းအမြစ် ဖြစ်သော၊ အာသဝနှင့်တကွ၊ ထင်ရှားသိစေခြင်းငှာ၊ ညာဏကရ ဏီစသဖြင့်၊ ညာဏံဥဒပါဒိ၊သိတတ်သော တရားထင်ရှားရှိသည် ကို၊ သိနိုင်အောင် အားထုတ်တတ်သော ပုဂ္ဂိုလ်အား၊ အသိ ညာဏ်ကြီးသည်ဖြစ်၍၊ ဤကားဒုက္ခမှန်သည်၊ ဤကားဒုက္ခ၏ အ ရင်းမူလမှန်သည်၊ ဤကားဒုက္ခ၏ငြိမ်းရာမှန်သည်၊ ဤကားဒုက္ခ ငြိမ်းအောင် ကျင့်ခြင်းမှန်သည်ဟု မဖေါက်မပြန် အမှန်သိသ ဖြင့်၊ အတိတ်ကာလ၊ အနာဂါတ်ကာလတို့ကို၊ မသုံးသတ်မူ၍၊ အလယ် ဗဟိုရ်ဖြစ်သော၊ ပစ္စုပ္ပန်ကာလနိုက်၊ မကြောင့်ကြ၊ မတောင့်တ၊ မတွေးဆောသည်ဖြစ်၍၊ မဇ္ဈိမပဋိပါဒ်အကျင့်နှင့် တကွ၊ အဏ္ဏတ္တဗာဟိရတို့နိုက်၊ ထင်ရှားရှိသည်ကို၊ မြင်အောင် ကြည့်တတ်သောအကျင့်ကို၊ကျင့်နိုင်သောပုဂ္ဂိုလ်အား၊ သသမ္ဘာ ရစက္ခု၊ ပသာဒစက္ခုတို့ထက် အမြင်ကြီးသော၊ ဓမ္မစက္ခုရသည့် ဖြစ်၍၊အရှင်ကောဏ္ဍညမထေရ်သည်၊ ရှေးဦးစွာ သောတာပတ္တိ

မဂ်နှိုက်တည်တော်မူသောကာလ၊ စက္ခုဓမ္မ၊ ဉာဏဓမ္မ၊ ပညာဓမ္မ၊ ဝိဇ္ဇာဓမ္မ၊ အာလောကဓမ္မ တည်းဟူသော ဓမ္မ၏ သဘာဝ၊ အပေါင်း-၅-ပါးနှိုက်သာလျှင်၊ အာရုံပြုတော်မူသဖြင့် မြင်တော်မူသည်၊ ဒဿနဋ္ဌအတ္ထ၊ ဉာဏဋ္ဌအတ္ထ၊ ပဇာနနဋ္ဌအတ္ထ၊ ပဋိဝေဓဋ္ဌအတ္ထ၊ ဩဘာသနဋ္ဌအတ္ထ၊ တည်းဟူသော၊ မှားသဖြင့် စွဲလမ်းသော အတ္ထသဘာဝ ၅ ပါးတို့ကို ပယ်ဖြောက်သဖြင့်၊ ဓမ္မသဘာဝ- ၅-ပါးကိုသာလျှင်၊ ထင်ရှားမြင်သဖြင့်၊ ဓမ္မစက္ခုံ ဥဒပါဒိစသဖြင့် ဓမ္မစက္ခုကိုရတော်မူသည်၊ဤကဲ့သို့ ဓမ္မသဘာဝ ၅-ပါးတို့နှိုက်၊ အတ္ထ သဘာဝ၊ ၅-ပါး၊ မစွဲလမ်းခြင်းငှာ၊ သဗ္ဗဓမ္မာအနတ္တာဟူ၍ ဟောတော်မူသည့်အတိုင်း၊ဓမ္မသဘာဝ ၅-ပါး၊ အတ္ထသဘာဝ၊ ၅-ပါးတို့နှိုက်၊ လိမ္မာသော ပုဂ္ဂိုလ်တို့အား၊ ဟောတော်မူသည်နှင့်တပြိုင်နက်၊ မိမိ၏ အတ္တဝါဒုပါဒါန်ကို၊ အကြွင်းမဲ့ချုပ်ပြစ်နိုင်သောပုဂ္ဂိုလ်ကို၊ ဥဃ္ဃာတိတညုပုဂ္ဂိုလ်ဟူ၍ ခေါ်သည်၊ ဤခဲ့သို့၊ ဓမ္မသဘာဝ၊ ၅ ပါး၊ အတ္ထသဘာဝ ၅-ပါးကို ဟောတော်မူရုံမျှ နားမလည်မသိနိုင်သော ပုဂ္ဂိုလ်တို့ကို၊ ရုပ်ဝေဒနာသညာသင်္ခါရ ဝိညာဏ်စသဖြင့်၊ ခန္ဓာ-၅-ပါးနှင့် တကွအစိတ်စိတ်ခွဲချမ်းဝေဘန်၍၊ ဟောတော်မူမှသာလျှင်၊ မိမိ၏ ဥပါဒါန်ကို အကြွင်းမဲ့ချုပ် ပြတ်နိုင်သော ပုဂ္ဂိုလ်ကို၊ ဝိပဉ္စိတညုပုဂ္ဂိုလ်ဟူ၍ ခေါ်သည်၊ ဤခဲ့သို့ခွဲချမ်း၍ ဟောတော်မူရုံမျှနှင့်၊ နားမလည်နိုင်သော ပုဂ္ဂိုလ်ကို၊ တောအရပ် သစ်ပင်ခုံး ဆိပ်ငြိမ်ရာ အရပ်တို့နှိုက် ကပ်ပြီးလျှင်၊ ထက်ဝယ်ဖွဲ့ခွေ၍ မိမိရှေ့ရှုအာရုံပြုရာနှိုက် ထင်ရှားရှိသည်ကို၊ စေ့စေ့ကြည့်ရှု၍ နေခြင်းသည်၊ ကမ္မဋ္ဌာန်းစီးဖြန်းသောယောဂီ ပုဂ္ဂိုလ်ဟူ၍ ခေါ်သည်၊ ဤခဲ့သို့ စေ့စေ့ကြည့်၍ ထင်ရှားရှိသည်မှာ၊ မြေ၊ ရေ၊ မီး လေ၊ ညိုပြာမည်းမှောင်သောအဆင်း၊ရွှေဝါသောအဆင်း၊ နီမြန်းသောအဆင်း၊ ဖြူသောအဆင်း၊ မရောနှောသော အပိုင်းအခြား၊ အချောင်အလင်းတည်းဟူသော၊ ဤဆယ်မျိုးမှ တပါး၊ မြင်ဘွယ်ကိုယ့် အမှုမရှိသည်ဖြစ်၍၊ ထိုမြင်အပ်သော၊ အမှုပြုခြင်း၊ ကမ္မ၊

မွေ့လျော်ရှုရာအရပ်သည်၊ ဠာန၊သဘောနှစ်ခုကို ရောနှော၍၊ ကမ္မဋ္ဌာန ဆိုလိုလျက်၊ အခေါ်လွယ်စေခြင်းငှာ၊ ကမ္မဋ္ဌာန်းဟူ၍ ဆိုသည်။ ထိုကမ္မဋ္ဌာန်းစီးဖြန်း၍၊ ဂေါစရဘောဒနိုက်၊ လိင်္ဂါသဖြင့်၊ ပဒို သတိမဂ္ဂါယ၊ ဉာဏမဂ္ဂါယ၊ အဖြစ်သို့ရောက်ကုန်၍၊ ထိုပဒို သတိမဂ္ဂါယ၊ ဉာဏမဂ္ဂါယ ပုဂ္ဂိုလ်သည်။ သမုဒယ ဓမ္မာ {၅}ပါး၊ဝယဓမ္မာ{၅}ပါး၊ထင်ရှားမြင်သဖြင့်၊အဂ္ဂတိဝါ ၅ပါး၊ အဂ္ဂနိယဉ္စိဝါ-၅-ပါးကိုဖွဲ့လမ်းခြင်း။ လွတ်စေခြင်းငှာ၊ ကျင့် ဆောင်၍ ယူရသော ပုဂ္ဂိုလ်တို့သည်၊ နေယျပုဂ္ဂိုလ်ဟူ၍ခေါ် သည်၊ ဤဆိုအပ်ခဲ့ပြီးသော၊ ဥဃ္ဃာတိတညု၊ ဝိပဉ္စိတညု၊နေယျ ပုဂ္ဂိုလ်သုံးမျိုးတို့မှာ၊ ၊အမတော ဂတံနိဗ္ဗာနံ ပရိယောသာန ဓမ္မေန ဓမ္မာ တံဓမ္မံ ပဝတ္တေတီတိ ဓမ္မစက္က ဟူ၍ ဟောတော်မူ သည်နှင့်ညီစွာ၊ ၊ကာမရူပ၊ အရူပဟူ၊ မူလဖြစ်ရာ၊ အမြစ် ရှားသော်၊ ခြင်းရာထုတ်အပ်၊ မဂ္ဂပါဠိ၌၊ ရုပ်ခေတ်နာမ်ရု၊ အ ကြောင်းပြုကား၊ စက္ခုဉာဏ၊ပညာဝိဇ္ဇာ၊အာလောကာနှင့်၊ ဓမ္မာ စက္က၊ ပဝတ္တနိုက်။ဝဋ်စဖြစ်လာ ကြောင်းခြင်းရာမူ။အာလောက ခေတ် စက္ခုခေတ်နှင့်၊ရုပ်ခေတ်မနော၊ သဘောလေးခု၊ အကြောင်း ပြု၍၊သမုဒယ၊ယင်းကစလျက်၊အဂ္ဂတွေးတော၊ငါ မြင်သောဟု၊ မနောဝိညာဏ်၊ကြံမိပြန်သျှင်၊ပြင်းထန်အာသဝ၊ ခြောက်ဒွါရနိုက် ဖြစ်ထကျိုးကြောင်း၊ မသိရှောင်းသော်၊ နောက်နှောင်း ဖြစ်လို၊ ခန္ဓာကိုယ်ဝယ်၊ ထိုထိုဝေဒနာ၊ တောင့်တ ပါလျက်၊ ကာမာ သဝ၊ ၊ဖြစ်ခုစေ့ငှာ ပြုလုပ်ရာတွင်၊ ဘဝါသဝ၊ ၊မကြောင့် ကြရာ။ကြောင့်ကြရှာသည်၊ဒိဋ္ဌာသဝ၊မြင်မှားတွေ့လျက်၊ ၊သုခ ဒုက္ခာ၊ ကြောင်းနှစ်ဖြာကို၊ ကောင်းစွာမသိ၊ သတိမထား၊ တရား ဓမ္မ၊ငါးဌာနကို၊ မချမမြင်၊ လင်းမရှဉ်၍၊ ဖြစ်ချင်ခါခါ၊ ကပ်ညီ လာသော်၊အဝိဇ္ဇာသဝ၊ ၊လေးဌာနကို၊ နေ့ညဒလဟော၊ အာ သဝေါနှင့်၊ မျောပါးလေကြ၊ ယုံမှားတွေ့၍၊ သံသရာစက်၊ ဖြစ်ပျက် ရုပ်နာမ်၊ အဘန်ဘန်နှင့်၊ လမ်းမှန်မရ၊ ရှိနေကြရာ၊ ဝေနေယျာကို မြတ်စွာသုံးလူ၊ သဗ္ဗညုသည်၊ စက္ခုဓမ္မ၊အခရင်းစ၍၊အာတုလပိတ်

တုလစိတ်နှင့်၊ ဓမ္မိသာရ၊ လောကသဏ္ဍာ၊ စောမြတ်စွာသည်။ ဦးစွာပဌမ၊ ကောဏ္ဍညကို၊ ဓမ္မစက္ခု၊ ရစေမှုဖြင့်၊ ယခု ပဝတ္တိ၊ ထင်လင်းရှိသည်၊ မြင်သိမှတ်ထား၊ ခံစားဓမ္မ၊ သဘာဝကို၊ အဏ္ဏ စွဲဘင်၊ ဝိညာဏ်ရှည်၍၊ ငါမြင် ငါသိ၊ ငါမှတ်မိဟု၊ ငါရှိခံစား။ စွဲလမ်းမှားသော်၊ ဖြစ်ပွားဒုက္ခ၊ ရှစ်ဌာနကို။ ဓမ္မငါးမည်၊ အရင်း မှီ၍၊ တည်ကြည်မိုင်းခြား။ သံကြောင်းထားလျက်၊ ညာဏ် အား ဆင်ခြင်၊ { ဒုက္ခသစ္စာ } ထို့ပြင်နေခင်ဘို့။ တဏှာတ်ကို၊ မြူသို့ မဘာပ်၊ ရုပ်ဓာတ်-နာမ်ဓာတ်၊ နှစ်ပါးပြတ်အောင်၊ အဏ္ဏကိုပယ်၊ ခင်တွယ်မရှိ၊ စင်ကြယ်သိသော် { ဒုက္ခသမုဒယသစ္စာ } သန္တိ ကဘာ၊ မြတ်ညာဏကို၊ ရကြစေနေ၊ ပဌပ္ပါနိုက်၊ မိဌာန်ရှုမြောက် မျက်မှောက်ပြုရာ၊ ငါးဖြာဓမ္မ၊ နိရောဓကို၊ လုလ္လကြိုးကုတ်၊ အ ထုတ်၍ { ဒုက္ခနိရောဓသစ္စာ } ဝိမုတ္တိဓာတ်၊ ဒုသာမြတ်ကို၊ အဏ္ဏ စွဲခါ၊ ခံစားရာသည်၊ ငါးဖြာဓမ္မ၊ ပစ္စုပ္ပသား၊ ညာဏ ပညာ၊ ဝိဇ္ဇာအာလောက၊ သဘာဝကို၊ ဒိဋ္ဌသိမြင်၊ ပွားကြောင်းဆင်၍၊ မဂ္ဂင်ရှစ်ပါး၊ အကျင့်များကို၊ သုံးပါးခန္ဓ၊ သီလသမာ၊ ပညာ ဆုံးဖြတ်၊ ဝိမုတ်ချုပ်ဟု၊ တတ်အင်သိစေ၊ ဟောကြား လေသော်၊ မြေခုလောကဓာတ်၊ သုံးသုံခတ်လျက်၊ ထက်ရပ်မိုးခွင်၊ ဝဲ့တင် ကြေညာ၊ ပြဟ္မာလူနတ်၊ ကျင့်အပ်သမှု စကျူကရုဏာ၊ ဆောက် တည်နိဗ္ဗ၊ ညာဏကာ:ဏ၊ နှစ်လီဓမ္မ၊ သဘာဝကို၊ နေ့ညမလပ်၊ ကျင့်လေတတ်က၊ မြတ်သုန္မေ။ စိုးထိပ့်ဟူ၍၊ သုံးလူ့ထွန်ထား၊ ပ်နိုတော်ကြားသည်၊ ၊တရားဓမ္မ ကြော်သော်၊ ၊ { ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ }၊ ၊ထို ဆိုအပ်ခဲ့ပြီး သော၊ ဥဿာတိတည၊ ဝိဘင်္ဂတည၊ နေယျပုဂ္ဂိုလ် သုံးမျိုး တို့မှ တပါး၊ အခြေပါဒက၊ သဘောသဘာဝ ကျင့်ထုံး ကျင့်နည်းတို့ ကို၊ နားမလည်နိုင်သေးသောပုဂ္ဂိုလ်တို့မှာ၊ ထိုအခြေပါဒက မှ ကိုပင်၊ အလေးအမြတ်ပြုကြသည်ဖြစ်၍၊ ပဒပရမ ပုဂ္ဂိုလ်ဟူ၍၊ ခေါ်သည်၊ ထိုပဒပရမ ပုဂ္ဂိုလ်မျိုးတို့သည်၊ အခြေပါဒက စေ ခြင်းဌာ၊ မဂဓဘာသာ၊ သီဟဠဘာသာ၊ မြန်မာဘာသာ ပေါရာ

ဏာဘာသာ၊ ဝေါဟာရဘာသာစသဖြင့်၊ပညပ်သော ဘာသာထူး ဘာသာကွဲ့တို့ကို၊ သင်အံ လေ့ကြက် ဆောင်ရွက် ပြီးသျှင်၊ သဘောသဘာဝ ယထာဘူတကိုရကြစေခြင်းငှာ၊ ၊မောနေန မုနိဟောတိ၊ မုဠ္ဌရူပေါအဝိဒ္ဒသု၊ ယောစတုလံဝပဂ္ဂယှ၊ ဝရမာဒါယပဏ္ဍိတော၊ ၊ပါပါနိပရိဝဇ္ဇေတိ၊ သမုနိတေနသော မုနိ ယောမုနာတိ၊ ဥဘောလောကေ မုနိတေနပဝုစ္စတိ၊ ၊ဓမ္မပါဒ ပါဠိတော်မှာ၊ ၊ဓမ္မပါဒပါဠိတော်ညွှန်လျှင်၊ ဓမ္မ၏သဘာဝ-၅ ပါးတို့ကို ထင်စေ မြင်စေလိုသည်ဖြစ်၍၊ ဟောတော်မူအပ်သော အခြေပါဒဟူ၍မှတ်၊ အဘွာသဘာဝ - ၅-ပါး၊ စွဲးလမ်းအားကြီး သောပုဂ္ဂိုလ်မျိုးတို့ကို- ဆုမ္မတော်မူအပ်သော ဒေသနာတော်မျိုး တို့တည်း။ ။မောနေန၊ ဆိပ်ဆိပ်နေကာမျှဖြင့်၊ မုဠ္ဌရူပေါ၊တွေ ဝေသော သဘောရှိသည်ဖြစ်လျှက်၊ အဝိဒ္ဒသု၊ အသိပညာမရှိဘဲ လျက်၊ မုနိ၊မုနိမည်သည်၊ နဟောတိ၊မဖြစ်၊ ယောစပဏ္ဍိတော၊ အကြင်ပညာရှိသည်၊ တုလံ၊ ချိန်ခွင်၊ ပဂ္ဂယှ၊ ချီ၍၊ ဋ္ဌိတောဏ္ဍဝ၊ တည်သောသူကဲ့သို့၊ ဟုတ္တာ၊ဖြစ်၍၊ ဝရံ၊ မြတ်သော၊ သီလက္ခန္ဓ စသောကျေးဇူးကို၊ အာဒါယ၊ ယူ၍၊ ပါပါနိ၊ မကောင်းမှုတို့ကို။ ပရိဝဇ္ဇေတိ၊ကြဉ်၏။ သောပဏ္ဍိတော၊ ထိုပညာရှိသည်၊ မုနိ၊ မုနိမည်၏၊ တေန၊ အဘယ်ကြောင့်၊ မုနိ၊မုနိမည်သနည်း{ထည့်} တေန၊ ထိုဆိုအပ်ခဲ့ပြီးသော မကောင်းမှုတို့မှ၊ ရှောင်ကြဉ်ခြင်း တည်းဟူသောအကြောင်းကြောင့်၊ သောပဏ္ဍိတော၊ ထိုပညာရှိ သည်၊ မုနိ၊မုနိမည်၏၊ ယော၊ အကြင်သူသည် လောကေ၊လော ကနှိက်၊ ဥဘော၊ နှစ်ပါးသော၊ အဇ္ဈတ္တိက ဗဟိဒ္ဓ၊ ပစ္စုပ္ပန် သံသရာ၊ လောကီ လောကုတ္တရာ အကျိုးအကြောင်းတို့ကို၊မုနာ တိ၊သိ၏၊ တေန ထိုအကြောင့်လည်း၊ မုနိ၊မုနိမည်၏။ ပဝုစ္စတိ၊ ဆိုအပ်၏၊ ၊ပါဠိတော်အရ၊အာဂါရမုနိ၊အနာဂါရမုနိ၊ သေက္ခ မုနိ၊ အသေက္ခမုနိ၊ ပစ္စေကမုနိ၊ သမ္မာသမ္ဗုဒ္ဓမုနိ၊ ခြောက်မျိုးတို့ တွင်၊အမျိုးမျိုးပိုက်ပျိုးလိုသောပုဂ္ဂိုလ်တို့ အခြေပါဒကခုစေခြင်း ငှာ၊ လုပ်ဆောင်တည်ထွင်ရန်၊ကမ္မဋ္ဌာနကိစ္စနှိက်၊ ယုံမှားသံသရ

ရှင်းစေခြင်းငှာ၊ တိဟိတ် ဟုတ် မဟုတ်၊ ရှုးစမ်းရန် အချက်မှာ၊ ကံုယ်ဗိတ်နှစ်ပါးပေါင်းစည်းသော၊ ကောယနလမ်း၊ မဟာသတိပဋ္ဌာန ပါဠိတော်နိုက်၊ စက္ခုစ၊ မိမိ၏၊ သသမ္ဘာရစက္ခုပသာတစက္ခုကိုလည်း၊ ပဇာနာတိ၊ သိ၏၊ ရူပေစ၊ ပဉ္စုပ္ပန်ဗာဟိရဝဏ္ဏရုပ်ကိုလည်း၊ ပဇာနာတိ၊ သိ၏၊ တဒုဘယံ၊ ထိုစက္ခုဓာတ် ရူပဓာတ်ဘို့ကို၊ ပဋိစ္စ၊ စွဲ၍၊ ယဥ္စသံယောဇနံ၊ အကြင်တောင့်တခြင်းနှင့် ရှဉ်သော ကာမရာဂ သံရောဇာန်။ ကြောင့်ကြခြင်းနှင့် ရှဉ်သော ဗျာပါဒသံယောဇာန်စသော။ သံယောဇာန်ဆယ်ပါးသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ တဥ္စ၊ ထိုသို့ သံယောဇာန်ဖြစ်ကြောင်းကိုလည်း၊ ပဇာနာတိ၊ သိ၏၊ အရှေ့သဖြင့် ပဝတ္တိ၊ မျက်မှောက်၊ ပစ္စုပ္ပန်ကာလ၌၊သိခြင်း-၃-မျိုး၏အကြောင်း၊{တိဟေတုက}အစဉ် ၃-မျိုးကို{ပဋိ}စပ်ခြင်း-၃-မျိုးကို{သန္ဓေ}ဟူ၍၊ ပဝတ္တိမျက်မှောက်၌၊ ဒုက္ခသစ္စာကိုပိုင်းခြားနိုင်ရန်၊ ဓမ္မစက္ကပဝတ္တနသုတ်ကို၊ ရှေးဦးစွာ ဟောတော်မူဥ်ကပင်၊ဤသတိပဋ္ဌာန်ပါဠိတော် လေးပါးထင်ရှားပါသည်ကိုသတိမမူကြသဖြင့်၊ ပဝတ္တိပစ္စုပ္ပန်ကာလကို၊မသုံးမူ၍၊ အတိတ်ကာလ၊ အမိဝမ်း၌၊ ဂဗ္ဘဝါက္ကန္တိတို့ကို၊ တွေးတောကြံစည်ခြင်းသည်၊ များသော သဿတဒိဋ္ဌိဝါဒဟူ၍မှတ်၊ အဘယ်ကြောင့် နည်းဟူမူ၊ ၊သံဂီတိသုတ်ပါဠိတော်၌၊ ၊ေတဿာဝက္ကာဝက္ကန္တိယော၊ ဇာဓာဝုသော ကေစ္စောအသမ္ပဇာနောမာတု ကုစ္ဆိံ ဩက္ကမတိ၊ အသမ္ပဇာနောမာတုကုစ္ဆိံ ဌိ ဌာတိ၊ အသမ္ပဇာနော မာတုကုစ္ဆိမှာနိက္ခမတိ၊ အယံပဌမာဂဗ္ဘာဝက္ကန္တိ၊ပုနစပရံအာဝုသော၊ ဇာဓကေစ္စော သမ္ပဇာနောမာတုကုစ္ဆိံ ဩက္ကမတိ၊အသမ္ပဇာနောမာတုကုစ္ဆိံ ဌိ ဌာတိ၊ အသမ္ပဇာနောမာတု ကုစ္ဆိမှာနိက္ခမတိ၊ အယံ ဒုတိယာ ဂဗ္ဘာဝက္ကန္တိ၊ ပုနစပရံအာဝုသော၊ဇာဓကေစ္စောသမ္ပဇာနော၊ မာတုကုစ္ဆိံ ဩက္ကမတိ၊ သမ္ပဇာနော မာတုကုစ္ဆိံ ဌိ ဌာတိ၊ အသမ္ပဇာနော မာတုကုစ္ဆိမှာနိက္ခမတိ၊ အယံတတိယာဂဗ္ဘာဝက္ကန္တိ၊ ပုနစပရံအာဝုသော ဇာဓကေစ္စောသမ္ပဇာနော မာတုကုစ္ဆိံ ဩက္ကမတိ၊သမ္ပဇာ

နော မာတုကုစ္ဆိံ သမ္ပဇာနော မာတုကုစ္ဆိမှာနိက္ခမတိ၊ အယံစတုတ္ထာဂဗ္ဘာဝက္ကန္တိ၊ ၊ဟူ၍ဟောတော်မူသည်နှင့်အညီ၊ ရှုဥမောဟကာလဖြစ်၍၊ ပစ္ဆိမ ဘဝိက ဖြစ်တော်မူကြကုန်သော၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၊ အလောင်းတော် များမှသာလျှင်၊ ရတိကာလ၊ ပဋိသန္ဓေကာလ၊ ဇာတိ ကာလ တို့ကို သိတော်မူနိုင်သည်၊ ပစ္စေက ဗောဓိမှာ၊ ရတိ ကာလ၊ ပဋိသန္ဓေကာလ နှစ်မျိုးသာ သိနိုင်သည်၊ အဂ္ဂသာဝက များ မှာ၊ ရတိကာလသာသိနိုင်သည်၊ပဋိသန္ဓေတည်ဆဲဖွားဆဲ အခိုက်မသိကြွင်းသော သာဝကတို့မှာ၊ သုံးဌာနစလုံး မသိနိုင်သေး၊ ဤမျှနှင့် မကြေနိုင်သေးလျှင်၊ သံယုတ်ပါဠိတော်၌၊ ပံသု ကုလိကပြဋ္ဌာဖြစ်သော၊ပိယင်္ဂရမာတာ၊ဥတ္တရမာတာ၊ပုနပသုမာတာ တို့၏၊ ဝတ္ထုသက်သေသာဒကတို့ကိုရင်း၊ သောရေယျ သူဌေးသား၊ မာတာဝလုလင်၏၊ဂဗ္ဘာသေယဥပပတ္တိ၊ဇာတ္တိဘာဝ ပုံးဘာဝတို့၏ဖြစ်ဟန်ပျက်ဟန် သဘောသဘာဝတို့ကို ယူဆောင်၍၊ အကျိုးအကြောင်းနှင့်တကွ သုံးသတ်ဆင်ခြင်တော်မူကြပါလေကုန်၊ ၊

သို့ဖြစ်၍၊ မိမိကိုယ်ကို၊တိဟိတ်ဟုတ်မဟုတ်၊အမှန်သိဘို့ ရှုစမ်းရန်အချက်မှာ၊ ကိုယ်စိတ်နှစ်ပါးကိုပေါင်း၍၊ တခုတည်းသော အမှတ်နိမိတ်ကို၊ စေ့စေ့ကြည့်၍ ဖွဲ့ချဉ်လေ၊ သိခြင်းသုံးမျိုးနှင့် တကွ၊ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်သုံးမျိုး အနက်တွင်၊ ရှေးဦးစွာမိမိတို့ပကတိအာရုံ{၆}ပါးတို့၌၊ မြင်သဖြင့် မှတ်ခြင်း၊ ကြားသဖြင့်မှတ်ခြင်း၊ နံသဖြင့်မှတ်ခြင်း၊ လျက်သဖြင့် မှတ်ခြင်း၊ တွေ့ထိသဖြင့်မှတ်ခြင်း၊ ညွတ်သဖြင့် မှတ်ခြင်းဟု ဆိုအပ်သော၊ နာနတ္တသညာ{၆}မျိုးတို့ကို၊ အလုံးစုံ မဖြစ်စေမူ၍၊ တခုတည်းသောအာရုံကိုပြုအပ်သော၊ပရိကမ္မနိမိတ်၌ရှေးဦးစွာသညာနာနတ္တစရိုက်အတိုင်း၊ နှသုံးသွေးရောင်ပေါ်လာမြဲ၊ ၎င်းနောက် ပြန့်လွင့်ပြေးသွားသောမောဟစိတ်၊ အတန်ငယ်ဘိတ်သဖြင့်၊ ကြည်ထင်သောစိတ်နှင့်တကွ၊ ဥဂ္ဂနိမိတ်၌ဖြူစင်သော ဩဒါတဖြစ်ပေါ်လာမြဲ၊၎င်းနောက်၊ သမ္မကပညာဖြင့်၊ လောဘ၊ ဒေါသ၊ မောဟ အ

တန်ငယ်ငြိမ်သက်သဖြင့်။ပဋိဘာဂဟုဆိုအပ်သော ဩဘာသဖြစ်
ပေါ်လာမြဲ၊ဤဆိုအပ်ခဲ့ပြီးသော သိခြင်း ၃ မျိုးတို့ကို အသေအချာ
သိမြင်ထင်လျှားသူတို့မှာ၊အကြောင်းသုံးပါးကိုစွဲ၍၊တိပဟေတုက
သိခြင်းသုံးမျိုးတို့ကိုစွဲ၍ ညာဏဟူ၍၊မာဂဝေဘာသာနှင့် ခေါ်ဝေါ်
သမုတ်ကြသည်၊ဤဆိုအပ်ခဲ့ပြီးသည်အတိုင်း၊အကြောင်းသုံးမျိုး
ကိုစွဲ၍ သိသောသူကို၊ တဒင်္ဂသုည၊ ခဏသတ္တိပဋ္ဌပြုါန်ကာလ၊
ကာမာဝစရသမာဓိ၊ တိဟိတ်ညာဏ်ကိုရသောသူ ဟူ၍မှတ်၊
အထူးသိရန်အချက်မှာ၊ မိမိ၌ပျင်းရိသောစိတ်ကို၊ သို့ဖက်ဖုံးဘိမှု
ကြောင့်၊ သမြဟူ စရိယအကုပ္ပတ္တိစေတောဒ်လာ၊မြတ်သော အ
ကျင့်နှင့် ဆန့်ကြင်သည် ငြောင့်ပူးသကဲ့သို့၊ တွန့်သောစိတ်များ
တတ်သည်၊ဝိစိကိစ္ဆာ၊ လွှမ်းမိုးအုပ်ရိုး၍အားထုတ်ခြင်းပယ်
သော သိကြွေကာခ်တိ၊ ငြောင့်ပူးသဖြင့် အကျိုး ယုတ်တတ်သည်
ဤအရာနိုက်၊ငြောင့်ဆိုသည်ကား၊ ပကတိသောမိမိတို့၏ ကိုယ်
သန္တာန်၌၊ပူးဝင်ထိပါသော သူးငြောင့်တို့ကို၊မနုတ်နိုင်သမျှ ကာ
လပတ်လုံး၊ တပါးသောပြုဘူယ်ကိစ္စကို ဆောင်ရွက်သော အခါ
သို့ စိတ်မတည်မှု၍ ငြိနိုက်ပူးရှိသော သူးငြောင့်နေရာသို့သာ
လျှင်၊ ခဏခဏ စိတ်ရောက် တတ်သည်၊ ဤအတူ၊ မိမိ၏ နှ
မိတ်-၃-ဌာနနိုက်၊ မတည်နိုင်မှု၍၊ ပျင်းရိသော စိတ်၏ နောက်
သို့သာလျှင်၊ ခဏခဏ ထွက်ပြေးသည်ဖြစ်၍၊ မိမိ စိတ် တည်
ငြိမ်ခွင့်မရသဖြင့်၊ ပကတိသော စိတ်နှင့်၊ နေ့ကုန်ရက်များ၍ တ
ရား၊ အားမထုတ်သောပုဂ္ဂိုလ်ဘို့ကို၊ ဆုန္ဒတော် မူခြင်းဌာ၊ ၊
ယောဝဝဿသတံဇီဝေ၊ ကုသီတောဟ်နှင်ရိယော၊ ဧကာဟံဇီ
ဝိတံသေယျော၊ ဝိရိယာရဘ္တောဒဠှံ၊ ၊ယောဇ၊ အကြင်သူ
သည်ကား၊ ကုသိတော၊ ပျင်းရိသည်ဖြစ်၍၊ ဝဿသတံ၊ အနှစ်
တရာပတ်လုံး၊ ဇီဝေ၊ အသက်ရှည်ငြားအံ့၊ နသေယျော၊ မမြတ်၊
ဒဠှံ၊မြဲစွာ၊ဝိရိယာရဘ္တော၊တရားဘို့၊အားထုတ်သော ပုဂ္ဂိုလ်၏၊
ဧကာဟံ၊ တခုက်မျှ၊ ဇီဝိတံ၊ အသက် ရှည်ခြင်းသည်၊ သေ
ယျော၊ မြတ်၏၊ ၊ဟုဝမ္မပေါ်ပါး၏ အခြင်း၊ အားထုတ်စေ

ခြင်း၄၁၊ ဓမ္မပါဒ -ပါဠိတော်၊ သဟာသဝဂ်နိုက် ဟောတော် မူ သည့်အတိုင်း၊ လောကနိုက် ယခုထင်ရှားရှိသဖြင့်၊ အာလောက ဓမ္မဟု ဆိုအပ်သော၊ အရောင် အလင်းရှိသည်ကို၊ အမိဝမ်းက ကျွတ်သည့်နေ့မှစ၍၊ သိပါလျက်နှင့်။ ထိုထင်ရှားသော အလင်း ကို မမြင်နိုင်မူ၍၊ မိမိအလိုရှိသော အာရုံနောက်သို့၊အစဉ်တစိုက် လိုက်သဖြင့်၊ ပကတိကန်းသော မျက်စိနှင့်သာ နေရှာ ကြရသည် သို့ဖြစ်၍၊ဤကန်းလှစွာသော သတ္တဝါတို့အား၊သနားတော်မူလှ၍၊ လောကနိုက် ထင်ရှားရှိသော အရောင် အလင်းကို၊ မြင်တတ် ကြည့်တတ် ရှုတတ်စေခြင်းအကျိုး၄၁၊ ဂေါစရဘောဒနှင့် တကွ၊ မိမိ၏ ဥပါဒါန်ကို၊ မှန်မှန် ကန်ကန် ကျက်စားတတ်စေခြင်း၄၁။ ဘာဝေတဗ္ဗမျိုး-၅၅-ပါး၊ သမထ၏ ပရိကမ္မနိမိတ်မျိုး-၄၀-တို့ တွင်၊ တခုခု၌ မိမိစိတ်ကို ဘွဲ့ချည်၍၊ အစဉ်ပြုမှတ်ရခြင်း ပရိ ကမ္မနိမိတ္တ အစဉ် ဘွဲ့ချည်၍ မြဲစွဲးသဖြင့်။ ၎င်း အမှတ်၏ အ တွင်းနိုက်၊ မိမိစိတ် တည်တန့်နိုင်ခြင်း - ဥဂ္ဂဟနိမိတ္တ၊ မိမိစိတ် တည်နိုင်သဖြင့်၊ မိမိအာရုံပြုရာ ရှေ့အတို့၌၊ ထင်ရှားရှိသော အ ရောင်အလင်းကို မြင်ရ၊ကြည့်ရ၊ရှုရခြင်းသည်၊ ပဋိဘာဂနိမိတ္တ ဟူ၍၊ မိမိ၏ ဥပါဒါန်ကျက်စားရာတို့၌၊ မှန်မှန်ကန်ကန် အားထုတ် တည်ကြည်နိုင်သောစိတ်သည်၊ ဥပစာရ၊သမာဓိဟူ၍ ခေါ်သည်၊ ထိုခဲ့သို့၊ ဥပစာရသမာဓိမျှလောက် ဖြစ်သော အရောင်အလင်း အာလောကဓမ္မကိုမျှ၊ မသိ၊ မမြင်၊ မရှု၊ မကြည့်၊ သတိမထား တရားမရ၊ ဒုဗ္ဗဇ္ဇတို့မှာ၊ မိမိတို့၏ တောင့်တခြင်း ကာမရာဂ၊ ကြောင့်ကြခြင်း၊ဗျာပါဒတို့ကို၊အစဉ်တစိုက်၊ မပြတ်လိုက်လျက်၊ နေ့ရက်ကုန်များ၊တဖွားဖွားနှင့် စကားပြောချက်၊အနက်မသိ ကျိုး မရှိနှင့်။ ရောင်တိရောင်တ၊ လူ့ဘဝကို၊ ရကြလေစွ၊ ဒုလ္လဘနှင့်၊ ကြုံရပါလျက်၊ ဖျင်းစိတ်ဖက်၍၊ နူတ်တက်မှတ်သား၊ အာဂုံများ နှင့်၊ သူများဘို့လို၊ တိဟ်တိကိုစွဲ၊ ညာဏ်မဲ့ ညာဏ်နုတ်၊ ပုတ် ပုတ်ခတ်ခတ်၊စာတတ်လေဟန်၊ဘာသာပြန်ကို၊ အမှန်မသိ၊ ကျမ်း အရှိဟု၊ပါဠိမာဂခေါ်၊ချွတ်ကြွထွေပြား၊တရားသိပုံ၊အမှားယုံ၍၊ဆန်

ကုန်မြေလေး၊ သေမည့်ဘေး၊မတွေးမဆ၊ မိုက်မှားလှချွတ်၊ ဖိတ်
ကာ၊ချောက်ချာ၊များစွာအာရုံ၊ခံခံမင်မင်၊တောင်မြင်မျှော်ကျူး၊အာ
ရူးသဘော၊ တွေးတောမရော၊ နှုတ်လျှာပေါ့ပါး၊ ပြောဆိုများသဖြင့်
ဘုရားအစရှိသော-သူတော်ကောင်းတို့သည်၊ တဏှာ၊ ဒိဋ္ဌိ၊ မော
ဃပုရိသဟူ၍၊ ခေါ်ဝေါ် ပညတ်တော်မူကြသည်၊ မိမိတို့အာရုံ
ခြောက်ပါးအစဉ်ကို၊ တဒင်္ဂကောသတ္တမှ၊ မဖြတ်တောက်နိုင်
သောသူတို့ကို။ ဒိဋ္ဌိဟူ၍မှတ်၊ အဘယ့်ကြောင့်နည်းဟူမူ၊
တောင့်တခြင်း-လောဘမှုကိုမှီ၍၊ တွေးတောခြင်း၊ မောဟ
ရေွက်ဟည်ဟူးသောအကြောင်းနှစ်ခု ကြောင့်ကြခြင်းဗျာပါဒ
ဒေါသရမွက်ကိုမှီ၍၊ တွေးတောခြင်း၊ မောဟရမွက်တည်းဟူ
သော အကြောင်း-၂-ခုကိုသာ အစဉ်တပိုက်၊မသေမခြင်းလိုက်
သွားကြရသည်ဖြစ်၍၊ ထိုပုဂ္ဂိုလ်တို့သည်၊ မိမိတို့၏၊ အတွင်း
သဏ္ဍာန်၌၊ သိုမှီးဖွဲ့လမ်းကဲ့ကြသော၊အယုတ်တရားနှစ်ပါး၊ကာမ
သုခလ္လိကာနုယောဂအတွက်လ၊မထာနုယောဂဟုဆိုအပ်သော
တောင့်တမှု၊ကြောင့်ကြမှုကို၊ အဇာနိုယ်မျှ မဆုပ္ပ မပယ်ရှားနိုင်
သည်ဖြစ်၍၊ သာသနာ့အပဗာဟိယကဖြစ်သဖြင့်၊ ထိုပုဂ္ဂိုလ်တို့
ကို-အကြောင်းပြု၍၊ အ႟ုတ္တိုရ်ပါဠိတော်၌၊ ၊အမတံသေသံဝိ
ရဋ္ဌ၊ ယသံကာယဂတာသတိဝိရဋ္ဌါ။ ၊ယေသံ၊အကြင်ပုဂ္ဂိုလ်
တို့အား၊ ကာယဂတာသတိ၊ ကာယဂတာသတိသည်၊ ဝိရဋ္ဌါ၊
ချော်ချွတ်၏၊ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား၊ အမတံ အမြိုက်နိဗ္ဗာန်
ချမ်းသာကို၊ ဝိရဋ္ဌံ၊ ချော်ချွတ်၏၊ ဟူ၍ဟောတော်မူသည်၊ သတိ
မူကြသေကုန်၊ ၎ုသုံးပါးနိုက်၊ကျင်လည်ကြကုန်သော သတ္တဝါ
တို့အား၊ သနားတော်မူလှ၍၊ သုခမဒိုပဒါ၊ ချမ်းသာရာတရားကို၊
တိုးပွားအားထုတ်၍၊ ပဒဋ္ဌာန်ပါဒကား၊ သုတ်ပါထေယျပါဠိတော်၊
ဒသုတ္တရကဗျာနိုက်၊ တိုက်ရိုက်ဘူင့်ပြ၊ဆုမ္မတော်မူသည်မှာ၊ ၊
ကတမေဧကောဓမ္မောဗာဝေတဗ္ဗော၊ ကာယဂတာသတိ သာတ
သဟဂတာ၊ အယံ ဧကောဓမ္မော ဘာဝေတဗ္ဗော၊ ဘုဘာ
တဏှာ၊ ကာသာ အဒိဘာသာ၊ အနုညဂဘာ၊သမ္ဘာဘသာဂဘာနု-

အဘိသမ္ဗုဒ္ဓါ၊ ၊ဘာဝေတဗ္ဗော။ ပွားစေအပ်သော၊ ဧကော ဓမ္မော၊ တခုသောတရားသည်၊ ကတမော၊ အဘယ်နည်း၊ ကာယ ဂတာသတိ၊ ကာယဂတာသတိကို၊ သာတသသဟဂတာ၊ သာ ယာခြင်းနှင်တကွ၊ စတုတ္ထဈာန်တိုင်အောင်သမထဖြစ်သော၊ အ ယံဧကောဓမ္မော၊ ဤစတုတ္ထဈာန်တိုင်အောင်သော သမထ တရား သည်၊ ဘာဝေတဗ္ဗော၊ ပွားစေအပ်၏။ ဘူတာ၊ ထင်ရှားရှိ၏၊ တစ္ဆာ၊ဟုတ်မှန်တိုင်းဖြစ်၏၊ တထာ၊သဘောအားဖြင့်မှန်၏၊ အ ဝိတထာ၊ မချွတ်ယွင်းသောသဘောရှိ၏၊အနညဂတာ။ မဖေါက် မပြန်သော သဘောအားရှိ၏၊ တထာဂတေန၊ လာခြင်းကောင်း သောဘုရားရှင်သည်၊ သမ္မာ၊ကောင်းစွာ၊အဘိသမ္ဗုဒ္ဓါ၊ထိုးထွင်း၍သိတော်မူအပ်ပြီ၊ ၊ဤသို့ဆိုအပ်ခဲ့ပြီးသော၊သာယာနှစ်သက် ခြင်းစိတ်နှင့်တကွ၊ ပြုကြရသော ပုညကိရိယာ ဆယ်ပါး၊ သုစ ရိုက်ဆယ်ပါးတို့ကို၊ကောင်းမှုဟူ၍ခေါ်သည်။ ၊တောင့်တခြင်း ကာမရာဂ၊ ကြောင့်ကြခြင်း ဗျာပါဒ ဒုက္ခ၊ ဒေါမနဿနှင့် တကွ ပြုသော၊ မိရိုးဘာသာ၊ ပုညကိရိယာသုစရိုက်ဆယ်ပါးတို့သည်၊ မ ကောင်းမှုဟူ၍မှတ်၊ ၊ဤအရာနိုက်၊ကမ္မဋ္ဌ၊ကမ္မဖလဋ္ဌ၊ကံ၊ကံ၏ အကျိုးကို၊ ရချကေန်၊ မယုံမှု၍၊ သူတပါး ပြောဆိုချက်၊ ကောင်း မှုကိုမနှစ်သက်၊ အရှက်ပြေ ပြုလုပ်သောသူတို့မှာ၊ မွဲခြင်းသာလျှင် အကျိုးဆက် ရကုန်၏၊ အကျိုးဆက် ဟူသည်ကား၊ ၊ပြုမိ သောအမှုသည်၊အချည်းနည်းမဟုတ်၊ယုတ်သောအကျိုးဆက်ကို ရတတ်သည်၊အကျယ်မှာ၊ပဋိနဒါန၏အကျိုးဆက်ကို၊ ဝေဘန်၍၊ အထူးသတိမူကြလေကုန်၊ မြတ်သော အကျိုးဆက်ကို ရတတ်မှ သာလျှင်၊ မြတ်သောကုသိုလ်ရှင်၊ လူရတတ်၊ နတ်ရတတ်၊ ဗြဟ္မာ ရတတ်ဟူ၍ခေါ်သည်၊ ၊အလုံးစုံသောကုသိုလ်ကောင်းမှု၊ပုည ကရိယာသုစရိုက်နှင့်တကွ၊ထိုးကို အားထုတ်လို၍၊အမှုကိစ္စ၏ တည်ရာ ပရိကမ်သည်၊ ကမ္မဋ္ဌာန၊ ၎င်းပရိကမ္မကို အာရုံပြု၍ တည်ငြိမ်သောစိတ္တေကဂ္ဂတာသည်၊သမထ၊ ၎င်းစိတ် တည်ငြိမ် သဖြင့်၊ပကတိသော ကာမစိတ်နှင့်၊မမြင်ကောင်း မမြင်နိုင်သော ဘုရား

သော အရောင်အလင်းနှင့်တကွသော၊ ဖြစ်ခြင်း ပျက်ခြင်းတို့ကို၊ အထူးမြင်ရခြင်းသည်၊ဝိပဿနာ၊ထိုသုံးပါးကို၊ထပ်ခါထပ်ခါပွား များခြင်းသည်၊ ဘာဝနာ၊ ၎င်းသုံးပါးအနက်တွင်၊အမှု၏ တည်ရာ ပရိကမ်ကို ပွားများခြင်းသည်၊ ကမ္မဋ္ဌာန်း ဘာဝနာမည်၏၊ စိတ် တည်ငြိမ်ခြင်း၊ဧကဂ္ဂတာကိုပွားခြင်းသည်၊သမထဘာဝနာ မည် ၏၊ စိတ်တည်သဖြင့်၊ မြင်အပ်သော အရောင်အလင်းနှင့် တကွ၊ ဖြစ်ခြင်းပျက်ခြင်း၊ပဋိဘာဂကိုပွားခြင်းသည်၊ဝိပဿနာဘာဝနာ မည်၏ ၊၎င်းကမ္မဋ္ဌာန်း ဘာဝနာ၊ သမထဘာဝနာ ဝိပဿနာ ဘာ ဝနာပုဂ္ဂိုလ် သုံးပါးတို့အနက်၊ ကမ္မဋ္ဌာန်းဘာဝနာ ပုဂ္ဂိုလ်သည်၊ ကာမကုသိုလ်ကံရကုန်၏၊ ရုပ်ကိုမှီ၍ စိတ်တည်မှုရသော၊ သမထ ဘာဝနာ ပုဂ္ဂိုလ်သည်၊ ရူပကုသိုလ်ကံကိုရကုန်၏၊ နာမ်ကို မှီ၍ စိတ်တည်မှုရသော သမထ ပုဂ္ဂိုလ်သည်၊ အရူပကုသိုလ်ကံကိုရ ကုန်၏၊ ရုပ်ကိုမှီ၍ အထူးထင်မြင်မှုရသော ဝိပဿနာ ပုဂ္ဂိုလ် သည်၊ ရူပကုသိုလ်ကံကိုရကုန်၏၊ ၊နာမ်ကိုမှီ၍ အထူးထင် မြင်မှုရသော ဝိပဿနာပုဂ္ဂိုလ်သည်၊ အရူပကုသိုလ်ကံကို၊ ရ ကုန်၏၊ ၊ကုသိုလ်ဆိုသည်ကား၊ လောဘ၊ ဒေါသ၊ မောဟ၊ အ တန်ငယ်ငြိမ်သက်သဖြင့်၊ မိမိစိတ်၌ကြည်လင်သော ပသန္န စိတ္တု ပ္ပါဒ်ကိုခေါ်သည်၊ တမလွန်လားရာဂတိမှာ၊ မိမိတို့ ဆောက်တည် အပ်သော၊ စွဲလမ်းအပ်သောကံအားလျော်စွာ၊ ကာမရူပ၊ အရူပ တည်းဟူသော ဘုံသုံးပါးသို့သာလားကြကုန်၏၊ ၊၎င်းတရား ရသည်၊ဖြစ်ဘတ်သောသဘောဖြစ်၍၊ ဖြစ်ကြောင်းတရားကိုသာ လျှင်၊မြတ်စွာဘုရားဟောတော်မူသည်၊၎င်းတရားရသည်၊သာသ နာ ဗာဟိရကာ၊ ရသေ့ လမ်းဖြစ်၍၊ အဝိဇ္ဇာတဏှာ သမုဒယကို၊ မပယ်ခွါနိုင်လေ၊ ၎င်း ဘာဝနာ သုံးပါးကို စွဲလမ်းကာငြိ သာ ယာသော သူတို့ကို ဆုံးမခြင်းငှာ၊ ညောဝါဒ ပါဠိတော်၌၊ ၊ အဇ္ဈတ္တဝဍ္ဎုံ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ အသာရဒေ န၊ တံအာဒေဇ္ဇာရာဂေါဥပ္ပဇ္ဇတိ၊ ဒေါသောဥပ္ပဇ္ဇတိ၊ မောဟောဥပ္ပဇ္ဇတိ ဒိဋ္ဌိကိလေသာဥပ္ပဇ္ဇတိ၊ ဒေါမနဿံဥပ္ပဇ္ဇတိ အရှိသဖြင့်၊ဟောတော်

မှုသည်။ ။ဓမ္မပဒပါဠိတော်မဂ္ဂဝဂ်၌ သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါပညာယပဿတိအထနိဗ္ဗိန္ဒတိဒုက္ခေဧသမဂ္ဂေါဝိသုဒ္ဓိယာ၊ ၊ အဓိရှိသဖြင့်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို၊ သေချာစွာသညာသိ၊ ဝိညာဏ်သိ၊ သိသောပုဂ္ဂိုလ်တို့မှာ၊ခန္ဓာငါးပါးတို့၌ နိစ္စသုခအတ္တ သုဘဟု၊ သညာယဝိပ္လာဒိဋ္ဌိနှင့်၊ ဘဝအဆက်ဆက် စွဲလမ်းကဲ့ ကြသောအယူဝါဒကို ပယ်ရှားချုပ်ငြိမ်း နိုင်စေခြင်း အကျိုးငှာ၊ လက္ခဏာရေးသုံးပါးသို့ ထင်ရှားမှတ်ကြောင်းတင်ပြီးလျှင်၊ ပုထု ဇန်ကို မြင်လွယ်စေခြင်းငှာ၊ဟောတော်မူသည့်အတိုင်း၊ မမြဲခြင်း အစိုးမရခြင်း၊ဆင်းရဲခြင်း၊ မတင့်တယ်ခြင်း၊ ထင်ရှားဟုတ်မှန်၊ မ ဖေါက်ပြန်တိုင်းသိသဖြင့်၊ မိမိတို့ဘဝ အဆက်ဆက် ပင်ပန်းသ ဖြင့်၊ တောင့်တခြင်း၊ ကြောင့်ကြခြင်းနှင့်တကွ၊ ရှာမှီးခဲ့ကြရသော ခန္ဓာငါးပါး စသော၊ ရုပ်နာမ်တရားတို့ ချုပ်ငြိမ်းခြင်းကို အလို ရှိသောစိတ်၊ ညွတ်စေ အပ်သည်ဖြစ်၍၊ မှားသဖြင့် ပင်ပန်းစွာ ရှာမှီးခြင်းမှ၊ စင်ကြယ်ခြင်း အကြောင်းမျှသာ ဟောတော်မူ သည် စင်စစ်သော်ကား၊ ထိုအနိစ္စ၊ဒုက္ခ၊အနတ္တတို့နှင့်၊အရဟတ္တ ဖိုလ်သို့ မရောက်နိုင်လော၊ အဘယ့်ကြောင့်နည်းဟူမူ၊ ထိုအနိစ္စ ဒုက္ခ၊ အနတ္တ၊ အသုဘတို့နိုက်၊ ကပ်ငြိစွဲလမ်းနိုင်သော သူသာ လျှင်၊ ကပ်ငြိစွဲလမ်းစဉ်၊ သညာသိ၊ ဝိညာဏ်သိ၊ ပညာသိ၊ သိနိုင် ခြင်းသည်၊ သညာနာနုဿဥပါဒါနက္ခန္ဓာဖြစ်၍၊ ဥပါဒါန် ထင်ရှား ရှိနေသည့်အတွက်၊ ပရိနိဗ္ဗာန် မပြုနိုင်လေ၊ ယခုကာလ၊ လူတို့ ထင်မှတ် သည်ကား၊ လက္ခဏာရေး သုံးပါးနိုက်၊ သညာသိ၊ ဝိညာဏ်သိ ပညာသိ၊သိနိုင်သောပုဂ္ဂိုလ်တို့မှာ၊ရဟန်ကင်စွကုန်၍၊ အရဟတ္တဖိုလ်နိုက် တည်နိုင်လေသည်ဟု၊ မှတ်ထင်ကြသည်၊ သတိမူကြလေကုန်၊ ။ဤနိုက် ပညာသိဆိုသည်မှာ၊ အညာ သဘာ၁၁-၅-ပါးနှင့်ခွဲ၍၊ သိခြင်းကိုဆိုသည်၊ ။အဘည်မကျ၊ သဘာဝကို၊ မချမမြင်၊ လင်းမရှင်၍၊ ပူပင်သောကာ၊ ဒုက္ခိတတို့၊ [redacted]မရှုပ၊ အချုပဟု၊ မူလအရိုးကောင်းလိမ့်နိုးနှင့်၊ ဒိုက်ိုးရာမှတ်၊ [redacted]တုံလတ်၍၊ လူ့ရပ် နတ်ရွာ၊ ဖြဟ္မာအပါယ်၊ သုံးသွယ်ဝဋ္ဋ၊

သင်္ခါရကို၊ ဖြစ်ရလေခြား၊ ဆုတောင်းမှား၍၊ ရှည်လျားသံသာ၊ မက်မောရှာသျက်၊ ပုညာ-ပုညာ၊ အာနဉ္စဟု၊ သင်္ခါရခေါ်၊ စက်ရ ဟတ်ကို၊ မပြတ်ရှာဘွေ၊ ပြုမိခြေသော်၊ လေးထွေဩဃာ၊ နှစ်မျော ရသည်၊ ကာမ ရူပါ၊ အရူပါဟူ၊ ဘာ၀နာစွမ်း၊ ထုံနည်းလမ်းနှင့်၊ ဖြောင့်တန်းဆင်ခြင်၊ ညာဏ်မ၀င်ဘဲ၊ မဂ္ဂင်လမ်းမှား၊ ရှိလေခြား က၊ ဖြစ်ပွားရာဂ၊ နိမိတ္တနှိက်၊ ကောသလ္လညာဏ်၊ အမြင်သန့်သော် ဆဲ တတန့်ဖြောင့်၊ ရူးလေနှောင့်၍၊ ဖြောင့်ဖြောင့်မမြင်၊ ဒေါသ ၀င်သော်၊ ကောင်းကင်ဘ၀ဂ်၊ ဟုံးဟုံးထက်လျှာ်၊ တုဘက်မရ မာန်မာနနှင့်၊ ကိစ္စကုန်ပြီး၊ အဆင်မှား၍၊ ဘုရားမြတ်စွာ ၀ိနေ့ ယျာကို၊ ပမာအတု၊ ရသေ့ရတ္တိ၊ ခုခုခံခံ၊ ရှိလေဟန်ကို၊ သမန္တ စက္ခု၊ သဗ္ဗညုသည်၊ ရုရုယယ၊ ဆိုဆုမ္ဗလျက်၊ မွေစကြာ၊ ဟော ၍သာသျှင်၊ သစ္စာလေးချက်၊ ဆဲ ခြောက်နက်ကို၊ ခဲခက်ဝဘန်၊ ဖြစ်ကြောင်းပြန်၍၊ လမ်းမှန်ညွှန်ပြ၊ မွေငါးမည်၊ အချင်း တည် လျက်၊ စွဲသည့်အဘ္ဘ၊ သဘာ၀နှင့်၊ ဌာနငါးပါး၊ ပိုင်းခြားသိစေ၊ ဆုမ္ဗသေသော်၊ သွေးလွှဥပါဒါန်၊ မကျန်ကုန်စင်၊ ရှိလေချင်မှ၊ သုံးခွင်ဘုံရှာ တဏှာနှင့်ကင်း၊ အမြင်သင်းသည်၊ ။နည်းရင်း သမာဒိဋ္ဌိအစွမ်းသော၀ဲ၊ ။

ကုသလာဓမ္မာ. ကုသသ သာခဋ္ဌသ အာရဋ္ဌာ ပစ္စယေန ပစ္စယော၊ ဒါနံဒတွာ၊ သီလံသမာဒိယိတွာ၊ ဥပေါသထ ကမ္မံ ကတွာ၊ တံပစ္စဝေက္ခတိ၊ ပျာနံ့ဥပ္ပါဒေတိ၊ မဂ္ဂံဥပ္ပါဒေတိ၊ တံအာ ရဗ္ဘရာဂေါဥပ္ပဇ္ဇတိ၊ ဒေါသောဥပ္ပဇ္ဇတိ၊ မောဟောဥပ္ပဇ္ဇတိ၊ ဝိစိ ကိစ္ဆာဥပ္ပဇ္ဇတိ၊ ဒေါမနဿံဥပ္ပဇ္ဇတိ၊ ပဥ္စာဝါရ ပါဠိတော်၊ ။ ၏သက်ာန္ဓိက်၊ ဆဲ ဘတန့်ဖြောင့် ဆိုသည်ကား၊ ဝိစိကိစ္ဆာ၊ အမ နသိကာယ၊ ဘိန္နမိဋ္ဌ ဆန္ဒိတညု၊ ဥန္နိလ၊ ဒုဋ္ဌုလ္လ အဇ္ဈုပေက္ခ ဝိရိယ၊ အတိလီနဝိရိယ၊ အဘိဇ္ဈာ၊ နာနတ္တသညာ၊ အတိနိဇ္ဈာယိ တတ္တ တည်းဟူသော၊ တဆဲ့တပါးသော ဝိပဿနာ၏ အညစ်အကြေး တို့ကိုဆိုသည်၊ အသုံးသတိမှုကြလေကုန်၊ ။ဘုရားအစရှိသော

အရှင်မြတ်တို့၏ သွားအပ်-ရောက်အပ်၊ အားထုတ်အပ်သော မဂ္ဂင်ခရီးကား၊ ၊၎င်းဆိုအပ်ခဲ့ပြီးသော၊ ကမ္မဋ္ဌာန်းဘာဝနာ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို၊ ပဋိသတိ မဂ္ဂါယ၊ ညာဏမဂ္ဂါယ ဖြစ်စေခြင်းဌါ၊ အရင်းပရိကံ၊ အခြေ ပဒဋ္ဌာန် ပြု၍၊ ဤဓမ္မစက္ကပဝတ္တန သုတ္တနယနှိက် ဟောတော် မူသည့် အတိုင်း။ အတ္တသဘာဝ-၅-ပါး၊ ဓမ္မသဘာဝ-၅-ပါးတို့ကို၊ ထင်ရှားဟုတ်မှန်၊ မဖေါက်ပြန်တိုင်းသိစေခြင်းဌါ၊သမာဓိဗြို့ အစ ရှိသော၊ သမာမဂ္ဂင်ရှစ်ပါးနှင့်တကွ၊ ဓမ္မ၏ သဘာဝ-၅-ပါးကို၊ ၆မိ.ာ၊ အတ္တသဘာဝ-၅-ပါးနှင့် စွဲလမ်းထင်မှတ် မှား သဖြင့်၊ ဒုက္ခဝဋ္ဋထင်ထင်ရှားရှားဖြစ်လာသည်ကို၊သေချာစွာ ပိုင်းခြား၍ မဖေါက်မပြန်၊ အမှန်သိမြင်ခြင်း အမှန်သိသဖြင့်၊ ထိုဒုက္ခဝဋ္ဋ၏ အကြောင်းရင်းဖြစ်သော၊ အတိတ်ကာလမှတ်ယူ ခံစားခဲ့ဘူး သော၊ နာနတ္တသညာအစရှိသော၊ သညာ-၉-ပါး၊ပစ္စုပ္ပန်ကာလ နှိက်၊ မိမိအာရုံမပြည့်နိုင်သည်ကို၊ ပြည့်စုံနိုးနိုးနှင့်၊တောင့်တ သ ဖြင့်၊ မှတ်ယူ ခံစားသော၊ နာနတ္တသညာ အစရှိသော သညာ ၉-ပါး၊မဖြစ်သေးသော အနာဂါတ်ကာလကိုစွဲ၍၊ မှတ်ယူ ခံစား သော၊နာနတ္တသညာ အစရှိသော၊ သညာ{၉}ပါး၊ ဤသညာသျှင် မှီရာရှိသောဝေဒနာတို့ကို၊ တောင့်တတင်ခြင်း။ ကာမ တဏှာ၊ ဖြစ်ပြီးသောသညာ ဝေဒနာတို့ကို တပ်နှစ်သက်ခြင်း၊ဘဝတဏှာ၊ မဖြစ်သေးသော သညာဝေဒနာတို့ကို တပ်နှစ်သက်ခြင်း၊ ဝိဘဝ တဏှာ၊ ထိုတဏှာသုံးပါး၊ ကာလ သုံးပါးတို့နှိက် ထင်ရှားရှိ သော ဓမ္မ၏ သဘာဝ{၅}ပါးတို့ကို၊ အထင်အမြင် မှားသဖြင့်၊ အတ္တသဘာဝ-၅-ပါးနှင့်၊ စွဲလမ်းကပ်ညှိ သာယာ မိသည့် အ တွက်၊ သမုဒယဝဋ္ဋ ထင်ထင်ရှားရှား ဖြစ်ပေါ်လာသည် တို့ကို ပယ်ဖျောက်၍၊ အတ္တ သဘာဝ{၅}ပါးတို့ကို စွန့်လွှတ်ပြီးသျှင်၊ ဓမ္မ၏ သဘာဝ၊ {၅}ပါးတို့နှိက်သာသျှင်၊ မြင်အောင် မျက် မှောက်ပြုသဖြင့်၊ ဒုက္ခ၏ချုပ်ရာ နိရောဓဝဋ္ဋ ထင်ထင် ရှားရှား ဖြစ်ပေါ်လာစေခြင်းဌါ၊ သမ္မာမဂ္ဂင် ရှစ်ပါးတို့ကို ပွားများခန့်

မဂ္ဂဝဏ္ဏဖြစ်ခြင်းငှာ. စက္ခုဓမ္မ၊ ဉာဏဓမ္မ၊ ပညာဓမ္မ၊ ဝိဇ္ဇာ
ဓမ္မ၊ အာလောကဓမ္မဟု ဆိုအပ်သော၊ ဓမ္မ၏သဘော၁{၅}ပါး
တို့ကိုမှီ၍၊ အစဉ်သဖြင့် မပြတ်ပွားများ အားထုတ်၍၊ သမာ
သမာဓိမဂ္ဂင်ဟုဆိုအပ်သော၊ အနုပုဗ္ဗဝိဟာရ-၉-ပါးနှင့် တကွ၊
နိရောဓ-၉-ပါးတို့ကို၊ ရှုသင်ခြင်းအကျိုးငှာ၊ သုတ်ပါဠိယာ
ပါဠိအဘိဓမ္မယူဆောင်၍ ထည့်သွင်းလိုက်ပါသည်၊ ၊နဝအနုပုဗ္ဗ
ဝိဟာရာ၊ ကတမေ နဝ၊ ဣဓ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ၊ ဝိဝိစ္စ
အကုသလေဟိ ဓမ္မေဟိ၊ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ
ပီတိသုခံ၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဒုတိယံ ဈာနံ
ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တတိယံ ဈာနံ ဥပ သမ္ပဇ္ဇ ဝိဟရတိ၊
စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ သဗ္ဗသော ရူပသညာနံ သမ
တိက္ကမာ၊ အနန္တော အာကာသောတိ အာကာသာနဉ္စာယတနံ၊ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အာ
ကာသာ နဉ္စာယတန သမတိက္ကမာ၊ ဝိညာဏဉ္စာ ယတန ဥပ
သမ္ပဇ္ဇ ဝိဟရတိ၊ ဝိညာဏဉ္စာ ယတန သမတိက္ကမာ၊ အာ
ကိဉ္စညာယတန ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အာကိဉ္စညာယတန သမ
တိက္ကမာ၊ နေဝသညာနာသညာ ယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊
နေဝသညာ နာသညာယတန သမတိက္ကမာ သညာ ဝေဒယိ
တနိရောဓံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ၊အနုပုဗ္ဗဝိဟာရာ
သူတော်ကောင်းတို့၏ အစဉ်အားဖြင့်၊ ရှုဆင်ခြင်၍နေအပ်သော
တရားတို့သည်၊ ကတမေ၊ အဘယ်သည်တို့နည်း၊ အာဂုသော၊
ငါ့ရှင်တို့၊ ဣဓ၊ ဤသာသနာတော်၌ကား၊ ဘိက္ခု၊ ရဟန်းသည်၊ ကာ
မေဟိ၊ ဝတ္ထုကာမ၊ ကိလေသာကာမတို့မှ၊ ဝိဝိစ္စေဝ၊ ဆိတ်၍
သာလျှင်၊ အကုသလေဟိ၊ အကုသိုလ် ဖြစ်ကုန်သော၊ ဓမ္မေဟိ၊
တရားတို့မှ၊ ဝိဝိစ္စ၊ ဆိတ်၍သာလျှင်၊ သဝိတက္ကံ၊ ဝိတက်နှင့်
တကွသော၊ သဝိစာရံ၊ ဝိစာရနှင့်တကွသော၊ ဝိဝေကဇံ၊ ဝိဝေက
ကြောင့်ဖြစ်သော၊ ပီတိသုခံ၊ ပီတိသုခရှိသော၊ ပဌမံဈာနံ၊ ပဌမ
ဈာန်ကို၊ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍၊ ဝိဟရတိ၊ နေ၏၊ ဝိတက္ကဝိစာရ
ဝိတက်ဝိစာရတို့၏၊ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်၊ အဇ္ဈတ္တံ၊ မိမိ

သန္တာဝန်နှိုက်ဖြစ်သော၊ သမ္ပသာဒနံ၊ သဒ္ဓါတရားနှင့် ယှဉ်သော၊ စေတသော၊ စိတ်၏၊ ဧကောဒိဘာဝံ၊ မြတ်သော သမာဓိကို ပွားစေ တတ်သော၊ အဝိတက္က အဝိစာရမှကင်းသော ပီတိသုခံ၊ ပီတိသုခ ရှိသော ဒုတိယဈာန်၊ ဒုတိယဈာန်ကို၊ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍၊ ဝိဟ ရတိ၊ နေ၏၊ ပီတိယာစပီတိ၏လည်း၊ ဝိရာဂါ ကင်းခြင်းကြောင့် လည်း၊ ဥပေက္ခကောစ၊ လျစ်လျူရှုသည် ဖြစ်၍သာလျှင်၊ ဝိဟာရတိ၊ နေ၏၊ သတောစ၊ သတိ ရှိသည်ဖြစ်၍၊ သမ္ပဇာနော၊ သမ္ပဇာန ပညာနှင့် မြဲမြံစွာ၊ သုခဉ္စ၊ သုခဝေဒနာကို၊ ကာယေန၊ နာမ ကာယဖြင့်၊ ပဋိသံဝေဒေတိ၊ ခံစား၏၊ ယံတတိယ ဈာနပေတု၊ အကြင် တတိယဈာန်ဟူသော အကြောင်းကြောင့်၊ အရိယော၊ ဘုရား အစရှိသော၊ သူတော် ကောင်း တို့သည်၊ အာစိက္ခန္တိ ချီးမွမ်းကုန်၏၊ တံတတိယဈာနံ၊ ထိုတတိယ ဈာန်ကို ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍ဝိဟာရတိ၊နေ၏ သုခဿသုခကိုရင်း၊ဒုက္ခဿ၊ဒုက္ခကိုရင်း၊ ပဟာယ၊ပယ်၍၊ ပုဗ္ဗေဝ၊ ရှေးဥပစာဈာန်ခဏနှိုက်သာလျှင်၊ သောမ နဿ ဒေါမနဿာနံ၊သောမနဿ ဒေါမနဿတို့၏၊အတ္ထင်္ဂမာယ၊ ချုပ်ခြင်းကြောင့်၊ အဒုက္ခမသုခံ၊ ဒုက္ခသုခမဟုတ်သော၊ဥပေက္ခာ သတိပါရိသုဒ္ဓိ၊ မျှသောသတိရှိသော၊စတုတ္ထဈာနံ၊စတုတ္ထဈာန်ကို၊ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍၊ ဝိဟာရတိ၊ နေ၏၊ သဗ္ဗသော၊ အချင်း ခပ်သိမ်း၊ ရူပသညာနံ၊ ကသိုဏ်းနိမိတ်စသည်နှိုက်ရှိသော၊ ရူပ သညာတို့ကို၊ သမတိက္ကမ၊ လွန်မြောက်၍၊ ပဋိဃသညာနံ၊ ဒေါ မနဿအာရုံတို့၏၊အတ္ထင်္ဂမာယချုပ်ခြင်းကြောင့်၊နာနတ္တသညာနံ၊ အသွေးထူးသော အမှတ်ရှိသော အာရုံတို့ကို၊ အမနသိကာရော၊ နှလုံးမသွင်းဘဲ၊ အာကာသနဉ္စာယတနံပဂ၊ ကသိုဏ်းနိမိတ်ကို ခွာ၍၊ အေင်သော အာကာသလျှင် အာရုံရှိသော အမှတ်ကို ရှုလျက်၊ ဝိဟာရတိ၊နေ၏၊သဗ္ဗသော အချင်းခပ်သိမ်း၊အာကာသာ နဉ္စာယတနံ၊ကို၊သမတိက္ကမ၊လွန်မြောက်၍ ဝိညာဏဉ္စာယတနံပဂ ဝိညာဏ်သျှင်၊ အာရုံရှိသောအမှတ်ကိုရှုလျက်၊ ဝိဟာရတိ၊ နေ၏၊ သဗ္ဗသော၊ အချင်းခပ်သိမ်း၊ ဝိညာဏဉ္စာယတနံ၊ ကို၊ သမတိက္ကမ၊

လွန်မြောက်၍၊ အာကိဉ္စညာယတနနုပဂါ၊ နတ္ထိဘောပညတ်လျှင် အာရုံရှိသောအမှတ်ကိုရှုလျက်၊ ဝိဟာရတိ၊နေ၏ အာကိဉ္စညာယတနံ၊ကို၊သမတိက္ကမ၊လွန်မြော်၍နေဝသညာနာသညာနုပဂါ၊နေဝသညာနာသညာယတနဈါန်ကိုရှုလျက်၊ဝိဟရတိ၊နေ၏၊သဗ္ဗသော အချင်းခပ်သိမ်း၊နေဝသညာနာသညာယတနံ၊ကို၊သမတိက္ကမာယ လွန်မြောက်၍၊ သညာဝေဒယိတနိရောဓံ၊သညာဖြင့်မှတ်၍ ခံစားအပ်သောအာရုံ၏ ချုပ်ခြင်းတည်းဟူသော၊အရဟတ္တဖိုလ်ကို၊ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍၊ ဝိဟာရတိနေ၏၊ ၊ပဌမံဈာနံသမာပန္နဿ ကာမသညာနိရုဒ္ဓါဟောတိ၊ ဒုတိယံဈာနံသမာပန္နဿ၊ ဝိတက္ကဝိစာရာနိရုဒ္ဓါဟောန္တိ၊ တတိယဈာန သမာပန္နဿ၊ ပီတိနိရုဒ္ဓါ ဟောတိ၊စတုတ္ထဈာနသမာပန္နဿ၊ အဿာသပဿာသာ၊ နိရုဒ္ဓါ ဟောန္တိ၊ အာကာသာနဉ္စာယတန သမာပန္နဿ၊ ရူပသညာနိရုဒ္ဓါ ဟောတိ၊ ဝိညာနဉ္စာယတန သမာပန္နဿ၊ အာကာသသညာ နိရုဒ္ဓါဟောတိ၊ အာကိဉ္စညာ သမာပန္နဿ၊ ဝိညာဏသညာနိရုဒ္ဓါ ဟောတိ၊ နေဝသညာနာသညာသမာပန္နဿ၊ နတ္ထိကိစ္စသညာ၊ နိရုဒ္ဓါဟောတိ၊ သညာဝေဒယိတနိရောဓံ သမာပန္နဿ၊ သညာစ ဝေဒနာစ၊ နိရုဒ္ဓါဟောန္တိ၊ ၊ပဌမဈာန သမာပန္နဿ၊ ပဌမ ဈာန်သို့ကောင်းစွာရောက်သောပုဂ္ဂိုလ်အား၊ ကာမသညာ၊ ကာမဂုဏ်ကိုချမ်းသာဟု ထင်သောအမှတ်၏၊ နိရုဒ္ဓါချုပ်ပျောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ဒုတိယဈာန သမာပန္နဿ၊ ဒုတိယ ဈာန်သို့ကောင်းစွာရောက်သော ပုဂ္ဂိုလ်အား၊ဝိတက္ကဝိစာရာ၊ပဌမ ဈာန် ဝိတက် ဝိစာရသည်၊ နိရုဒ္ဓါ၊ ချုပ်ပျောက်ခြင်း တို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊တတိယဈာနသမာပန္နဿ၊တတိယ ဈာန်သို့ ကောင်းစွာရောက်သော ပုဂ္ဂိုလ်အား၊ ပီတိ၊ ဒုတိယ ဈာန်နှိက် နှစ်သက်ခြင်းကို၊ နိရုဒ္ဓါ၊ ချုပ်ပျောက်ခြင်းသည်၊ ဟောတိ ဖြစ်၏၊ စတုတ္ထဈာနသမာပန္နဿ၊စတုတ္ထဈာန်ကိုကောင်းစွာရောက်သော ပုဂ္ဂိုလ်အား၊ အဿာသပဿာသာ၊ ထွက်လေ ဝင်လေတို့၏၊ နိရုဒ္ဓါ၊ ချုပ်ပျောက်ခြင်းသည်၊ ဟောတိဖြစ်၏၊ အာကာသာနဉ္စာ

ယတနသမာပန္နသသ၊ ပဌမာ ရူပါဝစရ်ဈာန်သို့ ကောင်းစွာ ရောက်
သောပုဂ္ဂိုလ်အား ရူပသညာ၊ကသိုဏ်းနိမိတ်စသည်၌ရှိသော၊ရူပ
သညာ၏ နိရုဒ္ဓါချုပ်ပျောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏ ဝိညာ
ဏဉ္စာယတန သမာပန္နသသ၊ ဒုတိယာရူပါဝစရ်ဈာန်သို့ ကောင်းစွာ
ရောက်သောပုဂ္ဂိုလ်အား၊အာကာသသညာ၊ဟင်းလင်းပြင်သညာ
၏ နိရုဒ္ဓါ၊ချုပ်ပျောက်ခြင်းသည်၊ဟောတိ၊ဖြစ်၏၊အာကိဉ္စညာယ
တန သမာပန္နသသ၊တတိယာရူပါဝစရ်ဈာန်သို့ ကောင်းစွာ ရောက်
သော ပုဂ္ဂိုလ်အား၊ ဝိညာဏသညာ၊ဝိညာဏ်လျှင် အာရုံရှိသော
သညာ၏၊နိရုဒ္ဓါ၊ ချုပ်ပျောက်ခြင်းသည်၊ဟောတိ ဖြစ်၏၊နေဝသညာ
နာသညာယတနသမာပန္နသသ စတုတ္ထာရူပါဝစရ်ဈာန်သို့၊ ကောင်း
စွာ ရောက်သောပုဂ္ဂိုလ်အား၊အာကိဉ္စညာ သညာ၊အာရုံလျှင်၊ကိစ္စ
ရှိသောသညာ၏၊ နိရုဒ္ဓါ၊ ချုပ်ပျောက်ခြင်းသည်၊ ဟောတိ၊ဖြစ်၏၊
သညာဝေဒယိတံနိရောဓ ံ၊ သညာဖြင့်မှတ်၍ခံစားအပ်သော၊ ဈာန
အနိဌတို့၏ချုပ်ခြင်းနိုက် ကောင်းစွာရောက်သော အရဟတ္တဖိုလ်
ပုဂ္ဂိုလ်အား၊ သညာစ၊သညာသည်၎င်း၊ ဝေဒနာစ၊ ဝေဒနာသည်
၎င်း၊နိရုဒ္ဓါ၊ချုပ်ပျောက်ခြင်းတို့သည်၊ဟောန္တိ၊ဖြစ်ကုန်၏။ ၊ဟူ၍
ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ၊မိမိတို့၏ ဘဝ အ
ဆက်ဆက်၊အနမတဂ္ဂသံသရာမှ၊သိမ်းစွဲသမ်းကြရသော၊ရုပ်နံ တ
ရား အာရုံ-၆ ပါးတို့၌၊ အထူးထူးအထွေထွေမှတ်ခြင်း တည်းဟူ
သောနာနတ္တသညာ၊ကာမဂုဏ်ကိုတောင့်တသဖြင့်မှတ်ခြင်း၊ ကာ
မ သညာ၊ကြောင့်ကြဗျာပါရတည်းဟူသော၊ဝိတက်ဝိစာရသညာ
နှစ်သက်ခြင်းတည်းဟူသော ပီတိသညာ၊ချမ်းသာ၏ဟု မှတ်ထင်
သော သုခသညာ၊ ရအပ်ပြီးသော အာရုံမှအပပြု၍၊အပိုင်းအခြား
မှတ်အပ်သော အာကာသသညာ အာရုံလျှင် သိအပ်သောဝိညာ
ဏသညာ၊ အာရုံလျှင် ရှက်ဆောင်အပ်သော ကိစ္စသညာ။ အာရုံ
လျှင် မှတ်ကြောင်းရှိသော နေဝသညာ နာသညာတည်းဟူသော
သညာ-၉-ပါး။ ၎င်းဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ သညာလျှင် မှီရာ
ရှိသော ဝေဒနာ-၉-ပါးတို့ကို၊ ချုပ်ပျောက်ခြင်း တည်းဟူသော၊

နိရောဓသမ္မာပတ် ၉ ပါးဘို့ကို၊ တစတစအားထုတ်ဝင်စားခြင်းတို့ကို၊ ကြောန်မဖေါက်မပြန် အမှန်သိခြင်းသည်၊ နိရောဓသစ္စာဉာဏ်၊ အမှန်သိသဖြင့်၊ တစတစ ချုပ်ကြောင်းကို၊ မျက်မှောက် ပြုကြရခြင်းသည်၊ နိရောဓသစ္စိကာတဗ္ဗကိစ္စဉာဏ် ငင်းသညာ ၉ ပါး၊ ဝေဒနာ-၉ ပါး၊ အကြွင်းမရှိချုပ်ငြိမ်းချက်ဆောင်ပြီးပုဂ္ဂိုလ်သည်၊ နိရောဓ သစ္စိကတဉာဏ် ရသည်ဖြစ်၍၊ အရဟတ္တဖိုလ်နိုက် တည်းတော်မူကြကုန်သည်၊ ။ခီဏံပုရာနံ၊ နဝနတ္ထိသမ္ဘဝံ၊ ဝိရတ္တစိတ္တာအာယတိကေ၊ ဘဝသ္မိံ တေခီဏဗီဇာ၊ အဝိရုဠ္ဟိ ဆန္ဒာ နိဗ္ဗန္တိဓီရာယထာယံပဒီပေါ ဣဒံပိသံဃေရတနံပဏီတံ၊ ဧတေနသစ္စေန သုဝတ္ထိဟောတု၊ ။

ဥပါဒါန် အကြွင်းရှိသောပုဂ္ဂိုလ်များမှာ၊ အနာဂါမ်၌ တည်တော်မူကြကုန်သည်၊ ။ဆန္ဒဇာတောအနက္ခာတေ မနသာစဖုဋောသိယာ၊ ကာမေသုစအပ္ပဋိဗဒ္ဓစိတ္တော၊ ဥဒ္ဓံသောတောတိဝုစ္စတိ၊ ။ငင်းသညာ ၉ ပါး၊ ဝေဒနာ ၉ ပါး ချုပ်ငြိမ်းခြင်းတကြိမ်တဖွဲ့အားထုတ်သောပုဂ္ဂိုလ်တို့အား၊ အားထုတ်စဉ်အခိုက်၊ ကာမရာဂတနုဘာဝခေါင်းပါးသည်ဖြစ်၍၊ သကဒါဂါမ်နိုက် တည်တော်မူကြကုန်သည်၊ ဤသညာ ၉ ပါး၊ ဝေဒနာ ၉ ပါး၊ မှီအတ်သော ဥပါဒါန်သည်၊ သမုဒယသစ္စာ၊ ထိုသမုဒယသစ္စာကြောင်းရင်းခံသဖြင့်၊ ဒုက္ခသစ္စာ၊ ထိုဒုက္ခသစ္စာချုပ်ရာသညာ-၉ ပါး၊ ဝေဒနာ ၉ ပါးတို့ကို၊ ချုပ်ပျောက်ခြင်းသည်၊ နိရောဓသစ္စာ၊ ထိုနိရောဓသမ္မာပတ် ၉ ပါးကိုဝင်စားနိုင်းခြင်းအကျိုး၄ါ ဖြောင့်မှန်စွာမြင်ခြင်းသမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး၊ မဂ္ဂသစ္စာ၊ ထိုသစ္စာတို့ကို၊ ကြောန် မဖေါက်မပြန် ယုံကြည်သဖြင့်၊ တွေးတောခြင်းမရှိသောသူအား၊ ဝိစိကိစ္ဆာကိုပယ်ခြင်း၊ သညာ ၉ ပါး၊ ဝေဒနာ ၉ ပါး၌တပါးငါသူတပါး ယောကျ်ား မိန်းမ မရှိ၊ ငါ၏ ဥစ္စာဟူ၍ စွဲလမ်းခြင်းမရှိသောသူအား၊ သက္ကာယဒိဋ္ဌိပယ်ခြင်း၊ သညာ ၉ ပါး၊ ဝေဒနာ ၉ ပါးနှင့်ဘကွ၊ ၃၁ ဘုံနိုက် ဖြစ်လိုသဖြင့်၊ ကျင့်အင်ဆောက်တည်

အပ်သော သီလပဒ ပရမာသကိုပယ်ခြင်း၊ ဤဆိုအပ်ခဲ့ပြီးသော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလပဒပရာမာသ၊ ချုပ်ငြိမ်းသော ပုဂ္ဂိုလ်သည်၊ သောတာပန် တည်တော်မူကြကုန်သည်။ ၊သဟာဝသာ ဒဿနသမ္ပဒါယတယာဿုဓမ္မာ၊ ဇဟိတာဘဝန္တိ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊သီလပဗ္ဗံဝါပိ၊ယဒတ္ထိကိဉ္စိ။ စတူဟာပါရေဟိစဝိပ္ပ ရုတ္တော၊ဆဇ္ဇာဘိဌာနာနိအဘဗ္ဗကာတုံ ဣဒမ္ပိ သံဃေရတနံပဏီတံ၊ ဧတေနသစ္စေနသုဝတ္ထိဟောတု၊ ၊

ဤကဲ့သို့ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ကိုရစေခြင်းငှာ ဟောကြားပြသဆုမ္မတော်မူရော၊ ဓမ္မ၏သဘာဝ ၅ ပါးသည်၊ မချ တရားတော်အစစ်ဖြစ်သည်၊ ဤဓမ္မသဘာဝ ၅ ပါးနှိုက်၊အဓိရသ ဖြင့်၊သဉ္ဉာ ၉ပါး၊ဝေဒနာ ၉ပါးတို့နှင့်တကွ၊အတ္တသဘာဝကွယ် ပျောက်သော ပုဂ္ဂိုလ်တို့မှ၊ တရားမှုသော ပုဂ္ဂိုလ်ဟူ၍ ဆိုသည်၊ ဤဆိုအပ်ခဲ့ပြီးသော ဓမ္မ၏၊ သဘာဝ ၅ ပါးကို ရနိုင်သမျှ ရနိုင် အောင် ကျိုးစားအားထုတ် ရှာကြံတော် မူကြပါကုန်၊ ၎င်း ဓမ္မ သဘာဝ ၅-ပါးသည်၊ မည်သည့် ကမ္ဘာ အဆက် ဆက် မှ ကွယ်ပျောက်တိမ်မြုပ်ခြင်းငှာမစွမ်းနိုင်သဖြင့်၊ ဓမ္မနိယာမ ၅ ပါး ဟူ၍၊ ဂေါ်ဝါလု သဲစုမက ပွင့်တော်မူကြသော ဘုရားရှင်တို့ ရှေးဦးစွာ ဓမ္မစက္က ပဝတ္တနသုတ္တန် ပါဠိတော်ကြီးကို၊ ဟော တော်မူသည်နှင့် တပြိုင်နက်၊ ၃၁-ဘုံနှိုက် ရှိသော သတ္တဝါတို့ သည်၊ အလွန်ဖြေချမ်းသာခြင်းကို ဖြစ်စေနိုင်သည်၊ အထူးသော် ကား၊ လောကန္တရက်ငရဲနှိုက် ကျက်သောသတ္တဝါများ၊တဦးကို တဦးမြင်နိုင်သော အလင်းကို ရကုန်သည်၊ ပြိတ္တာ အစရှိသော ငရဲကြီးရှစ်ထပ်နှင့်တကွ၊ များစွာသောငရဲငယ်များနှိုက်၊ ကျက် ကြရသော သတ္တဝါများ ချမ်းသာခွင့်ကို ရနိုင်သည်၊ ဓမ္မစက္က ပဝတ္တန သုတ္တန် ပါဠိတော်ကြီးကို ဟောတော်မူခိုက်၊ ဇင်းငယ် သက်သာခွင့် ရကြကုန်သည်၊ ဤခဲ့သို့၊ ဓမ္မစက္က ပဝတ္တနသုတ္တန် ပါဠိတော်ကြီးဟောတော်မူနိုင်သော၊သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား

များ ပွင့်တော်မမူသော ကမ္ဘာတို့၌ဖြစ်ကြရသော၊ ငရဲသူသတ္တဝါ
တို့သည်၊ ကမ္ဘာများစွာပင် ရှည်ကြာပြားသော်လည်း၊ နားခွင့်
သက်သာခွင့်ကိုမျှ မရဖြစ်၍၊ လောကန္တရိက်၊ ဓမ္မနိယာမ-၅-ပါးကို
မှီ၍၊ သစ္စာလေးပါးတို့ကို၊ ဟောကြားတော်မူနိုင်သော၊ သဗ္ဗညု
သင်းကျစ်၊ ဓမ္မရာဇာမင်းများ၊ ထင်ရှားပွင့်တော်မူခြင်းကို ရခဲလှ
သည်ဖြစ်၍၊ လောကသို့ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘောပဟူ၍ ဆိုသည်၊
ဤဒုလ္လဘနှင့် ကြုံကြိုက်သောအခါ၊ ဤဓမ္မ သဘာဝ-၅-ပါးသည်၊
ဓမ္မနိယာမ၊ ထိုဓမ္မနိယာမ-၅-ပါးတို့ကို၊အစိုးရသကဲ့သို့၊ စွဲလမ်း
မှတ်ယူမှားမိသဖြင့်၊ အတ္တသဘာဝ-၅-ပါးတို့နှိုက်၊ မြင်သဖြင့်
ကြံခြင်း၊ သိသဖြင့်ကြံခြင်း၊ မှတ်မိသဖြင့်ကြံခြင်း၊ အစဉ် ခံစား
သဖြင့်ကြံခြင်း၊မိမိအာရုံနှိုက်ထင်းလင်းသဖြင့် ကြံခြင်းတည်းဟူ
သောစိတ္တနိယာမ၊ ၎င်းအမှုတို့ကို ပြုခြင်းတည်း ဟူသော ကမ္မ
နိယာမ၊ ထိုပြုမိသောမျိုးစေ့လျှင် မှီရာရှိသော ဗီဇ နိယာမ၊
ဤဗီဇ နိယာမလျှင်၊ ရွက်ဆောင်အဝ်-ရောက်စေအပ်သော အာ
ဟာရဥတုနိယာမတို့၏ အကျိုးအကြောင်းတို့ကို ကောင်းစွာသိ
တတ်မြင်တတ်ခြင်း၄ါ၊ဓမ္မ(၅)ပါးတို့အနက်၊အာလောကဓမ္မ
ဟု၊ဆိုအပ်သောအရောင်အလင်းကို၊ ကြည့်တတ် ရှုတတ် မြင်
တတ်သောလူအဖြစ်ကိုသာလျှင်၊ မနုဿတ္တဒုလ္လဘဟူ၍ဆိုသည်၊
အမိဝမ်းကကျွတ်သည့်နေ့မှစ၍၊ပကတိ ကြီးပြင်းသော သူတို့ကို
ယခုလောကနှိုက် အလင်းခေါ်ရှိသည်၊ လင်းသည်၊ မှောင်မိုက်
သည်တို့ကို၊ သိကားသိ၏၊မြင်ကားမမြင်၊ဤအလင်းကို မှီ၍သာ
ငါတို့အား ကုသိုလ် အကုသိုလ်တို့ကို ပြုကြရသည်ဟူ၍ မသိ၊
ဤအလင်းသည် အဘယ်သဘောနည်း ဟူ၍လည်း မစုံလမ်း၊
ကမ်းသုံးစွာသော သူတို့ကို၊ မနုဿတ္တဒုလ္လဘဟူ၍ မဆိုသာ၊
ဤအလင်းကိုမှီ၍သာမြင်နိုင်သည်၊ ဤမြင်ခြင်းကိုစွဲ၍သာ သိနိုင်
သည်၊ဤသိခြင်းကိုစွဲ၍သာမှတ်နိုင်သည်၊ ဤမှတ်ခြင်းကို ငဲ့၍သာ
အငဲ့ခံစားနိုင်သည်တို့ကို၊ မပေါက်မပြန် ယုံကြည် နိုင်သော
အဖြစ်ကိုသာလျှင်၊ သစ္စာလေးပါးတို့ကို ဟောကြားရာ၊ အခုင်း

မူလဖြစ်၍၊ သဒ္ဓါသမ္ပတ္တိဘာဝေါ ဒုလ္လဘောဟူ၍ဆိုသည်၊ မိမိ၏ အလိုရမက်လောဘအားကြီးလှသည်ဖြစ်၍၊ ဘဝ အဆက်ဆက် တို့နှိုက်၊ ရွှေငွေဗလီဗောဓအသုံးအဆောင်၊ အိမ်ရာ ကျောင်း ကန် သားမယား ကျေးကျွန်သင်းပင်း ပေါ်များခြင်းတို့ကို၊ အလိုရှိ၍ ယုံကြည်ခြင်းသည်၊စင်စစ် သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘ-မဟုတ်၊ ယုတ်သောအမှုအရာနှင့်သာထင်ရှားရှိနေသည်၊ ၎င်းဆိုအပ်ခဲ့ပြီး သော၊ ဓမ္မသဘာဝ-၅-ပါးတို့ကိုမှီ၍၊အကြောင်း၏ ညီညွတ်ခြင်း ကြောင့် အကျိုးဆက်ဖြစ်ရုံမျှသာဟု၊ မဖောက်မပြန် မှန်ကန် စွာ သိသဖြင့်၊ ငါ မြင်တတ်သည်၊ငါသိတတ်သည်၊ငါမှတ်တတ်သည်၊ ငါခံစားတတ်သည်၊ ငါထင်လင်းတတ်သည်ဟူ၍ အမှတ် မှား သဖြင့်၊ ငါငါဟုစွဲလမ်းတတ်သော၊ အတ္တသဘာဝ(၅)ပါး တို့ကို၊ တဒင်္ဂဝိက္ခမ္ဘန၊ သမုစ္ဆေဒအားဖြင့် နှင်ထုတ်နိုင်သော၊ ပစ္စတ္တ ဘာဝဒုလ္လဘကိုသာရခဲနိုင်သည်၊ အသွင်တူ၊ သဏ္ဍာန်တူပြုလုပ် ကြသော၊ ပုရာဏကဿပ၊ မက္ခလိဂေါသာလ အစ ရှိသော၊ သူတို့၏တပည့်ဖြစ်သော၊ ပဉ္စဝဂ္ဂီရဟန်း၊ ဂေါတမမြတ်စွာဘုရား သာသနာတော်မှသင်းခွဲ၍ ထွက်သွားသော၊ ဒေဝဒတ် တပည့် ဖြစ်သော၊ ပဉ္စဝဂ္ဂီရဟန်း၊ဘုရား ပရိနိဗ္ဗာန် ပြုပြီးသည့်နောက်၊ ဓမ္မ သဘာဝ-၅-ပါးတို့ကို၊ မလိမ္မာသဖြင့်၊ အတ္တသဘာဝ-၅-ပါး တို့ကို စွဲလမ်းမှားသော၊ ပဌမသင်္ဂါယနာတင်နှိုက်၊ အဓိကရဏ ဝိဝါဒကပြုသော၊ သုဘဒ်ရဟန်း၊ ဒုတိယ သင်္ဂါယနာ တင်နှိုက်၊ အဓိကရဏ ဝိဝါဒက ပြုသော၊ ဝဇ္ဇီ တိုင်းသား ရဟန်းများ၊ တတိယသင်္ဂါယနာတင်နှိုက်၊ သစ္စာလေးပါးတို့၏၊ အရင်း မူလ ဝတ္ထုဖြစ်သော၊ ဓမ္မသဘာဝ၊ အတ္တသဘာဝတို့နှိုက်၊ မလိမ္မာ သဖြင့်၊ပရမတ္ထသဘာဝတို့နှိုက်၊ တဘက်သတ် ယူမှားကြသဖြင့်၊ ဓမ္မသဘာဝ-၅-ပါးတို့ကိုသာမှီ၍၊ အကြောင်း၏ ညီညွတ်ခြင်း ကြောင့်၊ အာရုံနှိုက် ထင်ရှားဖြစ်သောအကြံ ထိုအကြံကိုပင်၊ စိတ်ဟူ၍ခေါ်သည်၊ ၎င်းစိတ်သည်၊အကျဉ်းအားဖြင့်၊ လောက၌ ရှစ်ဆဲ့တမျိုး၊ထိုရှစ်ဆဲ့တမျိုးတို့ကို၊ကြံမိသည်နှင့်တကွ၊ ပြုခြင်း

ကို၊ စေတသိက်ဟူ၍ခေါ်သည်၊ဤကြံခြင်း ပြုခြင်း၊ ငါးဆဲ့နှစ်မျိုး ထိုငါးဆဲ့နှစ်မျိုးတို့သည်၊ ဝတ္ထုကိုတခုနှိုက်သာလျှင်၊ ပြုပြင်ရာ အတည်ကိုဖြစ်၍၊ ရုပ်ဟူ၍ခေါ်သည်၊ ထိုရုပ်(၂၈)မျိုး အစရှိသ ဖြင့်၊ ဓမ္မ၏သဘာဝ-၅-ပါးတို့နှိုက် မှီ၍သာ၊ အခိုက်အတန့်ဖြစ် သည်ကိုမြဲ၏၊ အစိုးရ၏၊ ချမ်းသာ၏၊တင့်တယ်၏၊ ဟုယူသော၊ သဿတဝါဒ ဒိဋ္ဌိ၊ ထိုစိတ် စေတသိက် တို့သည်၊ အကြောင်းရှိ သည်လည်းမဟုတ်၊အကျိုးရှိသည်လည်းမဟုတ်ဟု၊ဓမ္မသဘာဝ ၅ ပါးတို့၏ အရင်းကို နားမလည်သဖြင့်၊ ပြန့်လွင့် တွေးတော သော၊ အမရာ ဝိက္ခေပဒိဋ္ဌိ၊ ထိုစိတ် စေတသိက် ရုပ်တို့သည်၊ အကြောင်း အကျိုးမရှိမူ၍၊ မိမိ၏ ဝမ်းပိုက်အတွင်းနှိုက်၊ အမြဲ တည်၏ဟုယူသော၊ အဓိစ္စသမုပ္ပန္နဝါဒဒိဋ္ဌိ၊ ထိုစိတ်စေတသိက် ရုပ်တို့သည်၊ ပညတ် နာမည် သညာမျှသာဟု ယူသော သညီ ဒိဋ္ဌိ၊ ထိုစိတ် စေတသိက် ရုပ်တို့သည်၊ မှတ်၍ထားခြင်းကြောင့် သာရှိသည်၊ အမှတ်မထားခဲ့သော်၊ မရှိဟု ယူသော အသညီ ဒိဋ္ဌိ၊ ထိုစိတ် စေတသိက် ရုပ်တို့သည်၊ အမှတ်ရှိသည်လည်း မဟုတ်၊ အမှတ်မရှိသည်လည်းမဟုတ်ဟု ယူသော၊ နေဝသညီ နာသညီဒိဋ္ဌိ၊ ထိုစိတ်စေတသိက်ရုပ်တို့ကို၊ ဓမ္မသဘာဝ ၅-ပါး ကိုမှီမူ၍၊အကြောင်းကိုမသိမ်းဆည်းဘဲ၊အကျိုးဆက်ကို ဖြတ် ခြင်းတည်းဟူသော၊ ဥစ္ဆေဒဒိဋ္ဌိ၊ ထိုစိတ် စေတသိက် ရုပ်တို့၏ အမည်ပညတ်တို့ကိုသာ နားလည်သဖြင့်၊ အကြောင်းရင်းဖြစ် သော၊ ဓမ္မနိယာမ-၅-ပါးတို့ကို၊ မသိမ်းဆည်းမူ၍၊ ပကတိသော စိတ်အကြံနှင့်၊ ပကတိ ...ငွေ့ခြောက်သွေ့သော၊ ဒိဋ္ဌဓမ္မ နိဗ္ဗာန ဒိဋ္ဌိတို့ကိုယူမှားကြသဖြင့်၊ မြတ်စွာဘုရားသခင်၏ အယူ ဝါဒ တော်တည်းဟူသော၊ ဓမ္မနိယာမ(၅)ပါးတို့ကိုမှီ၍ကြံခြင်း၊ စိတ္တ နိယာမ၊ ပြုပြင်ခြင်း၊ ကမ္မနိယာမ၊ ပြုမိသော အကြောင်းသည်၊ ဗီဇနိယာမ၊ ...ပြုမိသော ကံအားလျော်စွာ၊ သုံးဆဲ့တဘုံနှိုက် ကျင်လည်ကျရောက်ကြရခြင်း ဥတုနိယာမ၊ ထိုသို့ အားလျော်စွာ ရွက်ဆောင်ရခြင်း အာဟာရ နိယာမတို့ကို ပြုပြင်ခြင်း၊

ကမ္မဝါဒီ၊ ခွဲချမ်း ဝိတ်ဖြာ၍သိခြင်း၊ ဝိဘဇ္ဇဝါဒီဖြစ်၍၊ အကျိုးဆက်ကိုလိုသျှင်၊ ဖြစ်စေတတ်သော အကြောင်းကို ပြုပြင်ခြင်း၊ အကျိုးဆက်ကို မလိုသျှင်။ ဓမ္မနိယာမ-၅-ပါးတို့ကိုမှီ၍၊ ငါငါဟူသော သညာဝေဒနာတို့ကို၊ သိမ်းဆည်းတော် မူကြ ကုန်သော၊ ကမ္မဝါဒီ၊ ဝိဘဇ္ဇဝါဒီ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ ဖြစ်တော်မူသော၊အရှင်ကောင်း အရှင်မြတ်တို့ကို၊ ပုတ်ခတ်ညှင်းဆဲ၍ နေသော၊ ရဟန်းသဒိသ ပဗ္ဗဇိတသဒိသ ဖြစ်သောသူတို့၏အဖြစ်ကို ပဗ္ဗဇိတဒုလ္လဘ ဟူ၍မဆိုသာ၊ ထိုမှတပါး၊ တတိယသင်္ဂါယနာတင်ပြီးသည့်နောက်၊ အတိဒုလ္လဘ၊ အတိသုခုမ၊ အတိဂမ္ဘီရ ဖြစ်သော၊ ဓမ္မစက္ကပဝတ္တန သုတ္တန်ပါဠိတော်ကြီးကို၊ ရှေးဦးစွာဟောတော်မူရာ၊ သစ္စာလေးပါးတို့၏။ အရင်းအမြစ်ဖြစ်သဖြင့်၊ ပစ္စေကဗုဒ္ဓါတို့၏ အရာမဟုတ်၊ သမ္မာသမ္ဗုဒ္ဓ ရှင်တော်ဘုရားမှသာသျှင် သတ္တဝါတို့အား၊ ထင်ရှားညွှန်ပြ ဆုမ္မတော်မူနိုင်သော ဓမ္မသဘာဝနိယာမငါးပါးတို့နှင့်၊မသိမမြင်၊ မသင်မကြားမူ၍၊ တဦးကို တဦး သိစေခြင်းငှာ၊ပညတ်အခေါ်မျှဖြစ်သော၊သဒ္ဒနယ၊ကမ္ဘာဦးမှစ၍၊လူမျိုးတရာ့တပါးတို့နှင့်၊မိမိတို့ ဘာသာအားလျော်စွာ၊ ပညတ်အမှတ်ပေးကြသော၊ သဒ္ဒနယ၊ ရှေးသူတော်ကောင်းတို့၏ အခေါ် ဖြစ်သော၊ပေါရာဏဘာသာ၊ ယခုလူတို့ အခေါ် ဖြစ်သော ဝေါဟာရဘာသာ၊မာဂဓလူမျိုးတို့၏အခေါ် ဖြစ်သော၊မာဂဓဘာသာ၊သီဟဠလူမျိုးတို့၏ အခေါ် ဖြစ်သော၊ သီဟဠဘာသာ၊မြန်မာလူမျိုးတို့၏အခေါ် ဖြစ်သော၊ မြန်မာဘာသာစသည်ဖြင့်။ ဘာသာတွေ ဘာသာကွဲတို့ကိုနားလည်သဖြင့်၊ ဗုဒ္ဓေါဟူသော မာဂဓဘာသာသည်၊ မြန်မာဘာသာအားဖြင့်၊ ဘုရားဟူ၍ ခေါ်သည်စသဖြင့် ဘာသာပြန်ကိုသာရိပ်မိခြင်းကြောင့်၊ ဓမ္မနိယာမတို့၏၊ ယထာဘူတကိုမသိသဖြင့်၊ငါငါဟု မာန်မူပြီးသျှင်၊တတိယ သင်္ဂါယနာတင်ပြီးသည့်နောက်၊ဝိနည်းခန္ဓကပရိဝါကို၊ပါဠိထုံးအနက်ထုံးပြုလုပ်ပြီးသျှင်၊ မဟာဝိဟာရဝါသီဂိုဏ်းမှခြားနား၍၊ ဂိုဏ်းသီးထောင်သော၊ အဘယ ဝါသီဂိုဏ်း၊ ထိုနောက်၊ ဝင်းနည်း၊ ဥဘတော

ဝိဘင်းကိုပါ၌ခြား၊ အနက်ခြား ပြုလုပ်၍။ ဂိုဏ်းသိး ထောင်သော ဇေတဝနဝါသီ ဂိုဏ်းအစရှိသော၊ဂိုဏ်းသီး ဂိုဏ်းခြားတို့သည်၊ စက္ခုဓမ္မ၊ဉာဏဓမ္မ၊ပညာဓမ္မ၊ဝိဇ္ဇာဓမ္မ၊အာလောကဓမ္မ၊ သဘာဝ ၅-ပါး၊ နိယာမတရားတို့၏ အရင်းမူလကို-မသင် မကြား မသုံးသပ် မဆင်ခြင်းသည်ဖြစ်၍၊ ငါငါဟူ၍ မာန်မူပြီးလျှင်၊ အတ္တသဘာဝစွဲလမ်းမိသည့်အတွက် ဗိတ္တနိယာမ၏ တစိတ်တဒေသ၊ ကမ္မနိယာမ၏ တစိပ်တဒေသ၊ ဗီဇနိယာမ၏ တစိပ်တဒေသ၊ ဥတုနိယာမ၏ တစိတ်တဒေသ၊ အာဟာရနိယာမ၏၊ တစိပ်တဒေသတို့ကိုယူ၍ မှားသဖြင့်၊ အလွန်ထောင်လွှားသော မာန်မာန နှင့်တကွ၊ သစ္စာလေးပါးတို့၏ အရင်းမူလဖြစ်သော၊ယထာဘူတ၊ ဓမ္မသဘာဝ-၅-ပါးတို့ကို မယူမူ၍ မိမိတို့ ထင်ရာယူပြီးလျှင်၊ အဝေဒ္ဓဝါဒီ- အလဇ္ဇီဝါဒ၊ အကျိုး အကြောင်း မှာမရသော၊ သိက္ခာကာမ အသွင်သဏ္ဌာန် တူကာမျှဖြစ်သော၊ ရဟန်းသဒိသ၊ ပဋ္ဌိတသဒိသတို့၏ အဖြစ်ကို၊ပဋ္ဌိတဘာဝ ဒုလ္လဘဟူ၍ မဆိုသာ စင်စစ်သော်ကား၊ ကမ္မဝါဒီ ဝိဘဇ္ဇဝါဒီဖြစ်သော၊ ရဟန်းကောင်း ရှင်ကောင်း အဖြစ်သာလျှင်၊ အလွန်ခဲယဉ်းလှသည် ဖြစ်၍၊ပဋ္ဌိတဒုလ္လဘဟူ၍ဟောတော်မူသည်၊ ၊သဒ္ဓမ္မသဝန်အတိဒုလ္လဘံဟူရာနိက်၊ဗဟုပကာရမည်သောတရား ၅ ၅ပါး၊ဘာဝေတဗ္ဗမည်သောတရား ၅ ၅ပါး၊ပရိညေယျမည်သောတရား ၅ ၅ပါး ပဟာတဗ္ဗမည်သောတရား ၅ ၅ပါး ဟာနဘာဂိယမည်သောတရားမျိုး ၅ ၅ပါး၊ဝိသေသဘာဂိယမည်သောတရားမျိုး ၅ ၅ပါး၊ ဒုပ္ပဋိဝိဇ္ဈာမည်သောတရားမျိုး ၅ ၅ပါး၊ ဥပ္ပါဒေတဗ္ဗမည်သောတရားမျိုး ၅ ၅ပါး၊အဘိညေယျမည်သောတရားမျိုး ၅ ၅ပါး၊ သစ္ဆိကာတဗ္ဗမည်သောတရားမျိုး ၅ ၅ပါး၊ ရရပေါင်း ၅ ၅ ၀ မျှသောက်သောတရားတို့အနက်၊ ဤအမှုကား-ကုသိုလ်ကိုဖြစ်စေတတ်သည်၊ ဤအမှုကား၊ အကုသိုလ်ကို ဖြစ်စေတတ်သည်၊ ဤခဲ့သို့ကျင့်ခြင်းသည် ကုသိုလ်ခရုန်း၏၊ဤခဲ့သို့ကျင့်ခြင်းသည်၊အကုသိုလ်ခရုန်း၏၊စသဖြင့်၊ ကုသလကမ္မပထ အကုသလကမ္မပထ၊ သုစရိတ ဒုစရိတတို့

ကိုသာကြားနာရခြင်းသည်၊သဒ္ဓမ္မသဝနဒုလ္လဘမဟုတ်၊ အဘယ်ကြောင့်နည်းဟူမူ၊ဒါနသီလ ဘာဝနာအစရှိသော၊ ပုညကိရိယာမျိုးဆယ်ပါးတို့ကို၊ ဝေဘန်ကြံဖြိပြသနိုင်သော ပုဂ္ဂိုလ်တို့သည်၊ ကမ္ဘာအဆက်ဆက်၊အထက် နတ် သိကြား ဗြဟ္မာ လူပညာရှိ ရသေ့ ဦးပြည်း အစရှိသောသူတို့သည်၊ သာသနာပသုညကမ္ဘာတို့နိုက်၊ဆုံးမကြောင်း သင်ကြားပြသနိုင်ကြောင်းများကို၊ကျမ်းဂန်တို့နိုက်ထင်ရှားရှိသည်၊ ပင်စစ်သော်ကား၊ ပါတိမောက္ခ သံဝရမျှလောက်ဖြစ်သော၊ ငါးပါးသီလ အလေ့အလာများကို၊ ဗာရာဏသီပြည်၊ ဥသိနကမင်းလက်ထက်၊ သိကြားမင်း မုခသိုးရောင်ဆောင်ပြီးလျှင်၊မာတလိနတ်သားကို၊ခွေးနက်ကြီးရောင်ဆောင်၍ ဘဝကူးကောင်း–နတ်ရွာလမ်းကြောင်းမျှလောက်သော၊သုစရိတတို့ကိုဟောကြားဆုံးမနိုင်ကုန်သည်၊သို့ဖြစ်၍၊ ဤမျှလောက်သောတရားတို့ကို၊ သဒ္ဓမ္မသဝန် အတိဒုလ္လဘ ဟူ၍ မယူသာ၊ တကြောင်းမှာလည်း၊ သာသန ဗာဟိရ၊ ဒေဝဒတ်စသော၊ တိတ္ထိတက္ကတွန်းတို့ ဟောကြားအပ်သောတရားရသည်လည်း၊ ဤဒါန၊ သီလ၊ ဘာဝဏာစသော တရားမျိုးပင်ဖြစ်သည်၊ သို့ဖြစ်၍၊ အပြောခြင်းတူ အဟောခြင်းတူသဖြင့်၊ အယူမကွဲသခဲ့သို့ရှိ၍၊ သဗ္ဗညုရှင်တော်ဘုရားကို၊ ပြစ်မှားဝံ့ကြကုန်သည်၊ သတိမူကြလေကုန်၊ ၊အသုံးဝုံသောတရားမျိုး ၅၅၀ တို့၏၊အဦးအထိပ်အရင်းမူလဖြစ်သော၊ဓမ္မနိယာမ ငါးပါးတို့ကို၊ဟောကြားရာ၊ကြားရ နာရခြင်းသာလျှင်၊ သဒ္ဓမ္မသဝန် အတိဒုလ္လဘ ဟူ၍မှတ်၊အဘယ်ကြောင့်နည်းဟူမူ၊ ဤဓမ္မနိယာမကို မှီ၍သာ စိတ္တနိယာမ၊ ကမ္မနိယာမ၊ဗီဇနိယာမ ဥတုနိယာမ၊ အာဟာရနိယာမ တည်းဟူသောမပေါက်မပြန် အဆက်ဆက်ဖြစ်စေသဖြင့်၊ ပရမတ္ထ သဘာဝတို့ကို၊ ဟောတော်မူရာ၊ ဓမ္မ ၅ ပါးကိုမှီ၍သာ စိတ်တခုဖြစ်နိုင်သည်၊ ဓမ္မ ၅ ပါးကိုမှီ၍သာ စေတသိက်တခုဖြစ်နိုင်သည်၊ဓမ္မ ၅ ပါးကိုမှီ၍သာ၊ရုပ်တခုဖြစ်နိုင်သည်၊သို့ဖြစ်၍ ဓမ္မသဘာဝသာလျှင်သေးပါး သေးပါး ပိုမိုလွန်ကဲ သည်ဖြစ်၍၊ဓမ္မစက္ကပဝတ္တနသုတ္တန်ပါဠိတော်

ကြီးကို၊ဟောကြားပြီးသည့်နောက်၊ တာဝတိံသာနှိုက်၊ ပရမတ္ထ သဘာဝတို့ကို၊ ဟောကြားတော်မူရာ၊ ဓမ္မသင်္ဂဏီမှစ၍ ဓမ္မသဘာဝ၏ ကျယ်ဝန်းပုံကို အလုံးစုံသိစေရန်၊လူသာမန်တို့မနာမယူနိုင်သော၊ ဓမ္မစကြာသုတ္တာနုလောမ မည်သော၊ အဘိဓမ္မာ ဒေသနာတော်ကိုဟောတော်မူသည်၊၎င်းနောက်၊ ရှင်သုဒိန်ကိုအစပြု၍၊ မြတ်စွာဘုရားသခင်၏၊ ကမ္မဝါဒီ ဝိဘဇ္ဇဝါဒီတို့ကို၊ ဆုံးမပညတ်တော်မူရာ၊ အာဏာပါတိမောက် တည်းဟူသော၊ အာစရိယဝါဒ ဝိနည်းဒေသနာတော်တို့ကို၊ ဟောကြားတော်မူသည်၊ သို့ဖြစ်၍ သုတ္တန်ပိဋကတ်တော်ကြီး၊အဘိဓမ္မာပိဋကတ်တော်ကြီး၊ ဝိနည်း ပိဋကတ်တော်ကြီးသုံးရပ်တို့တွင်၊ အတ္တသဘာဝ စွဲလမ်းခြင်းမှ လွတ်စေခြင်းငှာ၊ ဓမ္မနိယာမသဘာဝငါးပါးတို့၏၊ ထင်ထင် ရှားရှား ဖြစ်ပုံ ပျက်ပုံတို့ကိုသာ၊ အလွန်ကြားရ နာရခဲလှသည်ဖြစ်၍၊ စင်စစ်အတိဒုလ္လဘာ၊အတိသုခုမ၊အတိဂမ္ဘီရဖြစ်သည်၊ အဘယ်ကြောင့်နည်း၊ဘုံသုံးပါးတို့နှိုက်၊ကျင်လည်ကြကုန်သော သတ္တဝါတို့အား၊ မိမိ၏အာရုံနှိုက် ထင်လင်းမှသာလျှင် မြင်နိုင်သည်၊ မြင်မှသာ လျှင်သိနိုင်သည်၊ သိမှသာလျှင်မှတ်နိုင်သည်၊ မှတ်မိမှသာလျှင် ခံစားနိုင်သည်၊ ဤခံစားလိုသော အာရုံ၌သာလျှင်၊ အမြဲစွဲလမ်းကပ်ငြိသာယာသည်ဖြစ်၍၊ ဘုံသုံးပါးမှ မထွက်မြောက်နိုင်သည်တို့ကို၊သစ္စာလေးပါးတို့နှိုက်၊ ထင်ထင် ရှားရှား ထင်ပြီးလျှင်၊ သတ္တဝါတို့၏ ပြုပြုသမျှသောအမှုတို့နှိုက်၊ တကွနက် ဖြစ်သော၊ ဓမ္မသဘာဝ ၅ပါးသည်၊ သဒ္ဓမ္မသဝန၊ ဟောကြားရာ နာခံမှတ်သား၍၊ ငါ့နှိုက်လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတည်းဟူသော၊ ကိလေသာတို့ကိုငြိမ်းစေခြင်းငှာ၊ ထင်ရှားရှိသော အာလောက ဓမ္မကိုရှု၍၊ အလင်းကို နှလုံးသွင်းသဖြင့်၊ ပယ်မြောက်ခြင်းတည်းဟူသော၊ကမ္မဋ္ဌာန်း၊ကိစ္စတို့ကို၊ ရှုက်ဆောင်မှသာလျှင်၊တစတစ၊ပဋိသတိမဂ္ဂါယ၊ညာဏမဂ္ဂါယအဖြစ်သို့ရောက်သဖြင့်၊သမုဒယဓမ္မာနုပဿီဝါငါးပါး၊ ဝယဓမ္မာ နုပဿီဝါငါးပါးတို့ကို၊ ထင်

ရှားမြင်သဖြင့်၊ အဋ္ဌာတိဝါ ငါးပါး၊ အဋ္ဌနိယဋ္ဌိဝါ ငါးပါးတို့ကို၊ ပယ်ဖြောက်ချုပ်ငြိမ်းစေခြင်းငှာ၊ ဟောတော်မူအပ်သော၊ ဓမ္မစက္ကပဝတ္တန သုတ္တန်ပါဠိတော်ကြီးနှိက် ထင်ရှားရှိသော ဓမ္မ၏သဘာဝ-၅-ပါးတို့တွင်၊ တပါးပါး၏ အကြောင်း အကျိုးနှင့်တကွ၊ ဖြစ်ပုံပျက်ပုံတို့ကိုသာ၊ အလွန်ကြွားရနာရခဲလှသည်ဖြစ်၍၊သဒ္ဓမ္မသဝန်အတိဒုလ္လဘံဟူ၍မှတ်၊ သို့ဖြစ်၍ ဤဓမ္မစက္ကပဝတ္တနသုတ္တန်ပါဠိတော်ကြီးနှင့်တကွ၊ သုတ္တာနုလောမဖြစ်သော အဘိဓမ္မာပါဠိတော်ကြီး၊မြတ်စွာဘုရား၏အလိုတော်တည်းဟူသော၊အာစရိယဝါဒဝိနည်း ပါဠိတော်ကြီး သုံးပါးတို့ကို၊ အမှိတကဲသဟဲ့ ပြုပြီးလျှင်၊ နောင်လာနောက်သား သိသာနှသိသတို့။မှတ်သားနာယူစေခြင်းငှာ၊ ဓမ္မ၏သဘာဝ ငါးပါး သတ္တဝါတို့သည် အဋ္ဌဟုစွဲသမ်းကြမှုသော၊ အဋ္ဌသဘာဝငါးပါးတို့ကို၊ပိုင်းခြားထင်ထင်သိမြင်စေခြင်းငှာ၊ အကြောင်းအကျိုးစပ်၍၊ အစဉ့်သဘောအားဖြင့်၊ အဆက်ဆက်ဖြစ်စေတတ်သော၊ ပရမတ္ထ သဘာဝ-၄ ပါးနှင့်တကွ၊ ဤကား ဓမ္မသဘာဝ၊ ဤကား သတ္တဝါတို့ စွဲလမ်းကြသောအဋ္ဌသဘာဝ၊ဤကား၊မပေါက်မပြန် အဆက်ဆက်ဖြစ်စေတတ်သော ပရမတ္ထသဘာဝ၊ ဤကား သဘောအနက်ကို ဟောတတ်သော အဋ္ဌသဘာဝ။ ဤကားအသံကိုစွဲ၍ ဖြစ်တတ်သော သဒ္ဒသဘာဝ၊ဤကားတဦးကိုတဦး အမှတ်ပေးသောအားဖြင့်၊ သိရာသိကြောင်းဖြစ်သော ပညတ္တိသဘာဝစသောအားဖြင့်။ များစွာသော သဘာဝတို့ကိုဖွင့်ပြတော်မူကြသော။အရှင်ကောင်း အရှင်မြတ်တို့သည်၊ မြတ်စွာဘုရားပရိနိဗ္ဗာန် ပြုပြီးသည့်နောက်၊ အနှစ်လေးရာငါးဆယ်တွင်၊ သီဟိုဠ်ကျွန်းနှိက်၊ စတုတ္ထ သင်္ဂါယနာပေထက်တင်တော်မူကြသည်၊ထိုနောက်ရှင်နာဂသေန မထေရ်မြတ်သည်၊ အနှစ်ငါးရာတွင်၊ ပဥ္စမသင်္ဂါယနာ တင်တော်မူသည်၊ ထိုနောက်အနှစ် ၉၀၀-ကျော်တွင်၊ သီဟိုဠ်ကျွန်း စေယနာဂမင်းပြုသည်၊ တကျွန်းလုံး မငြိမ်မဝပ်တော်မှတ်ကြ၍၊ ပိဋကတ်ကိုသင်တော်မူကြကုန်သော ရဟန်းမြတ်တို့၊ ဇမ္ဗူဒိပ်သို့ ကူးကြသည်၊

သီဟိုဠ်ကျွန်းတွင်ကျန်ရစ်သော ရဟန်းတို့လည်း၊ငတ်မွတ်သဖြင့်၊ ဝမ်းရေကို စည်းသွဲ့၍ရင်း၊ ဝမ်းထက်၊ သဲပုတင်ထား၍ရင်း၊ ပိဋကတ်ကို ဆောင်ရွက်ကြသည်၊ ကုဋိကဏ္ဍ တိဿမင်းပြု၍ ငြိမ်ဝပ်သာယာမှ၊ ဇမ္ဗူဒိပ်ကိုကူးသောရဟန်းတို့ပြန်လာ၍၊ ကျန်ရစ်သောရဟန်းများနှင့်၊ မဟာဝိဟာရကျောင်းတွင်၊ ပိဋကတ်ကို မယိုမယွင်းရအောင်၊ ညှိညွတ်ကြသည်၊ တပုဒ်၊ တသဒ္ဒမျှ၊ မတိမ်းမယိမ်း ညှိညွတ်သည်၊ပေထက်တင်ပြီး ပိဋကတ်ကိုလည်း၊ သီဟိုဠ်တွင်ပင် ကောင်းမွန်စွာ ဆောင်ရွက်ကြသည်၊ ထိုကျွန်းတွင်ပင်၊ အဋ္ဌကထာကို အရှင်ဗုဒ္ဓဃောသ၊ မာဂဓဘာသာပြန်၍ ရေးသားပြုရသည်၊ နောက်လည်း များသောအားဖြင့်၊ ထိုကျွန်းမှာပင်၊ အဋ္ဌကထာဋီကာ၊ အနု၊ မဓု၊ လက်သန်း၊ ဂဏ္ဌိ၊ဂဏ္ဌိတ္ထရ၊ ကျမ်းများကိုရေးသားပြုရကြ၍၊သာသနာတော်မြတ် စည်ပင် သန့်ရှင်းထွန်းလင်းသည်၊ ဗုဒ္ဓဝင် အဋ္ဌကထာကို၊ အရှင် ဗုဒ္ဓဒတ်ပြုသည်၊ ခုဒ်ဒ္ဒဝတ် ဥဒါန်းစရိယာ ပိဋကတ်၊ ထေရာ၊ ထေရီ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ နေတ္တိအဋ္ဌကထာများကို ဆရာဓမ္မပါလပြုသည်၊ ဆရာဓမ္မပါလကား၊ သီဟိုဠ်ကျွန်းအနီး၊ ဗဒရတိတ္ထဆိပ်ကမ်းနိုက်နေ၍၊ သီဟိုဠ်စာရင်းဝင်ဖြစ်လေသည်၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို၊ ရှင် မဟာနာမပြုသည်၊ မဟာနိဒ္ဒေသ အဋ္ဌကထာကို၊ ရှင်ဥပသေနပြုသည်၊ အဘိဓမ္မာ၊ ၇ ၊ကျမ်းဋီကာကို သီဟိုဠ်အရှင်အာနန္ဒာပြုသည်၊ ဋီကာတကာတို့၏၊ လက်ဦး အမြစ်အရင်းဖြစ်၍၊ မူလဋီကာတွင်သည်၊ ၊ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ ဋီကာနိကာယ်၊ ၃ ကျမ်းဋီကာ၊ မဇ္ဈိမနိကာယ်၊ ၃ ကျမ်းဋီကာ၊သံယုတ်နိကာယ်၊ ၅ ကျမ်းဋီကာကို၊ ဆရာဓမ္မပါလပြုသည်၊ ဝိနည်း၊ ၅ ကျမ်းဋီကာ၊ အင်္ဂုတ္တရကျမ်းဋီကာကို၊ ပရက္ကမဗာဟုမင်းတိုက်တွန်း၍၊ သီဟိုဠ်ရှင်သာရိပုတ္တရာပြုသည်၊ ဤဝိနည်း ဋီကာဆရာ ရှင်သာရိပုတ္တရာနှင့်၊ အဘိဓာန် ဆရာအရှင် မောဂ္ဂလာန် နှစ်ပါးကား၊ ပရက္ကမဗာဟုမင်းဆရာ၊သီဟိုဠ်ရှင် ကဿပတပည့်ချည်းထည်း၊ ဝေသင်တပည့်သက်သား ငါးရာစီရှိသည်၊ ၊အဘိဓမ္မာ

၇ ကျမ်း၊ အနုဋီကာကို ဆရာဓမ္မပါလပြုသည်၊ ဋီကာရင်းတွင် မသင်မလွယ်သည်ကို ထင်လွယ်အောင် တဘာန်ဆင့်၍ ဖွင့်သောကြောင့်၊ အနုဋီကာတွင်သည်၊ ဤနည်းကိုမှီ၍ နောက်ဆရာတို့လည်း၊ ဒွါဒသကာသာ၊ အနုဒါတုကထာစသည်များကို ပြုကုန်သည်၊ ။ဝိသုဒ္ဓိမဂ်ရှုဋ္ဌဋီကာ ကင်္ခါဝိတရဏီရှုဋ္ဌဋီကာစသော မရဒီပဏီကျမ်းများကို၊ အညတြဆရာတို့ပြုကုန်သည်၊ ဋီကာရင်းဖြင့်၊ အနက်အဓိပ္ပါယ်မကုန်သေး ကြွင်းကျန်သည်တို့၊ သိသာမြင်မြတ်လှသည်ဖြစ်၍၊ မရဒီပဏီတွင်သည်၊ ။မောဟဝိစ္ဆေဒနီ လက်ဆန်းကို သီဟိုဠ်ရှင်ကဿပပြုသည်၊ အဘိဓမ္မကထာ ၇ ကျမ်းကို၊ ရှင်ဗုဒ္ဓဒတ်ပြုသည်၊ ဝိနယသင်္ဂဟကို သီဟိုဠ် ရှင်သာရိပုတ္တရာပြုသည်၊ ချန္ဒသိက္ခာကို၊ ရှင်ဓမ္မသိရိပြုသည်၊ ပရမတ္ထဝိနိစ္ဆယ၊ နာမရူပပရိစ္ဆေဒ၊ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းများကို၊ သီဟိုဠ်ရှင်အနုရုဒ္ဓါပြုသည်၊ လက်မလက်သန်းဟူသကဲ့သို့ အကျည်းအဖြွက်မျှမှတ်သော၊ ကျမ်းငယ်ဖြစ်၍ လက်ချမ်းဟူ အပ်လျက်၊ ကာလကြာသဖြင့်၊ လက်သန်းတွင်သည်လည်း ဆိုကုန်သည်။ ။ဝဇိရဗုဒ္ဓိမည်သော ဝိနည်း ၅ ကျမ်း ဂဏ္ဌိကို၊ ဝဇိရဗုဒ္ဓိဆရာ ပြုသည်၊ မူလဂဏ္ဌိ၊ မဇ္ဈိမဂဏ္ဌိ၊ မဟာဂဏ္ဌိ ၃ ကျမ်းကို၊ သီဟိုဠ်ဆရာတို့ပြုသည်၊ ဋီကာအနု၊ မရဒီပဏီကျမ်းများကဲ့သို့၊ ပုဒ်စဉ်ပါဠိချောက် မဖွင့်ဘဲ၊ ခက်ခဲစနိုးသော အဆစ်အပုတ္တွင်သာ ဖွင့်သောကျမ်းသည်၊ ဥာဏ်အထူး၏တည်ရာဖြစ်၍ ဂဏ္ဌိတွင်သည်၊ အဘိဓာန်ကို၊ သီဟိုဠ် ရှင်မောဂ္ဂလာန်ပြုသည်၊ အဋ္ဌာဗျက္ချာန်ကို ရှင်ဗုဒ္ဓဗုဒ္ဓိပြုသည်၊ ဆန်းအလင်္ကာကို ရှင်သံဃာ ရက္ခိတပြုသည်၊ ဗျာကရိုဏ်းကို၊ သီဟိုဠ် ရှင်မောဂ္ဂလာန်ပြုသည်၊ မဟာဝင်၊ ဗုဒ္ဓဝင် ဒီပဝင်၊ ထူပဝင်၊ ဗောဓိဝင်၊ ဓာတုဝင်များကို၊ သီဟိုဠ်ဆရာတို့ပြုသည်၊ ဒါဌာဓာတုဝင်ကျမ်းကို၊ သီဟိုဠ် သေနာပတိ ထောင်းပန်၍ ရှင်ဓမ္မကိတ္တိပြုသည်၊ ဤသို့စသော ကျမ်းထူးကျမ်းပြားများသည်၊ ပါဠိတော်အဋ္ဌကထာစသော ကျမ်းဂန်များမှ အလွတ်အထူးအချား ဖြစ်၍၊ ဂန္ထန္တရတွင်သည်၊ ဤသို့သျှင်၊ ယခင်က အဖြွက်မျှ

သာပြခဲ့သော၊ ပါဠိအဋ္ဌကထာဋီကာအနု၊ မရူလင်္ကာသန်း၊ ဂဏ္ဍိ ဂန္ထန္တရပဟူ၍၊ ကျမ်းမျိုး ၇ ပါးတို့ကို၊ ဒေသအားလျော်စွာ အနက် ပြန်ရသည်ကိုဆိုသော၊ ယောဇနာနှင့်သော်၊ ကျမ်းမျိုး ၈ ပါး ၏အလုံးစုံကို သီဟိုဠ်ကျွန်းဟွင်သာ လက်မွန်ရှေးဦးအများ စီရင် ကြသည်ဖြစ်၍၊ ရှင်ဗုဒ္ဓဃောသ၊ ရှင်ဗုဒ္ဓဒတ်၊ ရှင်ဓမ္မပါလ၊ ရှင်မ ဟာနာမ၊ ရှင်ဥပသေန၊ ရှင်အာနန္ဒာ၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂ လာန်၊ ရှင်ကဿပ ရှင်ဓမ္မသိရိ၊ ရှင်အနုရုဒ္ဓ၊ ရှင်ဝဇိရဗုဒ္ဓိ ရှင် ဇုဋ္ဌဗုဒ္ဓ၊ ရှင်သင်္ဃရက္ခိတ၊ ရှင်ဓမ္မကိတ္တိ အစရှိသော၊ များလှစွာ သော၊ ကျမ်းပြုဆရာတို့ဖြင့်လည်း၊ သီဟိုဠ်ကျွန်းနှိက် ကြာမြင့်စွာ သာသနာတော်စည်ပင်ပွင့်လင်းသည်ဖြစ်၍၊ ကာလအားရှည် ကြာ မြင့်သဖြင့်၊ နောင်လာနောက်သားတို့သည်၊ သင်္ဂါသနာတင် ပါဠိ တော်ဟုထင်မှားသဖြင့်၊ ထိုနောင်လာ နောက်သားတို့၊ ယုံမှား ပျောက်စေခြင်းငှာ၊ ။သဗ္ဗညုဘုရား ပရိနိဗ္ဗာန်စံတော်မူသည့် နောက်၊ လေးလမြောက်ဝယ်၊ ရာဇဂြိုဟ်ပြည်နှိက်ပဌမသင်္ဂါယ နာတင်သော၊ အဇာတသတ်မင်း၊ ဝေသာလီပြည်နှိက်၊ ဒုတိယ သင်္ဂါယနာတင်သော၊ ကာလာသောကမင်း၊ ပါဋလိပုတ်ပြည်၌ တတိယ သင်္ဂါယနာတင်သော၊ သီရိဓမ္မာသောကမင်း၊ သီဟိုဠ် ကျွန်း၌၊ စတုတ္ထသင်္ဂါယနာတင်သော၊ ဝဋ္ဋဂါမဏိမင်း၊ သာဂလ ပြည်၌၊ ပဉ္စမသင်္ဂါယနာတင်သော၊ မိလိန္ဒမင်း၊ ၎င်းနောက်၊ ပဉ္စမ သင်္ဂါယနာတင်ရာအရှင်နာဂသေနမထေရ်ဟောတော်မူအပ်သော မိလိန္ဒပဉှာ ပါဠိတော်ကို အဆုံးသတ်၍၊ ဇမ္ဗူဒီပ၊ အင်္ဂရဋ္ဌတိုင်း ရတနာပုံ ရွှေမြို့တော်ကြီးနှိက်၊ သာသနာတော်၊ ၂၄၁၅-ခုနှစ်၊ သက္ကရာဇ်ကောဇာ၊ ၁၂၃၃-ခု၊ နှောင်း တန်းခူးလပြည့်ကျော် ၁၁-ရက်၊ စနေနေ့တွင်၊ ကျောက်ထက်အက္ခရာတင်ရာ၊ ဝိနည်း ၅ ကျမ်းကျောက်ချပ်ပေ-၁၁၁၊ ။အဘိဓမ္မာခုနှစ်ကျမ်းကျောက် ချပ်ပေ-၂၀၈၊ ။နိကာယ် ၅ ကျမ်းသုတ္တန်ပါဠိတော်ကျောက် ချပ်ပေ-၄၁၀၊ ။ပေါင်း-၇၃၀-ပြီးပြည့်စုံသည်ဖြစ်၍၊ ၎င်းနေ့ က ပြီးသျှင်၊ မြေနန်းတော်ထက်သင်္ဃာတော်အပေါင်း-၂၄၀၀ကို

ရွေးချယ်ဗိစစ်တော်မူ၍၊ နှုတ်တက်အာဂုံ ဆောင်လျက်၊ တပေါင်းတည်း ပြန်ရွတ်သရဇ္ဈာယ် ကြရသည်၊ ၎င်းနောက် ၆၂၀ သော၊ အရှင်ကောင်း-အရှင်မြတ်တို့ကို၊ ဆင်ခွယ် တံဆိပ်ကပ်လှူတော်မူပြီးသျှင်၊ နှုတ်တက်အာဂုံနှင့် တူကွအစဉ်သဖြင့်ပေါင်း၍ ပြန်ဆိုသရဇ္ဈာယ်တော်မူကြရာ၊ ၎င်းနှစ် တော်သလင်း လပြည့်ကျော်-၁-ရက်၊ အင်္ဂါနေ့ရောက်။ ခြောက်လနှင့်ပြီးစီးသဖြင့်၊ ပဌမကျောက်သက်အက္ခရာနှင့်တကွ၊ သင်္ဂါယနာ တင်တော်မူပြီးသျှင် မဟာလောကမာရဇိန်ဘုရားနိုက်ထင်လျှားရှိသော၊

## ကျောက်စာပါဠိတော်စာရင်း၊

သုတ်သီလက္ခံပါဠိတော်၊ ကျောက်ချပ်-၁၁-မှာ၊ ပြင်ထပ်ပြင်တန်း အနောက်မျက်နှာရုတ်ပေါက်မြောက်ဘက်တစ်ဂူအစ၊ မြောက်တဲ့တစ်ဆုံး၊ သုတ်မဟာဝါပါဠိတော်ကျောက်ချပ်ရေ-၁၃မှာ ၎င်းမြောက်ဘက်-၁၂-ဂူအစ-၂၄-ဂူအဆုံး၊ ၊သုတ်ပါထေယျပါဠိတော်ကျောက်ချပ်ရေ-၁၂မှာ၊ ၎င်းတန်းမြောက်မျက်နှာရုတ်ပေါက်အရှေ့ဘက်တစ်ဂူအဆုံး၊ ၊မူလပဏ္ဏာသပါဠိတော် ကျောက်ချပ်ရေ ၂၀-မှာ၎င်းတန်း၊ ၎င်းမျက်နှာရုတ်ပေါက် အရှေ့ဘက်-၂-ဂူအစ အရှေ့မြောက်ထောင့်အဆုံး၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ကျောက်ချပ်ရေ-၂၄-မှာ၊ ၎င်းတန်း အရှေ့မျက်နှာ မြောက်ထောင့်ဂူအစ၊ အရှေ့ရုတ်ပေါက် တောင်ဘက်-၇-ဂူအဆုံး၊ ၊ဥပရိပဏ္ဏာသ ပါဠိတော်ကျောက်ချပ်ရေ-၁၈-မှာ၊ ၎င်းတန်းအရှေ့ မျက်နှာရုတ်ပေါက်တောင်ဘက်ရှစ်ဂူအစ၊ အရှေ့တောင်ထောင့် တောင်မျက်နှာထပ်တစ်ဂူအဆုံး၊ ၊သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ကျောက်ချပ်ရေ-၉-မှာ၊ ပြင်ထပ်ပြင်တန်း တောင်မျက်နှာ၊ အရှေ့တောင်ထောင့်-၂-ဂူအစ၊ ၎င်းမျက်နှာရုတ်ပေါက် အရှေ့ဘက်-၅-ဆုံး နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ကျောက်ချပ်ရေ-၁၁-မှာ၊ ၎င်းတန်းရုတ်ပေါက် အရှေ့ဘက်-၄-ဂူအစ၊ အနောက်ဘက်-၇-အဆုံး၊ ၊

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကျောက်ချပ်ရေ-၁၀-ရှိ၊ ၎င်းထန်း ၎င်း အနောက်ဘက် ရှစ်ဂူ အစ၊ ၁၇-ဂူအဆုံး၊ ၊သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်ကျောက်ချပ်ရေ-၁၅-မှာ၊ ပြင်ထပ် ပြင်တန်း အနောက်မျက်နှာထောင့် ဂူအစ၊ အနောက်မျက်နှာ-၁၅-ဂူ အဆုံး၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် ကျောက်ချပ်ရေ ၂၀ မှာ၊ ၎င်းပြင်တန်း-၄-ဂူအတွင်း ဒုတိယတန်း-၁၆-ဂူအဆုံး၊ ၊ဧကင်္ဂုတ္တရပါဠိတော်ကျောက်ချပ်ရေ-၂-မှာ၊ပြင်ထပ်အနောက်မျက်နှာ ဒုတိယတန်းမြောက်ထောင့်အရှေ့ဘက်၊ ၁၊ ဂူအစ၊ ၂၊ ဂူအဆုံး၊ ၊ ဒုကင်္ဂုတ္တရပါဠိတော် ကျောက်ချပ်ရေ၊ ၂၊ မှာ၊ ၎င်းတန်းမြောက်မျက်နှာ၊ ၃၊ ဂူအစ၊ ၄၊ ဂူအဆုံး၊ ၊တိကင်္ဂုတ္တရ ပါဠိတော်ကျောက်ချပ်ရေ၊ ၁၀ မှာ၊၎င်းတန်း၊ ၅၊ဂူအစ၊၁၄ ဂူအဆုံး၊ ၊ စတုက္ကင်္ဂုတ္တရပါဠိတော် ကျောက်ချပ်ရေ ၁၄ မှာ၊ ၎င်းထန်းမှတ်ပေါက် အနောက်ဘက်-၂-ဂူအစ၊အရှေ့ဘက်-၁၂-ဂူအဆုံး၊ ပဉ္စကင်္ဂုတ္တရပါဠိတော် ကျောက်ချပ်ရေ-၁၈-မှာ၊ ၎င်းတန်း-၁၃ ဂူအစ၊ အရှေ့မြောက်ထောင့် တောင်ဘက်-၄-ဂူအဆုံး၊ ၊ ဆက္ကင်္ဂုတ္တရပါဠိတော် ကျောက်ချပ်ရေ-၆-မှာ၊ ၎င်းတန်း အရှေ့မျက်နှာထောင့်-၅-ဂူအစ၊ ၁၀ ဂူအဆုံး၊ ၊သတ္တကင်္ဂုတ္တရပါဠိတော်ကျောက်ချပ်ရေ-၆-မှာ၊ ၎င်းတန်း-၁၁ ဂူအစ၊ ၁၇-ဂူအဆုံး၊ ၊အဋ္ဌကင်္ဂုတ္တရပါဠိတော်ကျောက်ချပ်ရေ ၈ မှာ၊၎င်းတန်း အရှေ့မျက်နှာမှတ်ပေါက်မြောက်ဘက်၊ ၁၊ဂူအစ၊တောင်ဘက်၊၇၊ ဂူအဆုံး၊ ၊နဝင်္ဂုတ္တရပါဠိတော် ကျောက်ချပ်ရေ၅ မှာ၊ ၎င်းတန်းရှစ်ဂူအစ၊ ၁၂ အဆုံး၊ ၊ဒသင်္ဂုတ္တရ ပါဠိတော်ကျောက်ချပ်ရေ ၁၂-မှာ၊ ၎င်းတန်းအရှေ့တောင်ထောင့် မြောက်ဘက်-၄ ဂူအစ၊ တောင်မျက်နှာ ရှစ် ဂူအဆုံး၊ ၊ဧကာဒသင်္ဂုတ္တရပါဠိတော်ကျောက်ချပ်ရေ-၂-မှာ၊၎င်းတန်း၊၉၊ ဂူအစ၊၁၀-ဂူအဆုံး ခုဒ္ဒကပါဠိတော်ကျောက်ချပ်ရေ တစ်မှာ၊ ၎င်းတန်းတောင်မျက်နှာ မှတ်ပေါက် အရှေ့ဘက်-၁၀-ဂူအစ၊ ၎င်း-၁၀-အဆုံး၊ ၊ မိလိန္ဒပါဠိတော်ကျောက်ချပ်ရေ-၂-မှာ ၎င်းတန်းမှတ်ပေါက် အ

ရှေ့ဘက်-၉-ဂျူအစ၊ရှစ်ဂျူအဆုံး၊ ၊ဥဒါန်းပါဠိတော်ကျောက်ချပ်ရေ-၅-မှာ၊ပြင်ထပ်၊အတွင်းဒုတိယတန်း တောင်မျက်နှာရတ်အရှေ့ဘက်-၇-ဂျူအစ၊၁၃-ဂျူအဆုံး၊ ၊ဣတိဝုတ္တကပါဠိတော်ကျောက်ချပ်ရေ-၃-မှာ၊၎င်းတန်းရတ် အရှေ့ဘက်-၂-အစ။အနောက်ဘက်တစ်ဂျူအဆုံး၊သုတ္တနိပါတ် ပါဠိတော် ကျောက်ချပ်ရေ-၅-မှာ၊၎င်းတန်း-၂-ဂျူအစ။၆-ဂျူအဆုံး၊ ၊ဝိမာနဝတ္ထုပါဠိတော်ကျောက်ချပ်ရေ-၃-မှာ၊၎င်းတန်းတောင်မျက်နှာ-၇-ဂျူအစ ၉-ဂျူအဆုံး၊ ၊ပေတဝတ္ထုပါဠိတော်ကျော်ချပ်ရေ-၃-မှာ၊၎င်းတန်း-၁၀-ဂျူအစ၊၁၂အဆုံး၊ ၊ထေရဂါထာပါဠိတော်ကျော်ချပ်ရေ-၄-မှာ၊၎င်း-၁၃-ဂျူအစ၊၁၆-ဂျူအဆုံး၊ ၊ထေရီဂါထာပါဠိတော်ကျောက်ချပ်ရေ-၂-မှာ၊ ၎င်းတန်း အနောက် တောင်ထောင့်အစ၊ မြောက်ဘက် တစ်ဂျူအဆုံး၊ ၊ပါဠိဇာတ်ပါဠိတော်ကျောက်ချပ်ရေ-၂၁ မှာ၊၎င်းတန်း တောင်-၂-ဂျူအစ၊ ဒုတိယတန်း-၁၅-တတိယတန်း-၆-ထိ၊ မဟာနိဒ္ဒေသပါဠိတော် ကျော်ချပ်ရေ-၃၃-မှာ၊ ပြင်ထပ် တတိယတန်း အနောက်မျက်နှာရတ်မြောက်ဘက်-၇-ဂျူအစ၊ မြော်မျက်နှာရတ်ပေါက် အရှေ့ဘက်၉-ဂျူအဆုံး၊ ၊ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကျောက်ချပ်ရေ-၂၂မှာ၎င်းတန်း မြောက်ရတ်အရှေ့ဘက် ၁၀-ဂျူအစ၊ အရှေ့မျက်နှာရတ်တောင်ဘက် တစ်ဂျူအဆုံး၊ ၊ထေရာအပဒါန် ပါဠိတော်ကျောက်ချပ်ရေ-၁၉-မှာ၊၎င်းတန်းရတ်ပေါက်တောင်ဘက် ၂ဂျူအစ၊အရှေ့တောင်ထောင့်အဆုံး၊ ၊ထေရီအပဒါန် ပါဠိတော်ကျောက်ချပ်ရေ-၄-မှာ၊၎င်းတန်းအရှေ့တောင်ထောင့်-၃-ဂျူအစ ၆-ဂျူအဆုံး၊ ၊ဗုဒ္ဓဝင်ပါဠိတော်ကျောက်ချပ်ရေ-၃-မှာ၊၎င်းတန်းတောင်မျက်နှာ၊၎င်း-၇-ဂျူအစ၊၉-ဂျူအဆုံး၊ ၊စရိယာပိဋကတ်ပါဠိတော် ကျောက်ချပ်ရေ-၂-မှာ၊ ၎င်းတန်း ၎င်း-၁၀-ဂျူအစ၊ ၁၁ ဂျူအဆုံး၊ ၊နေတ္တိပါဠိတော်ကျောက်ချပ်ရေ-၈-မှာ၊ ၎င်းတန်းရတ်ပေါက်အရှေ့ဘက်-၇-ဂျူအစ၊အနောက်ဘက် တစ်ဂျူအဆုံး၊ ၊ပေဋကောပဒေသပါဠိတော်ကျောက်ချပ်ရေ-၉-မှာ၊

ငင်းတန်းတောင်မျက်နှာမုတ်အနောက်ဘက်-၂-ဂူအစ၊ ၁၀၊ဂူ
အဆုံး၊ ၊မိလိန္ဒပဉ္စာပါဠိတော်ကျောက်ချပ်ရေ-၂၀-မှာ၊ ငင်း
တန်းငင်းမျက်နှာ-၂-ဂူအစ အနောက်မျက်နှာ-၁၈-ဂူအဆုံး၊ ၊
ဘိက္ခုပါတိမောက်ပါဠိတော်ကျောက်ချပ်ရေ-၁-မှာ၊ အတွင်း
ဆုံးအထပ်အရှေ့မျက်နှာရတ်ပေါက်မြောက်ဘက်တစ်ဂူအစအ
ဆုံး၊ ၊ပါရာဇိကဏ် ပါဠိတော်ကျောက်ချပ်ရေ-၉-မှာငင်း၊အ
ထပ်ငင်း-၂-ဂူအစ၊အနောက်မျက်နှာမုတ်ပေါက် မြောက်ဘက်၊
ဂူအဆုံး၊ဘိက္ခုနီပါတိမောက်ပါဠိတော်ကျောက်ချပ်ရေ-၁-မှာ
ငင်းအထပ် အရှေ့မျက်နှာမုတ်ပေါက် တောင်ဘက် တစ် ဂူအစ
ငင်းအဆုံး၊ဘိက္ခုပါစိတ်ပါဠိတော်ကျောက်ချပ်ရေ၁၃မှာ၊ငင်း
အထပ်၂-ဂူအစ၊တောင်မျက်နှာအနောက်မျက်နှာ-၃-ဂူအဆုံး
ဘိက္ခုနီပါစိတ်ပါဠိတော်ကျောက်ချပ်ရေ-၉-မှာ၊ငင်းအထပ်အ
နောက်တောင်ထောင့် ၄ ဂူအစ၊အလယ်ထပ်အတွင်းတန်း၊အနော်
မုတ်မြောက်ဘက် ထစ်ဂူအဆုံး၊ ၊မဟာဝါပါဠိတော်ကျောက်
ချပ်ရေ-၂၆-မှာ၊ငင်းအထပ်ငင်း-၂-ဂူအစအရှေ့မြောက်ထောင့်
အဆုံး၊ ၊စူဠဝါပါဠိတော်ကျောက်ချပ်ရေ၂၅-မှာ၊ငင်းအထပ်
အရှေ့မျက်နှာ မြောက်ထောင့်-၃-ဂူအစ၊ တောင်မျက်နှာမုတ်
ပေါက် အနောက်ဘက် တစ်ဂူအဆုံး၊ ၊ပရိဝါ ပါဠိတော်
ကျောက်ချပ်ရေ-၁၇-မှာ၊အလယ်ထပ် ဒုတိယတန်း တောင်မုတ်
အနောက်ဘက်-၂-ဂူအစ ငင်း၊အထပ်ပဋ္ဌမတန်း၊အနောက်မျက်
နှာမုဘ်ပေါက်မြောက် ဘစ်ဂူအဆုံး၊ ၊ဓမ္မသင်္ဂဏီပါဠိတော်
ကျောက်ချပ်-၁၃-မှာ၊ ငင်းအထပ် ငင်း-၂-ဂူအစ၊ အနောက်
မြောက်ထောင့်အဆုံး၊ ဝိဘင်းပါဠိတော်ကျောက်ချပ်ရေ-၂၁-မှာ
ငင်းအထပ်မြောက်မျက်နှာ အနောက်မြောက်ထောင့်-၂-ဂူအစ၊
အရှေ့မြောက်ထောင့်-၂-ဂူအဆုံး၊ ၊ဓာတုကထာပါဠိတော်
ကျောက်ချပ်ရေ-၄-မှာ၊ငင်းအထပ်ငင်း-၃ ဂူအစ၊အရှေ့မျက်နှာ
တစ် ဂူအဆုံး၊ ၊ပုဂ္ဂလပညတ် ပါဠိတော်ကျောက်ချပ်ရေ-၄
မှာ၊ငင်း-၂-ဂူအစ၊ ၅-ဂူအဆုံး၊ ၊ကထာဝတ္ထု ပါဠိတော်

ကျောက်ချပ်ရေ-၂၀-မှာ၊ ၎င်းအထပ် အရှေ့မြောက်ထောင့်-၆ ဂျုံအစ၊ အရှေ့တောင်ထောင့်အဆုံး၊ ၊မူလ-ယမိုက်ပါဋ္ဌိတော် ကျောက်ချပ်ရေ ၁-မှာ၊ ၎င်းအထပ် တောင်မျက်နှာအရှေ့တောင် ထောင့် တစ် ဂျုံအစအဆုံး၊ ၊ခန္ဓယမိုက်ပါဋ္ဌိတော် ကျောက်ချပ် ရေ-၂-မှာ၊ ၎င်း-၂-ဂျုံအစ၊ ၃-ဂျုံအဆုံး၊ ၊အာယတန၊ ယ မိုက် ပါဋ္ဌိတော် ကျောက်ချပ်ရေ-၆ မှာ၊ ၎င်း ၄-ဂျုံအစ၊ ၉-ဂျုံ အဆုံး၊ ၊ဓာတု ယမိုက် ပါဋ္ဌိတော် ကျောက်ချပ်ရေ- ၂ မှာ၊ ၎င်းတောင်မျက်နှာ မုတ်ပေါက် အရှေ့ဘက်-၃-ဂျုံ အစ ၂-ဂျုံအဆုံး၊ သစ္စယမိုက် ပါဋ္ဌိတော် ကျောက်ချပ်ရေ-၃ မှာ ၎င်းမုတ်အရှေ့ဘက် တစ်ဂျုံအစ၊ အနောက်ဘက် ၂ ဂျုံအဆုံး သင်္ခါရယမိုက်ပါဋ္ဌိတော်ကျောက်ချပ်ရေ-၃-မှာ၊ ၎င်း အနောက် ဘက်-၃-ဂျုံအစ၊ ၅-ဂျုံအဆုံး၊ ၊အနုသယ ယမိုက်ပါဋ္ဌိတော် ကျောက်ချပ်ရေ-၁၂-မှာ၊ အနောက်ဘက်-၆-ဂျုံအစ၊ အနောက် တောင်ထောင့် မြောက်ဘက်-၃-ဂျုံအဆုံး၊ ၊စိတ္တယမိုက်ပါဋ္ဌိ တော်ကျောက်ချပ်ရေ-၁ မှာ၊ ၎င်း-၄-ဂျုံအစ၊ ၎င်းအဆုံး၊ ဓမ္မယမိုက် ပါဋ္ဌိတော်ကျောက်ချပ်ရေ-၄ မှာ၊ ၎င်းအလယ်ထပ်အနောက်မျက်နှာ ထောင့် ၅ ဂျုံအစ၊ ရှစ်ဂျုံအဆုံး၊ ၊ဣန္ဒြိယ ယမိုက်ပါဋ္ဌိတော် ကျောက်ချပ်ရေ ၁၄ မှာ၊ အလယ်ထပ်မြင်တန်း၊ အနောက်မျက်နှာ မုတ်တောင်ဘက် ၄ ဂျုံအစ၊ မြင်ထပ်အတွင်းဆုံး စတုတ္ထတန်း မုတ်ပေါက်မြောက်ဘက် ၁၀ ဂျုံအဆုံး၊ ၊တိကပဋ္ဌာန်းပါဋ္ဌိတော် ကျောက်ချပ်ရေ ၃၉ မှာ၊ မြင်ထပ်အတွင်းဆုံး၊ စတုတ္ထတန်း၎င်း မြောက်ဘက် ၁၁ ဂျုံအစ၊ အရှေ့မုတ်မြောက်ဘက် ၇ ဂျုံအဆုံး၊ ဒုကပဋ္ဌာန်း ပါဋ္ဌိတော်ကျောက်ချပ်ရေ ၂၄ မှာ၊ ၎င်းတောင်ဘက် ၆ ဂျုံအစ၊ တောင်မျက်နှာ မုတ်ပေါက် အရှေ့ဘက် ၁၀ ဂျုံအ ဆုံး၊ ၊ဒုကတိကပဋ္ဌာန်း ပါဋ္ဌိတော်ကျောက်ချပ်ရေ ၉ မှာ၊ ၎င်း အနောက်ဘက် ၉ ဂျုံအစ၊ မုတ်ပေါက်အရှေ့ဘက်အဆုံး၊ ၊ တိကဒုကပဋ္ဌာန်းပါဋ္ဌိတော်ကျောက်ချပ်ရေ ၆ မှာ၊ ၎င်းမုတ်ပေါက် အနောက်ဘက်ဂျုံအစ၊ ၆ ဂျုံအဆုံး၊ ၊တိကတိကပဋ္ဌာန်းပါဋ္ဌိ

တော်ကျောက်ချပ်ရေ ၁ မှာ၊ ၎င်း ၇ ဂျူအစ၊ ၎င်းအဆုံး၊ ။ဒုက
ဒုကပဋ္ဌာန်းပါဠိတော်ကျောက်ချပ်ရေ ၁ မှာ၊ ၎င်းရှစ်ဂျူအစ၊ ၎င်း
အဆုံး၊ ။ပစ္စနီယတိကပဋ္ဌာန်းပါဠိတော်ကျောက်ချပ်ရေ ၁ မှာ
၎င်းအနောက် ၉ ဂျူအစ၊ ၎င်းအဆုံး၊ ။ပစ္စနီယဒုကပဋ္ဌာန်းပါ
ဠိတော်ကျောက်ချပ်ရေ တစ်မှာ၊ ၎င်းအနောက် ၁၀ ဂူအစ၊ ၎င်း
အဆုံး၊ ။ပစ္စနီယဒုကတိက ပဋ္ဌာန်းပါဠိတော် ကျောက်ချပ်ရေ
တစ်မှာ၊ ၎င်းအနောက် ၁၁ ဂူအစ၊ ၎င်းအဆုံး၊ ။ပစ္စနီယတိ
ကဒုကပဋ္ဌာန်းပါဠိတော်ကျောက်ချပ်ရေ တစ် မှာ၊ ၎င်းအနောက်၊
၁၂ ဂူအစ၊ ၎င်းအဆုံး၊ ။ပစ္စနီယတိကတိကပဋ္ဌာန်းပါဠိတော်
ကျောက်ချပ်ရေတစ်မှာ၊ ၎င်းအနောက် ၁၃ ဂူအစ၊ ၎င်းအဆုံး၊ ။
ပစ္စနီယဒုကဒုကပဋ္ဌာန်းပါဠိတော် ကျောက်ချပ်ရေတစ်မှာ၊ ၎င်းအ
နောက် ၁၄ ဂူအစ၊ ၎င်းအဆုံး၊ ။အနုလောမ ပစ္စနီယတိက
ပဋ္ဌာန်းပါဠိတော်ကျောက်ချပ်ရေ တစ် မှာ၊ ပြင်ထပ် အတွင်းဆုံး၊
စေတီတန်း အနောက်မျက်နှာ၊ အနောက်တောင်ထောင့်၊ ဂူအစ၊
၎င်းဂူအဆုံး၊ ။အနုလောမပစ္စနီယဒုကပဋ္ဌာန်းပါဠိတော်ကျောက်
ချပ်ရေတစ်မှာ၊ ၎င်းမြောက်ဘက် ၂ ဂူအစ၊ ၎င်းအဆုံး၊ ။အနု
လောမပစ္စနီယဒုကတိက ပဋ္ဌာန်းပါဠိတော်ကျောက်ချပ်ရေ တစ်မှာ
၎င်းမြောက်ဘက် ၃ ဂျူအစ၊ ၎င်းအဆုံး၊ ။အနုလောမပစ္စနီယ
တိကဒုကပဋ္ဌာန်းပါဠိတော်ကျောက်ချပ်ရေ ၂ မှာ၊ ၎င်းမြောက်
ဘက်-၄ဂျူအစ၊ ၅ဂျူအဆုံး၊ အနုလောမပစ္စနီယတိကတိကပဋ္ဌာန်း
ပါဠိတော် ကျောက်ချပ်ရေတစ်မှာ၊ ၎င်းမြောက်ဘက်-၆-ဂျူအစ၊
၎င်းအဆုံး၊ ။အနုလောမ ပစ္စနီယဒုကဒုက ပဋ္ဌာန်း ပါဠိတော်
ကျောက်ချပ်ရေတစ်မှာ၊ ၎င်းမြောက်ဘက်-၇-ဂျူအစ၊ ၎င်းအဆုံး
ပစ္စနီယာနုလော မတိကဒုကပဋ္ဌာန်း ပါဠိတော် ကျောက်ချပ်ရေ
တစ်မှာ၊ ၎င်းမြောက်ဘက်-၈ ဂျူအစ၊ ၎င်းအဆုံး၊ ပစ္စနီယာနုလောမ
ဒုကပဋ္ဌာန်းပါဠိတော်ကျောက်ချပ်ရေ တစ်မှာ၊ ၎င်းမြောက်ဘက်
၉ ဂျူအစ၊ ၎င်းအဆုံး၊ ပစ္စနီယာနုလောမ ဒုကတိက ပဋ္ဌာန်း ပါဠိ
တော်ကျောက်ချပ်ရေတစ်မှာ၊ ၎င်းမြောက်ဘက်-၁၀ ဂျူအစ၊ ၎င်း

အဆုံး၊ ပစ္စနိယာနုလောမ တိကဒုက၊ပဋ္ဌာန်း ပါဠိတော်ကျောက်ချပ်ရေ တစ်မှာ၊ ၁၁–ဂျူအစ၊ဂုဏ်းအဆုံး၊ပစ္စနိယာ နုလောမတိက တိကပဋ္ဌာန်းပါဠိတော်ကျောက်ချပ်ရေ ၁ မှာ ဂုဏ်းမြောက်ဘက် ၁၂ ဂျူအစ၊ ဂုဏ်းအဆုံး၊ ၊ပစ္စနိယာ နုလောမဒုကဒုက ပဋ္ဌာန်းပါဠိတော် ကျောက်ချပ်ရေ–၁–မှာ၊ ဂုဏ်းမြောက်ဘက်– ၁၃–ဂူအစ၊ ဂုဏ်းအဆုံး၊

မဟာရံပြင်ထပ် အနောက်မျက်နှာ ရုတ်ပေါက်မြောက်ဘက် ပဋ္ဌမတန်းအစ၊ ၁၊ တစ်–မှတ် ကျောက်ချပ်က၊ ဂုဏ်းအတွင်း စလုဿတန်း၊ ရုတ်ပေါက် တောင်ဘက်အဆုံး ကျောက်ချပ်ရေ { ၇၃၁ }



# နိဂုံး။

သင်္ချေလေးမြွာ၊သိမ်းကမ္ဘာထက်၊ မဟာနိယတ၊ ဗျာဒိတ်ရ၍
ဖြည့်ထပါရမီ၊ဆယ်ထိသုံးပြန်၊မကြွင်းကြံသော်၊ အရဟန္တာ၊ဂုဏ်
ကိုးဝနှင့်၊ ဇိနဘဂဝါ၊ ဗောဓာဘွာသည်၊ ဦးစွာပဌမ၊ ကောဏ္ဍ
ညကို၊ဓမ္မငါးမည်၊အရေးမှီလျှက်၊စွဲသည်အတ္တ၊သဘာဝကို၊ ဒုက္ခ
သစ္စာ၊ပိုင်းခြားချ၍၊ဧကျော့အရ၊ သမုဒယ၊ကြွ၍ပအောင်၊မှိုကြ
တရား၊ဤငါးပါးတည်း၊ ၊ထင်ရှားယခု၊စက္ခုညာဏ၊ပညာ၊ဝိဇ္ဇာ၊
အာလောကာရောက်၊ မျက်မှောက်ပြုကာ၊ နိရောဓကို၊ သမာ
လုလ္လ၊အားထုပ်ကြခန့်၊မဂ်ရှစ်တန့်ဝယ်၊ ဖြောင့်မှ သတိ၊ ထင်ရှား၊
သိအောင်၊မိမိရုပ်၊ကာယ၊ဝေဒနာ-စိတ္တ၊ဓမ္မ၊လေးဌာနကို၊ ဓမ္မငါး
ဖြာ၊မှီ၍သာသျှင်၊ကျင့်ရသည်ကြည်း၊အနည်းနည်းကို၊များထိုထို
အား၊ ဟောခဲ့ဓမ္မ၊မိန့်တော်ခြကာ၊ ရကြသံဝ၊ ကျွတ်တန်းမြော၍
နေ့ရေများစွာ၊ ခြောက်ဝါအလွန်၊ ခုနှစ်ဝါရောက်၊ ရှိလေမြော်ကာ၊
သျှ်တောက်ဝင်းထိန်၊တာဝတိန့်ဝယ်၊ဒေဝိန့်များစွာ၊သိမ်မ့်ဌာဖြင့်
ဓမ္မာစက္ကု၊ နှဲ့လာမကို၊ ဖွင့်ပြရုံစွာ၊ ဘိဓမ္မာဟု၊ စိတ္တာစေတသိက်
ရုပ်နိဗ္ဗာန်၊ လေးဝပမေတ်၊ မိန့်တော်မြွက်ကို၊ တုပ်ကွပ်ယုံကြည်၊
ကျင့်သောက်တည်၍၊ စွဲသည့်အတ္တ၊ လွှတ်ကင်းကြလျှက်၊ သုံးဝ
ဘုံခွင်၊ ပြော်မဆွင်တည့်၊မဂ်ဝင်ဖိုလ်ရောက်၊ ထုံးနှံ့များစွာ၊ဝေ
နေယျာတို့၊ကျင့်ရသည်ကြည်း၊ထုံးနည်း၍ပင်၊မဂ္ဂင်အဋ္ဌ၊သစ္စာ
ဗောဇ္ဈင်၊ ဆဲ့ငါးအင်္ဂါ၊ ဆင်ခြင် နေ့ည၊ သောက်တည်ကြမှ၊
ဓမ္မငါးရပ်၊ ပမေဘ်လေး၊ မဂ္ဂတ်ထွေးအောင်၊ သတိဆောင်ကာ၊
နောင်အကျိုးရှိ၊အမှ သိသည်၊နိဗ္ဗာန်နှင့်၊လွှတ်ကြောင်းတည်း၊ ၊

| | |
|---|---|
| သိက္ခာဇိဝ | တရားကျင့်၍အသက်မွေးခြင်း၊ |
| သမ္မာဇိဝ | မဘောက်မပြန်ညီညွတ်စွာအသက်မွေးခြင်း၊ |
| သမ္မာအာဇိဝ | မသေမှီ အဆာပြေးလနိမ်ရုံအကျိုးဆက်တို့ကို မိမိအာရုံ၌၊ထင်ရှားသိမြင်စေခြင်း၊ |

အားထုတ်ခြင်း၊ သမ္မာဝါယာမ၊ အစဉ်သိခြင်း၊ သမ္မာသတိ၊ အာဟာရ မှိဝဲစဉ်၊ သုခဖြစ်ခြင်း အဟန် ငယ်ကြာလျှင်၊ ဒုက္ခဖြစ်ခြင်းအကျိုးဆက်ကိုသိသဖြင့်၊သမ္မာသမာဓိ၊ထိုသမ္မာသမာဓိကို၊ မှီ၍၊တောင့်တကြောင့်ကြပြင်းခြင်းအကြီသည်၊ သမ္မာသက်ပ္ပ၊ ထို သမ္မာသက်ပ္ပ အားကြီးသောပုဂ္ဂိုလ်အား၊ အသက်ဆက်ဖြစ်အပ်သော၊ ရုပ်ခေတ်တို့ကို မြင်သဖြင့်၊ ထိုရုပ်ခေတ်ပေါင်းရအင်သော သတ္တဝါအမျိုးမျိုးတို့၏၊ သန္တာန် ထိုသန္တာန်အမျိုးမျိုးတို့ကိုမှီ၍ သိအပ်သောဝိညာဏ်၊ထိုဝိညာဏ်စွဲလမ်းသဖြင့်၊ကြည့်ရှုရာမြင်အပ်သော၊စက္ခုဝမ္မ၊သိအပ်သောညာဏဝမ္မ၊မှတ်အပ်သောပညာဝမ္မ၊ ခံစားအပ်သောဝိဇ္ဇာဝမ္မ၊ အာရုံ၌ထင်လင်းအပ်သော အာလောက ဝမ္မ၊ဤဝမ္မငါးပါး၏အသက်ဆက်ဖြစ်ခြင်း၊ဝမ္မပဋိသမ္ဘိဒါ၊ ထိုဝမ္မ ပဋိသမ္ဘိဒါငါးပါးကိုရစေခြင်း၌၊ လှုပ်ရှားပြုပြင်အပ်သော၊ ကာယာနုပဿနာ၌၊ သစ္စာညာဏ်အားဖြင့် ဝမ္မငါးပါး၊ ကိစ္စညာဏ် အားဖြင့်၊ဝမ္မငါးပါး၊ကတညာဏ်အားဖြင့်၊ဝမ္မငါးပါး၊သုံးရပေါင်း ၁၅-ပါး၊ သိမြင်ထင်လျှားသော ပုဂ္ဂိုလ်တို့မှာ၊ သမ္မာဒိဋ္ဌိအတိ ညာဏ်၏အစွမ်းအားဖြင့်၊၁၅ပါးသောဝမ္မပဋိသမ္ဘိဒါရသည်၊ဤ အတူ၊ပရိယေသမှာလည်း-၁၅-ပါး၊ ပဟာနမှာလည်း-၁၅-ပါး၊ ဘာဝိတမှာလည်း-၁၅-ပါး၊သစ္ဆိကတမှာလည်း ၁၅-ပါး၊ ၅-ရ ပေါင်း ၇၅ ပါး၊ ထို-၇၅-ပါးဘို့နှင့်၊ခန္ဓာကို ဆုံးဖြတ်ခြင်း-၇၅ ဓာတ်ကို ဆုံးဖြတ်ခြင်း ၇၅၊ အာယတနကို ဆုံးဖြတ်ခြင်း ၇၅ သစ်တကို ဆုံးဖြတ်ခြင်း ၇၅၊ အသစ်တကို ဆုံးဖြတ်ခြင်း ၇၅ ပေါင်း-၃၇၅၊ ၄င်း-၃၇၅-တို့ကို၊ ဆန္ဒရှိခြင်း-၃၇၅၊အားထုတ်

ခြင်းဝိရိယ- ၃၇၅၊ ကြံခြင်းစိတ္တ- ၃၇၅၊ ရုံစမ်းခြင်း၊ ဝိမံသ ၃၇၅၊ ၄-ရပေါင်း-၁၅၀၀-မျှလောက်သော၊ ဓမ္မပဋိသမ္ဘိဒါကို သိမြင်ထင်လျှားသဖြင့်၊ အကြောင်း၏ ညီညွတ်ခြင်းကြောင့်၊ အကျိုးဆက်ဖြစ်သော၊ အတ္ထပဋိသမ္ဘိဒါ၊ ၎င်းနည်းတူ-၁၅၀၀၊ ၂ ရပေါင်း၊ အမြဲထင်ရှား သိမြင်သော၊ နိရုတ္တိ ပဋိသမ္ဘိဒါ-၃၀၀၀ အကြောင်းအကျိုးမှတပါး အတ္တအရမရှိခြင်း ပဋိဘာနပဋိသမ္ဘိဒါ-၆၀၀၀-တို့နှင့်တကွ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်သို့၊ အစဉ်သဖြင့်၊ ပေါက်ရောက်သောပုဂ္ဂိုလ်ကို၊ ပဋိသမ္ဘိဒါပတ္တရဟန္တာဟူ၍ ခေါ်သည်၊ ၊အကျယ်ချဲ့၍ ရေတွက်လျှင် မဆုံးနိုင်သောအနန္တဂုဏ်တော်တို့၏၊ တည်ရာဖြစ်သည်ကို မှတ်ရမည်၊ ၊

စက္ခုကရဏီ၊ ဉာဏကရဏီ၊ ဥပသမာယ၊ အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနာယ သံဝတ္တတိ အစရှိသဖြင့်၊ သမ္မာဒိဋ္ဌိနှင့်တကွ မဘောက်မပြန်အမှန်သိမြင်စေခြင်းငှာ၊ စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဟူ၍ ရှေးဦးစွာ၊ ဓမ္မာယတန ဓမ္မဓာတ်တို့ကို ဟောတော်မူသည်၊ ထို ဓမ္မာယတန ဓမ္မဓာတ်တို့၌၊ အတ္တတိဝါ၊ အတ္တနိယတ္တိဝါ၊ မစွဲလမ်းမူ၍၊ မဘောက်မပြန်မှန်သည်အတိုင်း၊ စက္ခုဓမ္မ၊ ဉာဏဓမ္မ ပညာဓမ္မ၊ ဝိဇ္ဇာဓမ္မ၊ အာလောကဓမ္မ၊ သဘာဝငါးပါးတို့၌ သိမြင်ထင်လျှားခြင်းကို၊ သစ္စဉာဏဓမ္မငါးပါးဟူ၍ ဟောတော်မူသည်၊ ဆိုအပ်ခဲ့ပြီးသော၊ သစ္စာဉာဏ်၌၊ သစ္စစက္ခုစသော ဓမ္မငါးပါး၊ ထိုသစ္စာဉာဏ်ကိုမှီ၍၊ ဒုက္ခသစ္စာတို့ကို ပိုင်းခြားရခြင်း၊ ပရိညေယျစက္ခုစသော ကိစ္စဉာဏ်အားဖြင့် ဓမ္မငါးပါး၊ ၎င်းဒုက္ခသစ္စာတို့ကို၊ အကြွင်းမရှိပိုင်းခြားပြီးဖြစ်သော၊ ပရိညာတစက္ခုစသော ဓမ္မငါးပါး၊ ဤဆိုအပ်ခဲ့ပြီးသော၊ သစ္စဉာဏ် ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့်၊ စက္ခုစသော ဓမ္မငါးပါး၊ အပြန်သုံးမျိုးတို့တွင်၊ အပေါင်းအားဖြင့်၊ ဓမ္မသဘော ငါ့ပါး ရှိကြောင်းကို၊ ဒုက္ခအရိယ

သစ္စေပန္နရသမ္မော၊ ။ဟူ၍ ဟောတော်မူသည်၊ ထိုနည်းအတူ
ဒုက္ခသမုဒယ သစ္စာတို့တွင်၊ စကျူစသော မြွတဆဲ့ ငါးပါး
ရှိကြောင်းကို၊ ဒုက္ခသမုဒယေ၊ အရိယသစ္စပန္နရသမ္မော၊ ။
ဟူ၍ဟောတော်မူသည်၊ထို့နည်းအတူဒုက္ခနိရောဓအရိယသစ္စာ
တို့တွင်၊ စကျူစသောမြွတဆဲ့ငါးပါးရှိကြောင်းကို၊ ။ဒုက္ခနိ
ရောဓေအရိယ သစ္စေပန္နရသမ္မောဟူ၍ ဟောတော်မူသည်၊ ထို့
နည်းအတူဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာတို့တွင်။ မြွတ
ဆဲ့ငါးပါးရှိကြောင်းကို၊ ။ဒုက္ခနိရောဓဂါမိနိပဋိ ပဒါယအရိ
ယသစ္စေပန္နရသမ္မော၊ ။ဟူ၍ဟောတော်မူသည်၊ ဤဆိုအပ်ခဲ့
ပြီးသော၊ဒုက္ခအရိယ သစ္စာလေးပါးတို့တွင်။ သစ္စာညာဏစကျူ
စသော မြွန္နှစ်ဆယ်၊ ကိစ္စညာဏစကျူစသော မြွန္နှစ်ဆယ်၊ က
တညာဏစကျူစသော မြွန္နှစ်ဆယ်၊ သုံးရ မြွပေါင်း ခြောက်
ဆယ်ရှိကြောင်းကို၊ စဘူသုအရိယသစ္စေသုသဋ္ဌိမြွော၊ ။ဟူ၍
ဟောတော်မူသည်၊ဤဆိုအင်ခဲ့ပြီးသောမြွပေါင်း ခြောက်ဆယ်
တို့သည်၊ အခြင်းအရာမျှဖြစ်၍၊ ဒွါဒသကာယ သဘာဝမြွမျိုး
ခြောက်ဆယ်ဖြစ်သည်၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့၌၊ အမြဲရ
အပ်သော မြွမျိုးမဟုတ်။ စင်စစ်သော်ကား ပုထုဇဉ် အဖြစ်မှ
သည်၊ သောတာပန်အဖြစ်သို့ရောက်စေခြင်းငှာ၊ မှန်သည်အတိုင်း
ထိမြင်သည်ဖြစ်၍၊ အရှင်မဟာကောဏ္ဍညမထေရ်သည်၊ ရှေးဦး
စွာ မြွစကျူ ရကြောင်းကို၊ ဣမသ္မိံစ ပနဝေယျာ ကရဏသ္မိံ
ဘညမာဏေအာယသ္မတော ကောဏ္ဍညသာဝိရဇံ၊ ဝိထမလံ မြွ
စကျုံဥဒပါဒိယံကိဉ္စိသမုဒယဓမ္မံ၊သဗ္ဗန္တံနိရောဓဓမ္မန္တိစသဖြင့်
မြွစကျူရစေခြင်းငှါ ရှေးဦးစွာ မဘောက်မပြန်မှန်သည်အတိုင်း
သိစေအပ်သော၊ မြွာရုံ၊ မြွာယတန၊မြွဓာတ်တို့၏၊ဖြစ်ခြင်းသ
မုဒယ်မြွ ပျက်ခြင်းဝယမြွသဘာဝငါးမျိုးဖြစ်သဖြင့်၊ ထိုမြွသ
ဘာဝတို့၌၊အစ္စာဘဝါ၊ အတ္ထနိယန္တိဝါ စွဲလမ်းခြင်းလွတ်သဖြင့်
မြွအနတ္တကို မြင်စေခြင်းငှာ၊ ရှေးဦးစွာ သစ္စာမြွနွဒ္ဒါဒသကာယ
တို့ကို ဟောတော်မူသည် ဆိုအပ်ခဲ့ပြီးသော ဒွါဒသကာယမြွမျိုး

၆၀-ကို၊ ဟောတော်မူပြီး၍။ ဝိပဿိအစရှိသော ရှေးရှေးသော ဘုရားရှင်တို့၏။ ဝေယျာကရဏာ၌၊ သစ္စာ၀မ္မသဘာ၀ ငါးပါးမှာ၊ ဓမ္မာယတန၊ ဓမ္မဓာတ်သမုဒယဓမ္မ၊ ၀ယဓမ္မမျိုးဖြစ်၍ ချွင်းခြွန်ပြီး လျှင်၊ ကိုယ်တော်တိုင် ပိုင်ပိုင်ရှေ့နှိုင်လော်အောင်၊ ချိုးခြံ့စွာတပတ ပကျင့်ကြံ၍၊ ဆောင်ရွက်၍ယူရသော ကိစ္စဉာဏ်တော်တို့၌ကျွေ စသော ဓမ္မငါးပါး၊ ၊ကိုယ်တော်ကိုင် ပိုင်ပိုင်ရရှိပြီးသော ကတ ဉာဏ်တော်တို့၌၊ ဓမ္မငါးပါးနှစ်ရ အားဖြင့်၊ ဓမ္မဆယ်ပါးတို့ကိုသာ ဝေယျာကရဏာတို့၌၊ ဟောဘော်ပြသတော်မူကြောင်းကို၊ ၊ ဝိပဿိဿဗောဓိသတ္တဿ၊ ဝေယျာကရဏေ ဒသဓမ္မာ ဒသ အတ္ထာ၊ ဝိသတိနိရုတ္တိယော၊ စတ္တာလီသဉာဏာနိ၊ ပ၊ သိခိဿ ဗောဓိသတ္တဿ၊ ပ ၊ဝေဿဘုဿ ဗောဓိသတ္တဿ။ ပ ၊ကကုသန္ဓဿဗောဓိသတ္တဿ၊ပ၊ ကောနာဂမနဿဗောဓိသတ္တဿ၊ပ၊ ကဿပဗောဓိ သတ္တဿ၊ ပ။ ဂေါတမဿ ဗောဓိသတ္တဿ ဝေ ယျာကရဏေ၊ဒသဓမ္မာ၊ဒသအတ္ထာ၊ဝိသတိနိရုတ္တိယော၊ စတ္တာလီ သဉာဏာနိ၊ ပ ၊သတ္တန္နံ ဗောဓိသတ္တာနံ၊ သတ္တသု ဝေယျာကရ ဏေသု သတ္တတိဓမ္မာ၊ သတ္တတိအတ္ထာ၊ စတ္တာလီသတံနိရုတ္တိ ယော၊ အသီတိဉ္စေ့ ဉာဏသတာနိ၊ ၊အစရှိသဖြင့် ဓမ္မ ဆယ်ပါး၊ အတ္ထဆယ်ပါး၊နိရုတ္တိနှစ်ဆယ်၊ ပဋိဘာန၊ လေးဆယ် တို့ကိုသာ၊ ဝိပဿိအစရှိသဖြင့်၊ ရှေးရှေးသောဘုရားရှင်တို့၏၊ ပြ ပြအပ်သော၊ဝေယျာကရဏာတို့နှင့် အညီအညွှတ်၊ ဂေါတမ ရှင် တော်ဘုရား၏၊ ဝေယျာကရဏာတို့၌၊ ဓမ္မဆယ်ပါးကိုသာ ဟော ကြားတော်မူသည်၊ ၊ဤအရာ၌၊ သင်္ဂါယနာငါးတန်တင်ရာပါရှိ သောကျမ်းကြီးရှစ်ဆယ်ခွန်နှစ်ကျမ်းတို့ကို၊စေ့ရုံအောင်ကြည့်ရှု ရုံစမ်းဆင်ခြင် နိုင်းညှိပါမှ၊ သိရှိသည် အရာဖြစ်သည်၊သင်္ဂါယနာ ငါးတန်တင်ရာမပါမရှိသောကျမ်း၊ ဂန္ထန္တရတို့ကိုသာ သင်ကြား လေ့ကျက်ဘူးသောသူတို့၏၊ အရာမဟုတ်၊ သို့ဖြစ်၍ အထူးဆင် ခြင်သျှာက်သတိပြုတော်မူနိုင်ကြစေကုန်သတည်း၊ ၊ဤကဲ့သို့ ရှေးရှေးသောဘုရားရှင်တို့၏၊ ဝေယျာကရဏာ ဓမ္မဆယ်ပါး၊ ဒွါဒ

သကာယဓမ္မ တဆယ့်ငါးပါးတို့နှင့်တကွ၊ အလုံးစုံသောဓမ္မတို့တွင် သိခြင်း မြင်ခြင်း အားထုတ်စီရင်ခြင်း၊ မျက်မှောက်ပြုခြင်း တွေ့ထိခြင်းတို့၌၊ မတွေ့ မတည့် မမိသော ဉာဏ်တော် မရှိကြောင်းကို၊ ။ဉာတဋ္ဌေ၊ ဒိဋ္ဌေ၊ ဝိဒိတေ၊ သစ္ဆိကတေ၊ ဖဿိတေ အဖဿိတေပညာယ အဘိညေဓ္ဓော နတ္ထိတိ၊ ။ အစရှိသဖြင့် ဟောတော်မူသည်။သို့ဖြစ်၍ အထက် ပြဆိုအပ်ခဲ့ပြီးသော၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ။ဟူ၍ ထင်ရှား ရှိသော သဘောသဘာဝတို့ကို၊မဘော်မပြန် သိမြင်စေခြင်းငှါ၊စက္ခုံဥဒပါဒိ ဒဿနဋ္ဌေန၊ဉာဏံဥဒပါဒိ၊ဉာတဋ္ဌေနပညာဥဒပါဒိ၊ပဇာနနဋ္ဌေန ဝိဇ္ဇာဥဒပါဒိ၊ပဋိဝေဒဋ္ဌေန၊အာလောကောဥဒပါဒိ၊ဩဘာသဋ္ဌေန စက္ခုံဓမ္မော၊ ဉာဏံဓမ္မော၊ ပညာဓမ္မော၊ ဝိဇ္ဇာဓမ္မော၊ အာလောကောဓမ္မော၊ ဣမေပဉ္စဓမ္မာဓမ္မပဋိသမ္ဘိဒါယ၊ စသဖြင့်ဓမ္မသဘာဝငါးပါးကို မှန်သည့်အတိုင်း ထင်ရှားသိစေခြင်းငှါ၊ ရှေးဦးစွာ သစ္စာဓမ္မသဘာဝငါးပါးတို့ကို၊ဟောတော်မူသည်၊သို့ဖြစ်၍၊ အထက်ကပြဆိုအပ်ခဲ့ပြီးသော၊စက္ခုဓမ္မ၊ဉာဏဓမ္မ၊ပညာဓမ္မ၊ဝိဇ္ဇာဓမ္မအာလောကဓမ္မ၊သဘာဝငါးပါးတို့၏ဖြစ်ခြင်းပျက်ခြင်းတို့ကို မှီ၍၊ အတ္တသဘာဝငါးပါးစွဲလမ်းခြင်းမှ လွတ်စေခြင်းငှါ၊မဘော်မပြန် အမှန် သိစေလိုသည်ဖြစ်၍၊ ဥဇုံ ကာယံပဏိဓာယပရိမုခံ၊ သတိံ ဥပဋ္ဌပေတွာ၊ အစရှိသဖြင့်၊ ကာယာနုပဿနာ သတိပဋ္ဌာန်၌၊ အမှန်သိမြင် ခြင်းတည်းဟူသော၊ သစ္စဉာဏ်အားဖြင့်၊ စက္ခုစသော ဓမ္မငါးပါး၊ ၎င်းကာယာနုပဿနာ၌၊ အတ္တသဘာဝ ငါးပါး လွတ်စေခြင်းငှါ၊ ကျင့်ကြံဆဲကိစ္စ ဉာဏ်အားဖြင့်၊ စက္ခုစသော ဓမ္မငါးပါး၊ ၎င်းကာယာနုပဿနာ၌ အတ္တသဘာဝ ငါးပါး လွတ်စေခြင်းငှါ၊ ကျင့်ကြံပြီးဖြစ်သော ကတဉာဏ် အားဖြင့်၊စက္ခုစသောဓမ္မငါးပါးအဖြန်သုံးမျိုးအားဖြင့်၊ဓမ္မတဆဲ့ငါးပါး ရှိကြောင်းကို၊ ကာယကာယာနုပဿနာ သတိပဋ္ဌာနေ ပန္နရသဓမ္မာဟူ၍ ဟောတော်မူသည်၊ ဤနည်းအတူ ဝေဒနာ

နုပဿနာ၌၊ ကျွတ်စသော၀မ္ဘ တဆဲ့ငါးပါး၊ စိတ္တာနုပဿနာ၌၊ ကျွတ်စသော ၀မ္ဘတဆဲ့ငါးပါး၊ ဓမ္မာနုပဿနာ၌၊ ကျွတ်စသော ၀မ္ဘတဆဲ့ငါးပါး၊ လေးရအားဖြင့်၊ ခြွေးခြောက်ဆယ် ရကြောင်းထို၊ စဘူသုသတိပဋ္ဌာနေသု၊ သဗ္ဗိ၀မ္ဘာဟူ၍ ဟောတော်မူသည်၊ ဤဆိုအပ်ခဲ့ပြီးသော၊သတိပဋ္ဌာန်နည်းအတူ၊ဈာန်ဗိုလ်ပါဒ်လေးပါးတို့၌၊ သစ္စညာဏ်အားဖြင့်၊ ဆန္ဒစကျွတ်စသော ၀မ္ဘငါးပါး၊ကိစ္စညာဏ်၌ ဆန္ဒစကျွတ်စသော ၀မ္ဘငါးပါး၊ ကတညာဏ်၌၊ ဆန္ဒစကျွတ် စသော ၀မ္ဘငါးပါး၊ သုံးရအားဖြင့်၊ ဆန္ဒိဒ္ဓိပါဒ်၌၊ ၀မ္ဘတဆဲ့ ငါးပါး ရှိကြောင်းကို၊ ဆန္ဒသမာဓိပဓာနသင်္ခါရသမန္နာဂတော ဈာန်ဒ္ဓိပါဒေါ ပဋ္ဌရသ၀မ္ဘာဟူ၍ဟောတော်မူသည်၊ ဤနည်းအတူ၊ ၀ိရိယိဒ္ဓိပါဒ်၌ ၀ိရိယစကျွတ်စသော ၀မ္ဘတဆဲ့ငါးပါးရှိကြောင်းကို၊ ၀ိရိယသမာဓိပဓာနသင်္ခါရသမန္နာဂတော ဈာန်ဒ္ဓိပါဒေါပဋ္ဌရသ၀မ္ဘာဟူ၍ ဟောတော်မူသည်၊ စိတ္တိဒ္ဓိပါဒ်၌၊ စိတ္တစကျွတ်စသော ၀မ္ဘတဆဲ့ငါးပါးရှိကြောင်းကို၊ စိတ္တသမာဓိပဓာနသင်္ခါရသမန္နာဂတော၊ ဈာန်ဒ္ဓိပါဒေါ ပဋ္ဌရသ၀မ္ဘာဟူ၍ ဟောတော်မူသည်၊ ၀ိမံသိဒ္ဓိပါဒ်၌၊ ၀ိမံသစကျွတ် စသော၀မ္ဘတဆဲ့ငါးပါးရှိကြောင်းကို ၀ိမံသသမာဓိပဓာနသင်္ခါရ သမန္နာဂတော ဈာန်ဒ္ဓိပါဒေါ ပဋ္ဌရသ၀မ္ဘာဟူ၍ ဟောတော်မူသည် ဆိုအပ်ခဲ့ပြီးသော၊ ဈာန်ဒ္ဓိပါဒ်လေးပါးတို့၌၊ ၀မ္ဘပေါင်း ခြောက်ဆယ် ရှိကြောင်းကို၊ စဘူသုဈာန်ဒ္ဓိပါဒေသုသဋ္ဌိ၀မ္ဘာ ဟူ၍ ဟောတော်မူသည်၊ ဆိုအပ်ခဲ့ပြီးသော၊ သတိပဋ္ဌာန်လေးပါးတို့နှိက်၊ ကျွတ်စသော၊ ၀မ္ဘပေါင်း ခြောက်ဆယ်၊ ဈာန်ဒ္ဓိပါဒ် လေးပါးတို့၌၊ ကျွတ်စသော၊ ၀မ္ဘပေါင်း ခြောက်ဆယ်၊ နှစ်ရပေါင်းတရာ့နှစ်ဆယ်သည်၊ အရင်းမူလပဓာနဖြစ်၍၊ ထိုပဓာနကို၊ ကောင်းစွာပြုပြင် ကျင့်ကြံ ပြည့်စုံခြင်းငှာ၊ ပဓာနသင်္ခါရသမန္နာဂတော၊ ဈာန်ဒ္ဓိပါဒေါဟူ၍ ဟောတော်မူသည်၊ သို့ဖြစ်၍၊ ဤ၀မ္ဘပေါင်း တရာ့နှစ်ဆယ်ကိုပင်၊ (ပဓာနဝီရိယ)ဟူ၍မှတ်၊ ထိုပဓာနဝီရိယနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား၊ အသိညာဏ်ကြီးသည်ဖြစ်၍၊အဘိညာဉ်ပုဂ္ဂိုလ်ဟူ၍ခေါ်သည်၊ ဤမှစ၍ဆိုလတံ့သော၊ ၀မ္ဘပေါင်း-၇၀၀ တို့တွင်၊ ၀မ္ဘတ

ပါးပါးကိုသိမြင်ရရှိနိုင်လောက်အောင်၊ ပဌာနစရိယာ မြွေပေါင်း တရာ့နှစ်ဆယ်နှင့်ပြည့်စုံမှသာလျှင်၊ သိမြင်ရရှိနိုင်သည်၊ သို့ဖြစ်၍ မြွေပေါင်း ခွန်နှစ်ရာအနက်၊ မြွေတပါးတပါး၌၊ ပဌာနစရိယာ မြွေ တရာ့နှစ်ဆယ်စီရှိရကား၊ မြွေပေါင်း၊ ခွန်နှစ်ရာကိုတည်၊ ပဌာန စရိယာမြွေပေါင်းတရာ့နှစ်ဆယ်နှင့်မြှောက်၊ မြွေပေါင်း ရှစ်သောင်း လေးထောင်ရ၏၊ ဤမြွေပေါင်း ရှစ်သောင်း လေးထောင်တို့၏၊ အ မည်ပညတ်တို့ကို တပါးနှင့်တပါး၊မရောနှောစေဘဲ ဟောတော်မူ သည့်အတိုင်း၊သဘောသဘာဝတို့ကို ထုတ်နုတ်၍ကြည်ညို့မြတ် နိုးကိုးကွယ်ကန်ရာသည်၊ ဆိုအပ်ခဲ့ပြီးသော၊ မြွေတို့၏၊ သဘော အမည်ပညတ် ကွဲလွဲထူးချားပုံကို၊ ဤသို့မှတ်၊ ကာယာနုပဿနာ သတိပဋ္ဌာန်နိုက်၊ ကာယသစ္စစက္ခုမြွေ၊ ကာယသစ္စညာဏ မြွေ၊ ကာယသစ္စပညာမြွေ၊ ကာယသစ္စဝိဇ္ဇာမြွေ၊ ကာယသစ္စအာလော ကမြွေ၊သစ္စညာဏ်အားဖြင့် ငါးပါး၊ကာယကိစ္စစက္ခုမြွေ၊ကာယ ကိစ္စညာဏမြွေ၊ ကာယကိစ္စပညာမြွေ၊ ကာယကိစ္စဝိဇ္ဇာမြွေ၊ ကာ ယကိစ္စအာလောကမြွေ ကိစ္စညာဏ်အားဖြင့်ငါးပါး၊ ကာယကတ စက္ခုမြွေ၊ ကာယကတ ညာဏမြွေ၊ ကာယကတ ပညာမြွေ၊ ကာယကတဝိဇ္ဇာမြွေ၊ ကာယကတအာလောကမြွေ၊ ကတညာဏ် အားဖြင့်ငါးပါး၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်နိုက်၊ ဝေဒနာသစ္စ စက္ခုမြွေ၊ လ၊ ဝေဒနကိစ္စစက္ခုမြွေ၊ လ၊ ဝေဒနာကတ စက္ခုမြွေ၊ လ၊ စိတ္တသစ္စစက္ခုမြွေ၊ ပ၊ ဓမ္မသစက္ခုမြွေစသဖြင့်၊ ဋ္ဌကထာတို့မှာ လည်း၊ ဤနည်းအတူဆန္ဒသစ္စစက္ခုမြွေဟူ၍ ဟောတော်မူသည့် အတိုင်း၊ ပိုင်းချားဘိုးသန့်၍ မြွေခန္ဓာ ရှစ်သောင်း လေးထောင်တို့ ကို၊ကြည်ညို့မြတ်နိုးကိုးကွယ်နိုင်ကြစေကုန်သတည်း၊ဤအရာ၌ အသံတူ၊ သုတ်ခြင်းတူသဖြင့်၊ သဘောသဘာဝခြင်းတူသည်ဟု အမှတ်မှားခဲ့သော်၊ မြွေကျွန္ဓာရှစ်သောင်း လေးထောင် ကွယ်ကန် ရာသည်၊ သို့ဖြစ်၍အထူးသတိမူကြလေကုန်။ ဆိုအပ်ခဲ့ပြီးသော၊ ပဌာနစရိယာမြွေပေါင်း တရာ့နှစ်ဆယ်တို့နှင့်၊ ပြည့်စုံသဖြင့်၊ အ ဘိညေယျနိုက်၊ အဘိညာယျညာတ စက္ခုစသော မြွေငါးပါး၊ အ

ဘိညာယျဣန္ဒြေစကျုံစေသော မွေငါးပါး၊ အဘိညာယျဝိဒိတစကျုံစေ
သောမွေငါးပါး၊အဘိညာယျ သန္တိကတစကျုံစေသော မွေငါးပါး
အဘိညာယျဖဿိတစကျုံစေသောမွေငါးပါး၊ ငါးရအားဖြင့်၊ မွေ
ပေါင်းနှစ်ဆဲ့ငါးပါးရကြောင်းကို၊ အဘိညာယျ အဘိညဣန္ဒြေပဋိ
ဝိသတိမွေ့ာဟူ၍ဟောတော်မူသည်၊ ဤနည်းအတူ ပရိညေယျဣန္ဒြိ
ပရိညာယျညာတ စကျုံစေသောမွေငါးပါး၊ ပရိညာယျဣန္ဒြေစကျုံစေ
သော၊မွေငါးပါးပရိညာယျဝိဒိတစကျုံစေသောမွေငါးပါး၊ ပရိညာ
ယျသန္တိကတစကျုံစေသောမွေငါးပါး၊ပရိညာယျဖဿိတစကျုံစေ
သော၊မွေငါးပါး၊ငါးရအားဖြင့် မွေပေါင်းနှစ်ဆဲ့ငါးပါးရကြောင်း
ကို၊ ပရိညာယျပရိညဣန္ဒြေ ပဋိဝိသတိ မွေ့ာဟူ၍ ဟောတော်မူ
သည်၊ ဤနည်းအတူပဟာနာယဣန္ဒြိ၊ပဟာနာယညာတ စကျုံစေ
သောမွေငါးပါး၊ ပဟာနာယဣန္ဒြေ၊ စကျုံစေသောမွေငါးပါး၊ ပဟာ
နာယဝိဒိတစကျုံစေသော မွေငါးပါး၊ ပဟာနာယသန္တိကတစကျုံ
စေသောမွေငါးပါး၊ ပဟာနာယဖဿိတ စကျုံစေသော မွေငါးပါး၊
ငါးရအားဖြင့်၊မွေပေါင်းနှစ်ဆဲ့ငါးပါးရကြောင်းကို၊ ပဟာနာယ၊
ပဟာနဣန္ဒြေပဋိဝိသတိမွေ့ာဟူ၍ဟောတော်မူသည်၊ ဤနည်းအတူ
ဘာဝနာယဣန္ဒြိ၊ ဘာဝနာယညာတစကျုံစေသော မွေငါးပါး၊ ဘာဝ
နာယဣန္ဒြေစကျုံစေသောမွေငါးပါး၊ ဘာဝနာယဝိဒိတစကျုံစေသော
မွေငါးပါး၊ဘာဝနာယသန္တိကတစကျုံစေသော မွေငါးပါး၊ဘာဝ
နာယ ဖဿိတ စကျုံစေသောမွေငါးပါး၊ ငါးရအားဖြင့်၊ မွေ
ပေါင်း နှစ်ဆဲ့ ငါးပါး ရကြောင်း ကို၊ ဘာဝနာယ ဘာဝနဣန္ဒြေ
ပဋိဝိသတိမွေ့ာဟူ၍ ဟောတော်မူသည်၊ ဤအနည်းအတူသစ္ဆိ
ကရိယဣန္ဒြိ သစ္ဆိကရိယညာတ စကျုံစေသောမွေငါးပါး သစ္ဆိကရိ
ယဣန္ဒြေစကျုံစေသော မွေငါးပါး၊ သစ္ဆိကရိယဝိဒိတစကျုံစေသော
မွေငါးပါး၊ သစ္ဆိကရိယဖဿိတစကျုံစေသော မွေငါးပါး၊ ငါးရ
အားဖြင့်၊ မွေနှစ်ဆဲ့ငါးပါးရကြောင်းကို၊သစ္ဆိကရိယာယသစ္ဆိ
ကရိယဣန္ဒြေပဋိဝိသတိမွေ့ာဟူ၍ ဟောတော်မူသည်၊ ဤဆိုအပ်ခဲ့
ပြီးသော၊အဘိညေယျစကျုံစေသော မွေနှစ်ဆဲ့ငါးပါး၊ပရိညာယျ

စက္ခုစသောမြေနှစ်ဆဲ့ငါးပါး၊ ပဟာနာယစက္ခုစသော မြေနှစ်ဆဲ့ငါးပါး၊ ဘာဝနာယစက္ခုစသောမြေနှစ်ဆဲ့ငါးပါး၊ သစ္ဆိကရိယာယစက္ခုစသောမြေနှစ်ဆဲ့ငါးပါး၊ ငါးရအားဖြင့်၊ မြေပေါင်း တရာ့နှစ်ဆဲ့ငါးပါးရကြောင်းကို၊ အဘိညာယျအဘိညေယျ၊ ပရိညာယျပရိညေယျ၊ ပဟာနာယပဟာနေယျ၊ ဘာဝနာယဘာဝနေယျ၊ သစ္ဆိကရိယာယသစ္ဆိကရိယေယျ၊ ပဉ္စဝီသတိသတံ မြေဟူ၍ ဟောတော်မူသည်၊ ဤနည်းအတူ၊ ခန္ဓာတို့၌၊ ခန္ဓညာတစက္ခုစသောမြေငါးပါး၊ ခန္ဓဒိဋ္ဌစက္ခုစသော မြေငါးပါး၊ ခန္ဓဝိဒိတစက္ခု စသောမြေငါးပါး၊ ခန္ဓသစ္ဆိကတ စက္ခုစသော၊ မြေငါးပါး၊ ခန္ဓဖဿိတစက္ခုစသောမြေငါးပါး၊ ငါးရအားဖြင့် မြေနှစ်ဆဲ့ငါးပါးရကြောင်းကို၊ ခန္ဓာနံခန္ဓဋ္ဌေ ပဉ္စဝီသတိမြေဟူ၍ဟောတော်မူသည်၊ ဤနည်းအတူ၊ ဓာတ်တို့၌ ဓာတုညာတစက္ခုစသောမြေငါးပါး၊ ဓာတုဒိဋ္ဌစက္ခုစသော မြေငါးပါး၊ ဓာတုဝိဒိတ စက္ခုစသော မြေငါးပါး၊ ဓာတုသစ္ဆိကတစက္ခုစသော မြေငါးပါး၊ ဓာတုဖဿိတစက္ခုစသောမြေ ငါးပါး၊ ငါးရအားဖြင့်မြေပေါင်းနှစ်ဆဲ့ငါးပါးရကြောင်းကို၊ ဓာတုနံဓာတွဋ္ဌေပဉ္စဝီသတိမြေဟူ၍ ဟောတော်မူသည်၊ ဤနည်းအတူ၊ အာယာတနတို့၌၊ အာယတနညာတစက္ခုစသော မြေငါးပါး၊ အာယတနဒိဋ္ဌစက္ခုစသော မြေငါးပါး၊ အာယတနဝိဒိတစက္ခုစသော မြေငါးပါး၊ အာယတနသစ္ဆိကတ စက္ခုစသော မြေငါးပါး၊ အာယတနဖဿိတ စက္ခုစသော မြေငါးပါး၊ ငါးရအားဖြင့်၊ မြေပေါင်းနှစ်ဆဲ့ငါးပါးရကြောင်းကို၊ အာယတနာနံအာယတနဋ္ဌေပဉ္စဝီသတိမြေဟူ၍ ဟောတော်မူသည်၊ ဤနည်းအတူ၊ သစ္စတို့၌၊ သစ္စညာတ စက္ခုစသော မြေငါးပါး၊ သစ္စဒိဋ္ဌစက္ခုစသော မြေငါးပါး၊ သစ္စဝိဒိတ စက္ခုစသော မြေငါးပါး၊ သစ္စသစ္ဆိကတ စက္ခုစသောမြေငါးပါး၊ သစ္စဖဿိတစက္ခုစသောမြေငါးပါး၊ ငါးရအားဖြင့်၊ မြေနှစ်ဆဲ့ငါးပါးရှိကြောင်းကို သစ္စာနံသစ္စဋ္ဌေပဉ္စဝီသတိမြေဟူ၍ဟောတော်မူသည်၊ ။

ဤနည်းအတူ၊ အသင်္ခတဋ္ဌ၌၊ အသင်္ခတညာတစက္ခုစသော ဓမ္မငါးပါး၊ အသင်္ခတဒိဋ္ဌစက္ခုစသောဓမ္မငါးပါး၊ အသင်္ခတဝိဒိတ စက္ခုစသော ဓမ္မငါးပါး၊ အသင်္ခတ သစ္ဆိကတ စက္ခုစသော ဓမ္မငါးပါး၊ အသင်္ခတ ဖဿိတ စက္ခုစသောဓမ္မငါးပါး၊ ငါးရ အားဖြင့်၊ဓမ္မနှစ်ဆဲ့ငါးပါးရကြောင်းကို၊အသင်္ခတဿ အသင်္ခတ ဋ္ဌေပဉ္စဝီသတိဓမ္မာဟူ၍ ဟောတော်မူသည်၊ ဤဆိုအပ်ခဲ့ပြီးသော ခန္ဓစက္ခုစသောဓမ္မနှစ်ဆဲ့ငါးပါး၊ ဓာတု စက္ခုစသော ဓမ္မနှစ်ဆဲ့ ငါးပါး၊ အာယတနစက္ခုစသော ဓမ္မနှစ်ဆဲ့ငါးပါး၊ သင်္ခတစက္ခု စသောဓမ္မနှစ်ဆဲ့ငါးပါး၊အသင်္ခတစက္ခုစသောဓမ္မနှစ်ဆဲ့ငါးပါး၊ ငါးရအားဖြင့်၊ဓမ္မပေါင်း တရာ့နှစ်ဆဲ့ငါးပါးရှိကြောင်းကို၊ ခန္ဓာနံ ခန္ဓဋ္ဌေ၊ဓာတူနံဓာတုဋ္ဌေ၊အာယတနာနံအာယတနဋ္ဌေ၊သင်္ခတာနံ သင်္ခတဋ္ဌေ၊ အသင်္ခတာနံ အသင်္ခတဋ္ဌေ၊ ပဉ္စဝီသတိသတံ ဓမ္မာ ဟူ၍ ဟောတော်မူသည်၊ ဤနည်းအတူ၊ အရိယာသစ္စာ-၄-ပါး တို့၌၊ ပဓာနစရိယ ဓမ္မပေါင်း တရာ့နှစ်ဆယ် နှင့် ပြည့်စုံပြီးသော ပုဂ္ဂိုလ်တို့အား၊ဒုက္ခအရိယာသစ္စာ၌၊ညာတစက္ခုစသောဓမ္မငါးပါး ဒိဋ္ဌစက္ခုစသော ဓမ္မငါးပါး၊ ဝိဒိတစက္ခုစသော ဓမ္မငါးပါး၊ သစ္ဆိကတ စက္ခုစသော ဓမ္မငါးပါး၊ ဖဿိတစက္ခုစ သောဓမ္မ ငါးပါး၊ ငါးရအားဖြင့်၊ ဒုက္ခသစ္စာကိုပိုင်းခြား၍ သိခြင်း၌၊ ဓမ္မ ပေါင်းနှစ်ဆဲ့ငါးပါးရကြောင်းကို၊ ဒုက္ခဿ ဒုက္ခဋ္ဌေ ပဉ္စဝီသတိ ဓမ္မာဟူ၍ဟောတော်မူသည်၊ဤနည်းအတူ၊သမုဒယသစ္စာ၌ ညာ တစက္ခုစသောဓမ္မငါးပါး၊ ဒိဋ္ဌစက္ခုစသော ဓမ္မငါးပါး၊ ဝိဒိတ စက္ခုစသောဓမ္မငါးပါး၊ သစ္ဆိကတ စက္ခုစသော ဓမ္မငါးပါး၊ ဖဿိတစက္ခုစသော ဓမ္မငါးပါး၊ငါးရ အားဖြင့်၊ သမုဒယသစ္စာ ကို၊ပယ်ခြင်း၌၊ ဓမ္မ ၂၅-ပါးရကြောင်းကို၊သမုဒယဿ၊ သမုဒ ယဋ္ဌေပဉ္စဝီသတိဓမ္မာဟူ၍ဟောတော်မူသည်၊ဤနည်းအတူနိရော ဓ သစ္စာမျက်မှောက်ပြုရာ၌၊ ညာတစက္ခုစသော ဓမ္မငါးပါး၊ ဒိဋ္ဌ စက္ခုစသော ဓမ္မငါးပါး၊ ဝိဒိတစက္ခုစသောဓမ္မငါးပါး၊ သစ္ဆိ ကတစက္ခုစသော ဓမ္မငါးပါး၊ ဖဿိတစက္ခုစသောဓမ္မ ငါးပါး၊

ငါးရအားဖြင့်၊ နိရောဓ သစ္စာမျက်မှောက်ပြုခြင်း၌၊ မဂ္ဂပေါင်းနှစ်ဆဲ့ငါးပါးရှိကြောင်းကို၊ နိရောဓဿ နိရောဓဋ္ဌေ ပဉ္စဝီသတိမဂ္ဂါဟူ၍ဟောတော်မူသည်။ ဤနည်းအတူ၊ မဂ္ဂသစ္စာ၌ ညာတစက္ခုစသော မဂ္ဂငါးပါး၊ ဒိဋ္ဌစက္ခုစသော မဂ္ဂငါးပါး၊ ဝိဒိတစက္ခုစသော မဂ္ဂငါးပါး၊ သစ္ဆိကတ စက္ခုစသော မဂ္ဂငါးပါး၊ ဖဿိတစက္ခုစသောမဂ္ဂငါးပါး။ ငါးရအားဖြင့်၊ မဂ္ဂသစ္စာ၌၊ မဂ္ဂပေါင်းနှစ်ဆဲ့ငါးပါးရှိကြောင်းကို၊ မဂ္ဂဿ မဂ္ဂဋ္ဌေပဉ္စဝီသတိမဂ္ဂါဟူ၍ ဟောတော်မူသည်၊ ဤဆိုအပ်ခဲ့ပြီးသော၊ ဒုက္ခသစ္စာနှိက်၊ညာတစက္ခုစသော မဂ္ဂပေါင်းနှစ်ဆဲ့ငါးပါး၊သမုဒယသစ္စာနှိက်၊ညာတစက္ခုစသော မဂ္ဂပေါင်းနှစ်ဆဲ့ငါးပါး၊ နိရောဓသစ္စာနှိက်၊ ညာတစက္ခုစသော မဂ္ဂပေါင်း နှစ်ဆဲ့ငါးပါး၊ မဂ္ဂသစ္စာနှိက်၊ ညာတစက္ခုစသော မဂ္ဂပေါင်းနှစ်ဆဲ့ငါးပါး၊ လေးရအားဖြင့်၊အရိယသစ္စာတို့နှိက်၊ မဂ္ဂပေါင်းတရာရှိကြောင်းကို၊စတူသု၊ အရိယသစ္စေသု၊ သတံမဂ္ဂါဟူ၍ဟောတော်မူသည်၊ ဤနည်းအတူ၊ပဋိသမ္ဘိဒါ လေးပါးတို့တွင်၊ ဓမ္မပဋိသမ္ဘိဒါနှိက်၊ ညာတစက္ခုစသော မဂ္ဂငါးပါး။ ဒိဋ္ဌစက္ခုစသော မဂ္ဂငါးပါး၊ ဝိဒိတစက္ခုစသောမဂ္ဂငါးပါး၊ သစ္ဆိကတစက္ခုစသော မဂ္ဂငါးပါး၊ ဖဿိတစက္ခုစသော မဂ္ဂငါးပါး ငါးရအားဖြင့်၊မဂ္ဂနှစ်ဆဲ့ငါးပါးရှိကြောင်းကို၊ဓမ္မပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒဋ္ဌေပဉ္စဝီသတိမဂ္ဂါဟူ၍ဟောတော်မူသည်၊ ဤနည်းအတူ အတ္ထပဋိသမ္ဘိဒါနှိက်၊ ညာတစက္ခုစသောမဂ္ဂငါးပါး၊ ဒိဋ္ဌစက္ခုစသော မဂ္ဂငါးပါး၊ဝိဒိတစက္ခုစသောမဂ္ဂငါးပါး၊ သစ္ဆိကတ စက္ခုစသော မဂ္ဂငါးပါး၊ ဖဿိတစက္ခုစသော၊ မဂ္ဂငါးပါး၊ ငါးရအားဖြင့်မဂ္ဂနှစ်ဆဲ့ငါးပါးရှိကြောင်းကို၊အတ္ထပဋိသမ္ဘိဒါယ အတ္ထပဋိသမ္ဘိဒဋ္ဌေ၊ ပဉ္စဝီသတိ မဂ္ဂါဟူ၍ ဟောတော်မူသည်၊ ဤနည်းအတူ၊နိရုတ္တိပဋိသမ္ဘိဒါနှိက်၊ညာတစက္ခုစသော မဂ္ဂငါးပါး၊ ဒိဋ္ဌစက္ခုစသော မဂ္ဂငါးပါး၊ ဝိဒိတစက္ခုစသော မဂ္ဂငါးပါး၊ သစ္ဆိကတစက္ခုစသော မဂ္ဂငါးပါး၊ ဖဿိတစက္ခုစသော မဂ္ဂငါးပါး ငါးရအားဖြင့်၊ မဂ္ဂပေါင်း နှစ်ဆဲ့ငါးပါး ရှိကြောင်းကို၊

နိရုတ္တိပဋိသမ္ဘိဒါယ၊နိရုတ္တိပဋိသမ္ဘိဒဋ္ဌေ ပဉ္စဝီသတိ ဓမ္မာဟူ၍ ဟောတော်မူသည်၊ ဤနည်းအတူ၊ ပဋိဘာန ပဋိသမ္ဘိဒါနှိုက်၊ ဉာတ စက္ခုစသော ဓမ္မငါးပါး ဒိဋ္ဌစက္ခုစသော ဓမ္မငါးပါး၊ ဝိဒိတ စက္ခုစသော ဓမ္မငါးပါး၊ သစ္ဆိကတ စက္ခုစသော ဓမ္မငါးပါး၊ ဖဿိတ စက္ခုစသော ဓမ္မငါးပါး၊ ငါးရ အားဖြင့်၊ ပဋိဘာနပဋိသမ္ဘိဒါနှိုက်၊ဓမ္မပေါင်း နှစ်ဆဲ့ငါးပါး ရှိကြောင်းကို၊ ပဋိဘာန ပဋိသမ္ဘိဒါယ၊ ပဋိဘာန ပဋိသမ္ဘိဒဋ္ဌေ၊ ပဉ္စဝီသတိ၊ ဓမ္မာဟူ၍ ဟောတော်မူသည်၊ ဤဆိုအပ်ခဲ့ပြီးသော ဓမ္မပဋိသမ္ဘိဒါနှိုက်၊ ဉာတ စက္ခုစသော ဓမ္မပေါင်း နှစ်ဆဲ့ငါးပါး၊ အတ္ထပဋိသမ္ဘိဒါနှိုက်၊ ဉာတစက္ခုစသော၊ ဓမ္မပေါင်း နှစ်ဆဲ့ငါးပါး၊ နိရုတ္တိ ပဋိသမ္ဘိဒါနှိုက်၊ ဉာတ စက္ခုစသော ဓမ္မပေါင်း နှစ်ဆဲ့ငါးပါး၊ ပဋိဘာနပဋိသမ္ဘိဒါနှိုက်၊ဉာတစက္ခုစသော၊ ဓမ္မပေါင်း နှစ်ဆဲ့ငါးပါး၊ လေးရအားဖြင့်၊ ပဋိသမ္ဘိဒါ ၄-ပါးတို့နှိုက်၊ ဓမ္မပေါင်းတရာရှိကြောင်းကို၊ စတုသုပဋိသမ္ဘိဒါသု၊ သတံဓမ္မာဟူ၍ ဟောတော်မူသည်၊ ဤနည်းအတူ၊ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်နှိုက်၊ ဉာတ စက္ခုစသော ဓမ္မငါးပါး၊ ဒိဋ္ဌစက္ခုစသော ဓမ္မငါးပါး၊၊ဝိဒိတစက္ခုစသော ဓမ္မငါးပါး၊ သစ္ဆိကတစက္ခုစသော ဓမ္မငါးပါး၊ ဖဿိတစက္ခု စသော ဓမ္မငါးပါး၊ ငါးရအားဖြင့်၊ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်နှိုက်၊ ဓမ္မပေါင်းနှစ်ဆဲ့ငါးပါးရှိကြောင်းကို၊ ဣန္ဒြိယပရောပရိယတ္တေ ဉာဏေ ပဉ္စဝီသတိဓမ္မာဟူ၍ ဟောတော်သည်၊ ဤနည်းအတူ၊ အာသယာနုသယဉာဏ်တော်နှိုက်၊ ဉာတစက္ခုစသော၊ ဓမ္မငါးပါး၊ ဒိဋ္ဌ စက္ခုစသော၊ ဓမ္မငါးပါး၊ ဝိဒိတစက္ခုစသော ဓမ္မငါးပါး သစ္ဆိကတစက္ခုစသော ဓမ္မငါးပါး၊ ဖဿိတစက္ခု စသော၊ ဓမ္မငါးပါး၊ ငါးရအားဖြင့်၊ အာသယာနုသယ ဉာဏ်တော်နှိုက်၊ ဓမ္မပေါင်း နှစ်ဆယ့်ငါးပါး ရှိကြောင်းကို၊ အာသယာ နုသယဉာဏေပဉ္စဝီသတိဓမ္မာဟူ၍ ဟောတော်မူသည်၊ဤနည်းအတူ၊ ယမကပါဋိဟာရိယ ဉာဏ်တော်နှိုက်၊ ဉာတစက္ခု စသော ဓမ္မ

ငါးပါး၊ ဒိဋ္ဌစက္ခုစသော မွေငါး ပါး၊ ဝိဒိတစက္ခုစသော မွေ ငါးပါး၊ သန္တိကတ စက္ခုစသော မွေငါးပါး၊ ဖဿိတစက္ခု စသောမွေငါးပါး၊ ငါးရအားဖြင့်၊ ယမကပါဋိဟာရိယညာဏ် တော်နှိုက်၊ မွေပေါင်း နှစ်ဆဲ့ငါးပါးရကြောင်းကို၊ ယမကပါဋိ ဟာရိယ ညာဏော ပဋ္ဌဝိသတိ မွှောဟူ၍ ဟောတော် မူသည်၊ ဤနည်းအတူ၊ မဟာဂရုဏာသမာပတ္တိ ညာဏ်တော်နှိုက်၊ ညာ တစက္ခုစသော မွေငါးပါး၊ ဒိဋ္ဌစက္ခုစသော မွေငါးပါး၊ ၊ ဝိဒိတ စက္ခုစသော မွေငါးပါး၊ သန္တိကတ စက္ခုစသော မွေငါးပါး၊ ဖဿိတစက္ခု စသော မွေငါးပါး၊ ငါးရအားဖြင့်၊ မဟာကရု ဏာသမာပတ္တိ ညာဏ်တော်နှိုက်၊ မွေပေါင်း-နှစ်ဆဲ့ငါးပါး ရ ကြောင်းကို၊ မဟာကရုဏာသမာပတ္တိညာဏော၊ ပဋ္ဌဝိသတိမွှော ဟူ၍ဟောတော်မူသည်၊ ဤနည်းအတူ၊ သဗ္ဗညုတညာဏ်တော် နှိုက်၊ ညာတစက္ခု စသော မွေငါးပါး၊ ဒိဋ္ဌစက္ခု စသော- မွေ ငါးပါး၊ ဝိဒိတစက္ခုစသောမွေငါးပါး၊ သန္တိကတစက္ခု စသော မွေငါးပါး၊ ဖဿိတ စက္ခုစသော မွေငါးပါး၊ ငါးရအားဖြင့်၊ သဗ္ဗညုတညာဏ်တော်နှိုက်၊ မွေပေါင်းနှစ်ဆဲ့ငါးပါး ရကြောင်း ကို၊သဗ္ဗညုတညာဏော၊ပဋ္ဌဝိသတိမွှောဟူ၍ဟောတော်မူသည်၊ ဤနည်းအတူ၊အနာဝရဏညာဏ်တော်နှိုက်၊ညာတ စက္ခုစသော မွေငါးပါး၊ ဒိဋ္ဌ စက္ခုစသော မွေငါးပါး၊ ဝိဒိတ စက္ခုစသော မွေ ငါးပါး၊ သန္တိကတ စက္ခုစသော မွေ ငါးပါး၊ ဖဿိတ စက္ခုစသော မွေငါးပါး၊ငါးရအားဖြင့်၊အနာဝရဏ ညာဏ်တော် တို့နှိုက်၊ မွေပေါင်း နှစ်ဆဲ့ငါးပါး ရှိကြောင်းကို၊ အနာဝရဏ ညာဏော၊ ပဋ္ဌဝိသတိ မွှောဟူ၍ ဟောတော်မူသည်၊ ဤဆိုအပ်ခဲ့ ပြီးသော၊ ဣန္ဒြိယ ပရော ပရိယတ္တိ ညာဏ်နှိုက်၊ မွေပေါင်း နှစ်ဆဲ့ ငါးပါး၊အာသယာနုသယညာဏ်နှိုက်၊ မွေပေါင်း နှစ်ဆဲ့ ငါးပါး။ ယမကပါဋိဟာရိယ၊ ညာဏ်နှိုက်၊ မွေပေါင်း နှစ်ဆဲ့ ငါးပါး၊ မဟာကရုဏာ သမာပတ္တိ ညာဏ်နှိုက်၊ မွေပေါင်း နှစ်ဆဲ့ ငါးပါး၊ သဗ္ဗညုတ ညာဏ်နှိုက်၊ မွေပေါင်း နှစ်ဆဲ့ ငါး

ပါး၊ အနာဝရဏ ဉာဏ်နှိက်၊ ဓမ္မပေါင်း နှစ်ဆဲ့ ငါးပါး၊ ဤဉာဏ်တော် ၆-ပါး တို့နှိက်၊ ဓမ္မနှစ်ဆဲ့ငါးပါးစီရှိရကား၊ ၁၅၀-သော ဓမ္မပေါင်းတို့သည်၊ သဗ္ဗညု ရှင်တော် ဘုရားများမှ သာလျှင်၊ ရှိနိုင်သော၊ ဓမ္မပေါင်း- ၁၅၀ ဖြစ်သည်၊ ဆသုဗုဒ္ဓ ဓမ္မေသု၊ ဒိယဍ္ဎသတံ ဓမ္မာဟူ၍ ဟောတော်မူသည်၊ ထို့ဖြစ်၍ ကိုယ်တော်တိုင် ရှိသော၊ ဗုဒ္ဓဓမ္မပေါင်း-၁၅၀၊ ပဋိသမ္ဘိဒါ ဓမ္မ ပေါင်း-၁၀၀၊ အရိယသစ္စာဓမ္မပေါင်း-၁၀၀၊ ခန္ဓာ၊ ဓာတု၊ အာယ တန၊ သင်္ခတ၊ အသင်္ခတ တို့နှိက်၊ ရအပ်သော ဓမ္မပေါင်း-၁၂၅၊ အဘိညာယ၊ ပရိညာယ၊ ပဟာနာယ၊ ဘာဝနာယ၊ သစ္ဆိကရိ ယာယတို့နှိက်၊ ရအပ်သော ဓမ္မပေါင်း-၁၂၅၊ ရရပေါင်း-သမ္မာ သမ္ဗုဒ္ဓရှင်တော်ဘုရား များမှသာလျှင်၊ ရှိနိုင်သော၊ ဓမ္မပေါင်း ၆၀၀၊ သာဝက ဗောဓိတို့ မထိုက်သော၊ အရိယသစ္စာဓမ္မပေါင်း ၁၀၀၊ နှစ်ရပေါင်း-၇၀၀-ဖြစ်သည်၊ ဤဆိုအပ်ခဲ့ပြီးသော၊ ဓမ္မ ပေါင်း-၇၀၀ ကိုတည်၊ ပဓာန စရိယ ဓမ္မ ပေါင်း- ၁၂၀-နှင့် မြှောက်၊ ဓမ္မပေါင်း-ရှစ်သောင်း လေးထောင်ရ၏၊ ဤရှစ်သောင်း လေးထောင်တို့ အနက်၊ စက္ခုဓမ္မပေါင်း{၁၆၈၀၀}တသောင်း ခြောက်ထောင် ရှစ်ရာ၊ ဉာဏဓမ္မပေါင်း{၁၆၈၀၀}တသောင်း ခြောက်ထောင် ရှစ်ရာ၊ ပညာဓမ္မပေါင်း{၁၆၈၀၀}တသောင်း ခြောက်ထောင် ရှစ်ရာ၊ ဝိဇ္ဇာ ဓမ္မပေါင်း{၁၆၈၀၀}တသောင်း ခြောက်ထောင်ရှစ်ရာ၊ အာလောကဓမ္မပေါင်း{၁၆၈၀၀}တသောင်း ခြောက်ထောင်ရှစ်ရာ၊ ငါးရပေါင်း၊ ရှစ်သောင်း လေးထောင်သော၊ ဓမ္မခန္ဓါတို့သည်၊ သယမ္ဘူဉာဏ်တော်ကိုရသဖြင့်၊ ဆရာမရှိ ပကတိ ကိုယ်တော်တိုင်၊ သိမြင်နိုင်ခြင်း၊ သူတပါးတို့အား ဆုံးမ နိုင်ခြင်းဖြစ်၍၊ သဗ္ဗညုတ ဘုရားများ၏ ဓမ္မကာယပိဋက ဓမ္မခန္ဓာ တော်ရှစ်သောင်းလေးထောင်ကိုပင်၊ ဘုရားပေါင်း ရှစ်သောင်း လေးထောင်ဟူ၍ ဟောတော်မူသည်၊ သာဝကတို့ ရှိနိုင်သော အရိယသစ္စာ ဓမ္မပေါင်း-၁၀၀ ကိုတည်၊ ပဓာနစရိယဓမ္မ ၁၂၀ နှင့်မြှောက်၊ တသောင်းနှစ်ထောင်ဖြစ်၏၊ ဤပဓာနစရိယမှာ၊ သာဝ

ကတ္တိုဥဗ္ဗာ၊ **အရိယ** သစ္စာ၌ ဓမ္မပေါင်း- ၁၀၀ မှာ၊ ဆရာ ၏ ပစ္စည်းဖြစ်၍၊ ရဟန္တာပင် ဖြစ်ညားသော်လည်း၊ ဘုရားရှင်ကို မလွန်မြော်နိုင်ကုန်၊ သို့ဖြစ်၍၊ ၎င်း ဓမ္မခန္ဓာ ရှစ်သောင်း လေးထောင်တို့ကို၊ လွယ်လင့်တကူမှတ်ယူကြည့်ညို မြတ်နိုးကိုးကွယ်နိုင်စေခြင်းအကျိုးငှါ၊ ၎င်းအရဟန် အစရှိသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံခြင်းသည်၊ ဤဆိုအပ်ခဲ့ပြီးသော ဓမ္မခန္ဓာရှစ်သောင်းလေးထောင်တို့ကို၊ အကြွင်းမရှိထိုးထွင်း၍သိတော်မူခြင်းကိုရည်၍၊ သဗ္ဗဓမ္မေဗုဒ္ဓတိတိ ဗုဒ္ဓေါဟူသောဗုဒ္ဓါနုဿတိ၊ ကမ္မဋ္ဌာန်း၊ အရဟန်စသော ကမ္မဋ္ဌာန်းများကိုစီးပြန်းပွားများနိုင်စေခြင်းငှာ၊ ၎င်း သွာက္ခာတာအစရှိသဖြင့်၊ အင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော ဓမ္မခန္ဓာ ဓမ္မာနုဿတိကမ္မဋ္ဌာန်းများကို၊ စီးပြန်းပွားများနိုင်စေခြင်းငှာ ၎င်း သုပ္ပဋိပန္နစသဖြင့်၊ ထိုဓမ္မတို့ကိုမှီ၍၊ ကိလေသာတို့ကို စင်ကြယ်စေခြင်းငှာ၊ ကျင့်ကြံ ရှုဆောင်ကြရကုန်သော သံဃာနုဿတိ ကမ္မဋ္ဌာန်းများကိုစီးပြန်းပွားများနိုင်စေခြင်းငှာ၊ ဤဓမ္မခန္ဓာပဏ္ဏာမ ဆောင်ပုဒ်လင်္ကာကို၊ ထည့်သွင်းလိုက်ပါသည်။

## ဓမ္မခန္ဓာဘုရားရှိခိုး၊

အဝိဇ္ဇေယျ၊ အဝိဇ္ဇေယျ၊ အဝိဇ္ဇေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော် အပုံ၊ ဂုဏ်တော်အချုံ၊ ညာဏ်တော်ထွန်းပ၊ သမ္ဗုဒ္ဓဟု၊ စကြာဝဠာ၊ အာဏာဇာတိ၊ ခေတ်ဝိသရ၊ အနန္တတွင်၊ ဘက်မမြင်သည့် ချစ်ရှင်မြတ်စွာ၊ စေသဗ္ဗာတို့၊ ယခုသည့်ခြည်း၊ ရှေးရှေးနည်းဖြစ်၊ ဖြည့်ဆည်းပါရမီ၊ သုံးလည်ဆယ်ပြန်၊ မကြွင်းကျန်သော်၊ အရဟန္တာ၊ ဂုဏ်ကိုး၁နှင့် ဖိနဘဂဝါ၊ စေသဗ္ဗာသည်၊ ဦးစွာပဌမ ကောဏ္ဍညကို၊ ဓမ္မငါးမည်၊ အရင် မှီလျက်၊ စွဲသည်အဖွ၊ သဘာဝကို၊ ဒုက္ခသစ္စာ၊ ပိုင်းခြားရ၏၊ တဏှာအစ သမုဒယ၊ ကင်းဘွာပအောင်၊ မှီကြတရား၊ ဤငါးပါးတည်း၊ ထင်ရှားယခု၊ ဇကွဲညာဏ်၊

ပညာဝိဇ္ဇာ၊ အာလောကာရောက်၊ မျက်မှောက်ပြုရာ၊ နိရောဓာကို
သမာလုလ္လ။အားထုတ်ကြံရန်၊ရှစ်ထန်မဂ္ဂင်၊ ဆင်ကြွင်သတိ၊ ထင်
ရှားသိအောင်၊ မိမိရေ၊ ကာယဝေဒနာ၊ စိတ္တာဓမ္မ၊ လေးဌာနကို၊
ဓမ္မငါးဖြာ၊ မှီ၍သာသျှင်၊ ကျင့်ရာသည်ချည်း၊ အနည်းနည်းကို၊
များထိုထိုအား၊ ဟောဆိုဒေမွ၊ မိန့်တော်ချ၍၊ အနန္တဂုဏ်၊ညာဏ်
တော်ရုံမှာ၊သုံးဘုံရောက်၊ပဲ့တင်ခပ်မျှ၊လူနတ်ပြဟ္မာ၊သတ္တဝါတို့
များစွာနေ့ရေ၊ ဂဏန်းခြေနှင့်၊ သေသေချာချာ၊ ဓမ္မတွက်ပါလည်း၊
ဆုံးရာမထင်၊သို့ဖြစ်အင်ကြောင့်၊မည်တွင်အနန္တ၊ ဂုဏ်တော်မျှကို
ပေလာယကန် ခြွင်းခဲ့ချန်၍၊ သိသံဝန္တန၊ သတ္တစွန့်နှင့်၊ ဓမ္မခန္ဓာ၊ အ
ဖြာဖြာဟု၊ ဗုဒ္ဓါဝင်စစ်၊ရေတွက်လစ်သော်၊ရှစ်သောင်းလေးထောင်
မြတ်ဘုံးခေါင်ဟု၊ ထွန်းပြောင်ဝန်းသျှန်၊ မိန့်တော်ပြန်၍၊ ဓမ္မခန်
စစ်၊ ဓမ္မတွက်လှစ်သျှက်၊ ချစ်ရှင်မျက်ရှု၊ဟောတော်ပြုသည်၊စကျ
ညာဏ်၊ပညာဝိဇ္ဇာ၊အာလောကာဟု၊ဓမ္မာပဥ္စ၊ငါးဌာနကဲ့၊ဒိဋ္ဌမြင်
သိ၊ပွါးလေဘိသော်၊သတိပဋ္ဌာန်၊ သတ္တညာဏ်ဋ္ဌ၊ လေးတန်တို့ဝယ်
နှစ်ဆယ်ရအင်၊ ဈာန္တိပါဒ်လေး၊ ပွားဓမ္မတို့နယ်၊ငါးရသွယ်၍၊မှတ်
ဘွယ်ဓမ္မ၊ နှစ်ဆယ်မည်၊ ထိုမှသတိ၊ ဈာန္ဒပါဒ၊ ပေါင်းပြန်ကမူ၊
လေးဆယ်ယူ၍၊နည်းတူကိစ္စ၊ ကဘအပြား၊ ဆင့်၍ပွားသော်၊ တ
ရာကျော်၍၊ ငွန်းသော်ဗိုလ်သ၊ပဓာနဟု၊စရိယမှတ်၊ ကျင့်တုံ လပ်မှု၊
မြတ်သုဘိသည်၊ ရကြောင်းဆင်လျှက်၊ အင်္ဂါပဥ္စ၊ ငါးဌာနမှာ၊ ညာ
တဒိဋ္ဌ၊ ပဋိဒိဘဂ္ဂိ၊ သန္တိကဘ၊ ဖဿိတဟု၊ သိကြောင်းပြုသော်၊
စကျုအင၊ အာလောကမှတ်၊ ယင်းငါးရင်နှင့်၊ ပွားလိုက်သောခါ၊
ပညာဗိသ၊ ဂဏန်းရ၍၊ ထိုမှအင၊နောက်နောင်ပြသော်၊ ပဥ္စဗိသာ
မြတ်ဓမ္မာဟု၊ သေချာပွားမှု၊ ဤနည်းပြုလော့၊ သိမှုထို့ပြင်၊ အ
ဘိညာဉ်နှင့်၊မည်တွင်ပရိညာ၊ပဟာနာယ၊ဘာဝနာဖြည့်၊ သန္တိက
ရိယ၊ငါးဌာနမှာ ပဥ္စဗိသာ၊ တက်နည်းဖြာသျှက်၊ ပွားခါငါးတန်၊
ငါးရပြန်သော် တရာကျော်၍၊ ငွန်းသော်ပဥ္စ၊ မှတ်ကြောင်း ဖြီ
လော့၊ တသိခန္ဓ၊ ဓာတုစသား၊ ထိုမှတပြာ၊ အာယတန၊ သဉ်တ
တွင်၊ အသင်္ခတ၊ တက်နည်းပြသျှက်၊ ပွားကတချာ၊ ငွန်းလာနှစ်

ဆယ်၊ငါးရသွယ်၍၊မှတ်ဘွယ်မရကျ၊ ဒုက္ခသစ္စာ၊ပိုင်းခြားရာတွင် ပဉ္စာဝိ သ။ ဂဏန်းရ၏၊ ထိုမှသိမှု၊ထက်နည်းရှု၍၊သရုဒယ၊ ပယ် ကြကုန်မှန်၊ ငါးတန်ငါးလည်၊ နည်းမှီရှေ့နေသံ၊မျက်မှောပြုရာ၊ နိ ရောဓါမှာ၊ပဉ္စဝိသ၊ပွါးထမဂ္ဂင်၊ ဤနည်းပင်တည်း၊ထိုတွင်ပေါင်း မှု၊စတုသစ္စ၊ လေးဌာနမှာ၊ ဓမ္မတရာ၊ရှိသည့်တာကို၊ မြတ်စွာမိန့် ချက်၊ ရှင်းမကွက်အောင်၊ သတိဆောင်လော့၊ လျှန်ပြောင်ထွန်း ညှိ၊ ဉာဏ်တော်ရှိသည်၊ပဋိသန္ဓိ။ မြတ်လေးထိတွင်၊ တူညီဘ ကွ၊ ဓမ္မအထူ၊နိရုတ္တိ၊ ဗဋိဘာဏ်။ လေးဌာနမှာ၊ ပဉ္စဝိသာ၊ စဉ် သင့်ဖြာလျက်၊ ပေါင်းကာဓမ္မ၊ တရာရ၏၊ ထိုမှခြောက်ရပ်၊ ရှင် တော်မြတ်တို့၊ ရအပ်မှန်ဘိ၊ ဇာနိယ၊ အာသယနှင့်၊ ယမကပါဋ္ဌိ မည်ရှိတဖြာ၊ ကရုဏာမြတ်၊ သမာပတ်နှင့်၊ သဗ္ဗညုတ၊ ဉာဏ ဖြာဖြာ၊မနိုင်းရာသည်၊ အနာဝရဏ၊ ခြောက်ဌာနမှာ၊ ဗုဒ္ဓဓမ္မ၊ ထက်နည်းရေ၍၊ ပွါးလေပဉ္စဝိ၊ စဉ်သင့်ငြိသော်၊ တရာကျော်၍၊ စွန်းပေါ်ငါးဆယ်၊ မှတ်ကြောင်း သွယ်လျှက်၊ ထိုဝယ်ပေါင်းလျှင် အဘိညဉ်နှင့်၊ မည်တွင် ပရိညာ၊ ပဟာနာယ အခြင်းစလျက်၊ဗုဒ္ဓ ဓမ္မ၊ ထည့်အောင်ရေ၍၊ သေသေချာချာ၊ရေတွက်ပါက၊ခြော်ရာ မျှတည့်၊ ဓမ္မစင်စစ်၊ ရှင်ချစ်မြတ်စွာ၊ ဝိနေယျာတို့၊ ဦးစွာရအပ်၊ တရပ်ထိုမှ၊ သာဝကအား၊ သနားရှေးရှု၊ ဟောတော်မူ၍၊ ကျင့် သူတို့မှာ၊ရထိုက်ရာသည်၊ သစ္စာလေးဝ၊ ဓမ္မတရာ၊ ပေါင်းဖြန့်ပါ မှု၊သမ္ဘာဗုဒ္ဓ၊ သမ္ဗုဒ္ဓဟု၊ ဌာနနှစ်ရပ်၊ ရအင်ဓမ္မာ၊ ချနှစ်ရာတည့်၊ ကောင်းစွာပြည့်မှု၊ စတုသတ်၊ ဇာတိလေးဝ၊ ပဝါနဟု၊ စရိယမြတ်၊ ကျင့်တုံလပ်မှ၊ ရအပ်သည်သာ၊သို့ဖြစ်ပါ၍၊သစ္စာကိစ္စ၊ကတသုံး တပ်၊ ငါးချင်ဓမ္မာ၊ မြောက်ပြန် ခါဝယ်၊ ဖြစ်လာပန္နရ၊ ယင်းအခါ တွင်၊ လေးဝသတ်၊ ဇာတိဇယျ၊ ရှစ်ဌာနနှင့်၊ မြောက်တာတရာ နှစ် ဆယ်သာတည့်၊ ထိုမှတက်ပြ၊ ဗုဒ္ဓနှစ်ဖြာ၊ ချနှစ်ရာဓမ္မ၊ မြောက် လေကမှု ဓမ္မခန္ဓာ၊ စတုရာသီတိ။ ရှစ်သောင်းပြည့်၍၊ စွန်းဘိလေး ထောင်၊ ..နှန်းခေါင်များစွာ၊ ဝိနေယျာကို၊ ခန္ဓာဓမ္မ၊အပိုးချ၍၊ သုံး သောကထိပ်၊ ဓမ္မဂီသရ၊ ဓမ္မသာမိ၊ မုနိဘဂဝါ၊ ဉာဏ်တော်မှာ

မှု၊ များစွာအနန္တ၊ ဆုမွှာသတည့်၊ သုံးဝဘုန်တွင်း၊ ဘက်မဲ့ကင်း၍၊ ရှင်ရင်းမြတ်စွာ၊ စောသဗ္ဗာသည်၊ မဟာဒဝက္ကလိ၊ ထေရ်ဘုန်းရှိကို၊ ပဿတ်ဓမ္မံ၊ မိန့်တော်ပြန်၍၊ ဓမ္မခံစက်၊ ဓမ္မနတ်မြွက်ကို၊ ထက်မျက်သိမှု၊ စက္ခုကြရဏီ၊ ဆောက်တည်နိစ္စ၊ ညာဏကရဏီ၊ နှစ်လိဓမ္မ၊ သဘာဝကို၊ နေ့ညမလပ်၊ ကျင့်လေတတ်မှ၊ မြတ်ဗုဒ္ဓကို၊ ဘူးရမည့်တာ၊ မိန့်တော်"မှာ၍၊ အပမာဒ၊ ရှိစေကြဟု၊ လောကထွန်းတင်၊ စောနတ်ရှင်သည်၊ သွန်သင်ဆုမွှ၊ မိန့်တော်ချ၏၊ ထိုမှတတန်၊ ရှင်အာနန်ကို၊ ဘုန်းသျှံမှာထား၊ နိဗ္ဗာန်လားသော်၊ ဘုရားများစွာ၊ ရှစ်သောင်းပြာသျှက်၊ ခွန်းမှာ လေးထောင်၊ မြတ်ဘုန်းခေါင်တို့၊ သုံးဘောင်ထောက၊ ဆိုဆုမွှ၍၊ ဘဝသံသရာ၊ လွတ်မည်တာဟု၊ မိန့်မှာခဲ့ချက်၊ ဓမ္မစက်ကို၊ ဆောင်ရွက်အာနန်၊ ဗျာဒိတ်ခံ၍၊ နိဗ္ဗာန်ဝင်ခါ၊ ပိုးစံပါသော်၊ များစွာဝေဏော၊ ကျွတ်တန်းချွေသည်၊ ဘုန်းဝေရှစ်သောင်း၊ လေးထောင်ဆောင်းသျှက်၊ ကျမ်းပေါင်းဒေသနာ၊ အင်္ဂါကိုးသွယ်၊ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပါး နစ်ပါးပိနယျ၊ ဓမ္မခန္ဓါ၊ ရသာဝိမုတ်၊ ဟောဘောင်ထုတ်၍၊ လောကုတ္တရာ၊ သောင်ခေမာသို့၊ သူငါမဟူ၊ ကျင့်နိုင်သူတို့၊ လွယ်ကူမင်္ဂဖိုလ် ရောက်အံ့ဆို၍၊ ဘုန်းမိုဟောချက်၊ ဓမ္မစက်ကို၊ ဆက်လက်ပုံခါ၊ ဝန္ဒနာနှင့်၊ ပူဇာရေဟာ၊ သက္ကာစွကြောင့်၊ အတ္တကင်းကွာ မြတ်ဓမ္မာကို၊ မှန်စွာမုချ ရစေသော်၊ ။

ငံ၊ ဤသို့၊ မေ၊ အကျွန်ုပ်အာနန္ဒာမထေရ်သည်၊ သုတံ၊ ကြားနာ
လိုက်ရ၏၊ ဧကံ၊ တပါးသော၊ သမယံ၊ အခါ၌၊ ဘဂဝါ၊ မြတ်စွာ
ဘုရားသည်၊ ဗာရာဏသီယံ၊ ဗာရာဏသီ အမည်ရှိသော ပြည်
၏အနီး၌၊ ဝိဟရတိ၊ နေတော်မူ၏။ ဣသိပတနေ၊ ဣသိပတန
အမည်ရှိသော၊ မိဂဒါယေ၊ သားတို့၏ အစာရှာမြဲရာ ဖြစ်သော၊
ထဝြခေါ၊ အလွန်ပျော်မွေ့ရာ ဝင်စစ်ဖြစ်သော ထိုတော၌၊
ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဉ္စဝဂ္ဂိယေ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်
သော၊ ဘိက္ခူ၊ ရဟန်းတို့ကို၊ အာမန္တေသိ၊ ခေါ်တော်မူ၏၊ ဒွေး-၂
ပါးကုန်သော၊ မေ၊ ငါဟောလတ္တံ့သော တရားတို့သည်၊ ဘိက္ခ
ဝေအန္တာ၊ ရဟန်း ဖြစ်သောသူတို့၏။ အတွင်းသဏ္ဍာန်မှ၊ ပဗ္ဗဇိ
တေန၊ ရှင်ထုပ်အပ်ကုန်သော၊ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်သော၊
တရားတို့ပင်တည်း၊ ကတမေ၊ အဘယ်သည့်တို့နည်း ဟူမူကား၊
ဒွေး-၂-ပါးကုန်သော။ ယောစာယံ၊ အကြင်အာရုံ-၆-ပါးတို့၌
ကာမေသု၊ ကာမသုခလ္လိကာ နုယောဂေါ၊ ကာမဂုဏ်- ၅-ပါး
ခံစားရသဖြင့်၊ ချမ်းသာ၏ဟု အစဉ် အားထုတ်သော၊ ဟီနော
ဂါမော၊ ယုတ်သော သူတို့သည်၊ သိမြဲရာ တရားဖြစ်သော၊ ပေါ
ထုဇ္ဇနိကော၊ ကာမဂုဏ်၌၊ ပြန့်ပြောခြင်းကိုအလိုရှိသော၊ အန
ရိယော၊ အရိယာတို့၏၊ အကျင့်မဟုတ်သော၊ အနတ္ထသံဟိတော၊
အစိုးမရခြင်းမှ၊ ပွါးစီးသော အကျင့် တို့သည်ရင်း၊ ယောစာယံ၊
အကြင်အာရုံ-၆-ပါး၊ ကာမဂုဏ်ငါးပါးတို့၌၊ မပြည့်ရသဖြင့်
အတ္တာ ကိလာ မထာ နုယောဂေါ၊ မိမိ၏ ညစ်ညူးခြင်း တို့ကို၊
အစဉ်တစိုက် အားထုတ်သော၊ ဒုက္ခော၊ ဆင်းရဲသော၊ အနရိယော
အရိယာတို့၏ အကျင့်မဟုတ်သော၊ အနတ္ထသံဟိတော၊ အစိုးမရ
ခြင်းမှ ပွါးစီးသော၊ ဧတေ၊ ဤမှုသောက်သော တရားတို့သည်၊
ခေါ၊ ဝင်စစ်ရဟန်းဖြစ်သောသူတို့၏၊ အတွင်းသဏ္ဍာန်မှ၊ ရှင်ထုပ်
အပ်၊ မမှီဝဲအပ်သော တရားတို့ပင် တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့
ဥဘော၊ ထိုကာမဂုဏ်၌၊ တောင့်တခြင်း သောဘ၊ တောင့်တ
တင်းမရသဖြင့်၊ ပူပန် ညစ်နွမ်း ရသော ဗျာပါဒတို့ကို၊ အန္တေ၊

ဝိဝိ၏ အတွင်းသန္တာန်နှိက်၊အနုပဂ္ဂမ၊ အစဉ်မစွဲလမ်းသည်ဖြစ်၍ မဥ္ဇိမာ၊ ညီမျှသော၊ ပဋိပဒါ၊ ကျင့်အပ် သောက်တည်အပ်သော၊ တဟာ၊ ထိုကာမ ရာဂ ဗျာပါဒတို့နှိက်၊ အစဉ် မစွဲအပ်သော၊ လမ်းသို့၊ ဂတေန၊သွားအပ် ရောက်အပ်သည်ဖြစ်၍၊အဘိ၊လွန်စွာ သမ္ဗုဒ္ဓာ။ ဗောဓ္ဈင်တရားတို့ကို၊ ပွားသည်ဖြစ်၍၊ စက္ခုကရဏီ၊ သစ္စာလေးပါး မြင်ခြင်းကို ကျင့်အပ်သော၊ ဉာဏ ကရဏီ၊ သစ္စာလေးပါး သိခြင်းကို ကျင့်အပ်သော၊ မဇ္ဈိမာ၊ ညီမျှသော၊ ပဋိပဒါ၊ ပဋိပါတ်အကျင့်သည်၊ ဥပသမာယ၊ ကိလေသာ ငြိမ်းခြင်း ငှါ။ အဘိညာယ၊ သစ္စာလေးပါးကို၊ထူးသောဉာဏ်ဖြင့်၊ သိခြင်း ငှါ၊ သမ္ဗောဓာယ၊ မဂ်ကိစ္စ ဖိုလ်ကိစ္စ တို့နှိက်၊ ကောင်းစွာလေ့ လာခြင်းငှါ၊ နိဗ္ဗာနာယ၊ အနုပါဒိ သေသ နိဗ္ဗာန် အကျိုးငှါ၊ သံဝတ္တတိ။ ကောင်း စွာ ဖြစ် ၏၊ ကတ မာ စ၊ အ ဘယ် တို့ နည်းဟူမူကား၊သော၊ ထိုဆိုသပ်ခဲ့ပြီးသော၊ ကာမရာဂ ဗျာပါဒတို့ ကို၊ ဖြိုဖျက်လိုသော၊ ဘိက္ခဝေ၊ ရဟန်းဖြစ်သော သူတို့သည်၊ မဇ္ဈိမ၊ ပဋိပဒါ၊ ညီမျှစွာကျင့်အပ်သော၊ တထာ၊ ထိုကာမရာဂ ဗျာပါဒတို့နှိက်၊ အစဉ်မစွဲအပ်သော လမ်းသို့၊ ဂတေန၊သွားအပ် ရောက်အပ်သည်ဖြစ်၍၊ အဘိ၊ လွန်စွာ၊ သမ္ဗုဒ္ဓါ၊ ဗောဓ္ဈင်တရား တို့ကို ပွါးသည်ဖြစ်၍၊ စက္ခုကရဏီ၊ သစ္စာလေးပါးတို့ကို၊ မြင် ခြင်းငှာ ကျင့်ခြင်းသည်၊ ဉာဏကရဏီ၊ သစ္စာလေးပါး တို့ကို သိခြင်းငှါ ကျင့်ခြင်းသည်၊ ဥပသမာယ၊ ကိလေသာ ငြိမ်းခြင်း ငှါ၊ အဘိညာယ၊ သစ္စာလေးပါးတို့ကို၊ ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ၊ သံဗောဓာယ၊မဂ်ကိစ္စ-ဖိုလ်ကိစ္စတို့နှိက်၊ ကောင်းစွာ လေ့လာခြင်းငှာ၊ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန် အကျိုးငှါ၊ သံဝတ္တတိ၊ ကောင်းစွာ ဖြစ်အောင်ကျင့်၏၊ ၊အယမေဝ၊ဤဆို လတ္တံ့ သည်ကား၊ အရိယော၊ ကိလေသာ ကုန်ခြင်းကို၊အလိုရှိ သောသူတို့၏၊ အင်္ဂါကား၊ အင်္ဂါ ၈စ်ပါး ရှိသော၊ မဂ္ဂေါ၊ ခရီး သည်၊ သေယျထိဒံ၊ လောကုတ္တရာ-တရားအား ပြောသဖြင့်၊ မပြတ် ပါးများ သေ သော နှင့်အင်္ဂါကုန်၏၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်

ဿွာမြင်ခြင်းငှာ၊ သမ္မာသင်္ကပ္ပေါ၊ ဖြောင့်မှန်စွာကြံခြင်းငှာ၊ သမ္မာ ဝါစာ၊ ဖြောင့်မှန်စွာဆိုခြင်းငှာ၊ သမ္မာကမ္မန္တော၊ ဖြောင့်မှန်စွာပြု ခြင်းငှာ၊ သမ္မာအာဇီဝေါ၊ ဖြောင့်မှန်စွာ အသက်မွေးခြင်းငှာ၊ သမ္မာဝါယာမော၊ ဖြောင့်မှန်စွာအားထုတ်ခြင်းငှာ၊ သမ္မာသတိ၊ ဖြောင့်မှန်စွာ အောင်းမေ့ခြင်းငှာ၊ သမာသမာဓိ၊ ဖြောင့်မှန်စွာ တည်ကြည် ခြင်းငှာ။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော ခရီးလမ်း ရှစ်ပါးသည်၊ ခေါ၊ စင်စစ်၊ သာ၊ ထိုဆိုအပ်ခဲ့ပြီးသော၊ ကာမရာဂ ဗျာပါဒတို့ကို၊ ဖြိုဖျက်လိုသော၊ ဘိက္ခဝေ၊ ရဟန်း ဖြစ်သော သူတို့သည်၊ မဇ္ဈိမ ပဋိပဒါ၊ ဖြောင့်မှန်စွာ ကျင့်အပ်သော၊ အ ကျင့်တို့ပင်တည်း၊ ၊တထာ၊ထိုမှ၊ ကာမရာဂ၊ဗျာပါဒ တို့နှိုက် အစဉ်မစွဲအပ်သောလမ်းသို့၊ ဂတေန၊ သွားအပ် ရောက်အပ်သည် ဖြစ်၍၊ အဘိ၊ လွန်စွာ၊ သမ္ဗုဒ္ဓါ၊ ဗောဓိဉာဏ် တရားတို့ကို ပွားအပ် သည်ရှိသော၊ စက္ခုကရဏီ၊သစ္စာလေးပါးတို့ကို မြင်ခြင်းသည်၊ ဉာဏကရဏီ၊ သစ္စာလေးပါးတို့ကိုသိခြင်းသည်၊ ဥပသမာယ၊ ကိလေသာငြိမ်းသည်ဖြစ်၍၊ အဘိညာယ၊ သစ္စာလေးပါးကို၊ ထူး သောညာဏ်ဖြင့်သိခြင်းသည်၊ သမ္ဗောဓာယ၊ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စ တို့နှိုက်၊ ကောင်းစွာလေ့လာ ပွားများခြင်းတို့သည်၊ နိဗ္ဗာနာယ၊ အနုပါဒိသေသနိဗ္ဗာန်အကျိုးငှာ၊ သံဝတ္တတိ၊ ကောင်းစွာဖြစ်စေ အပ်ကုန်၏၊ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော ခရီးလမ်းတို့သည်၊ ခေါ၊ စင်စစ်၊ ကိလေသာတို့ကို ကုန်ခြင်းငှာ၊ အလိုရှိသော သူတို့၏ လမ်းပင်တည်း၊ ၊ပန၊ မဂ္ဂင်ရှစ်ပါးမှတပါး၊ သစ္စာ လေးပါးကို ဟောဦးအံ့။ ဘိက္ခဝေရဟန်းတို့၊ ဒုက္ခံ၊ ဆင်းရဲခြင်း ထည်းဟူ သော၊ အရိယသစ္စံ၊မဖောက်မပြန်၊ကေန်မှန်သော တရားသည်၊ ဇာတိပိဒုက္ခာ၊ ဖြစ်ရခြင်း တည်းဟူသော ဆင်းရဲငှာ၊ ဇရာပိ ဒုက္ခာ၊ခုင့်ရေဘ်အိုမင်း၊ဟောင်းမြင်းရခြင်းတည်းဟူသော ဆင်းရဲ ငှင်း၊ဗျာဓိပိဒုက္ခာ၊ကိုက်ခဲညောင်းညာ၊ ဖြားနာ ပူပန်ရခြင်းတည်း ဟူသော ဆင်းရဲငှင်း၊ မရဏံပိ ဒုက္ခာ၊ ဘောက်ပြန်မနေ၊ သေရ ခြင်းတည်းဟူသောဆင်းရဲငှင်း၊အပ္ပိယေဟိသမ္ပယောဂေါဒုက္ခော

မနှစ်သက်သော သုတ္တိနှင့်-အတူတကွ ရှင်ပြိုင်ရခြင်း တည်းဟူသော-ဆင်းရဲရင်း၊ ပိယေဟိဝိပ္ပယောဂေါဒုက္ခော၊ နှစ်သက်သော သတ္တိနှင့်-အတူတကွ-မရှင်ပြိုင်ရခြင်း တည်းဟူသော ဆင်းရဲရင်း၊ ယံပိစ္ဆံ၊ အကြင် မိမိအလိုအတိုင်း တောင့်တခြင်းသည့်၊ နလဘတိ၊ မရအပ်၊ တမ္ပိဒုက္ခံ၊ ထိုမိမိအလို အတိုင်း မပြည့်ရုံသဖြင့်၊ ပူပန်ရခြင်း တည်းဟူသော ဆင်းရဲရင်း၊ သံခိတ္တေန၊ အကြင်အားဖြင့်၊ ပဉ္စုပါဒါနက္ခန္ဓာပိ၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့နှိက်၊ ဖြစ်ရခြင်း ပျက်ရခြင်း တည်းဟူသော၊ ဒုက္ခဆင်းရဲခြင်းတို့သည်ရင်း၊ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသောတရားတို့သည်၊ ခေါ၊ ပင်စစ်မဘောက်မပြန် ဧကံမှန်သော၊ ဒုက္ခသစ္စာတို့မည်ကုန်၏၊ ။

ပန၊ ဒုက္ခသစ္စာမှတပါး၊ ဒုက္ခ သမုဒယ သစ္စာကို ဟောဦးအံ့၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဒုက္ခသမုဒယံ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော၊အရိယသစ္စံ၊မဘောက်မပြန်ဧကံမှန်သော၊ ယာယံ တဏှာ၊ အကြင်အကြင် အာရုံ-၆-ပါး၊ ရုပ်နာမ်တရားတို့သည်၊ ပေါနောဗ္ဘဝိကာ၊ အသစ်အသစ်ဖြစ်အပ်သော၊ အာရုံ-၆ ပါး၊ ရုပ်နာမ်တရားတို့နှိုက်၊ နန္ဒီရာဂ-သဟဂတာ၊ နှစ်သက်ခြင်း-တပ်ညိုခြင်းနှင့်တကွ ဖြစ်၍ဖြစ်ကုန်၏၊ တတြတတြ၊ထိုထိုအာရုံ-၆-ပါး ရုပ်နာမ်တရားတို့နှိုက်၊ အဘိနန္ဒိနီ၊ အလွန် နှစ်သက်အပ်သော တရားတို့သည်၊ ၊သေယျထိဒံ၊ အဘယ်မည်သော တရားတို့နည်း၊ ကာမတဏှာ၊ အာရုံ- ၆ -ပါး၊ ရုပ်နာမ်တရားတို့နှိုက် တောင့်တရသဖြင့် တပ်နှစ်သက်ခြင်းတို့သည်ရင်း၊ ဘဝတဏှာ အာရုံ-၆-ပါး၊ ရုပ်နာမ်တရားတို့ကို၊ ဖြစ်လိုသဖြင့်၊ တပ်နှစ်သက်ခြင်းတို့သည်ရင်း၊ ဝိဘဝတဏှာ၊မဖြစ်သေးသော အာရုံ-၆-ပါး၊ ရုပ်နာမ်တရားတို့နှိုက် တပ်နှစ်သက်ခြင်း တို့သည်ရင်း၊ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော တရားတို့သည်၊ ခေါ၊ ပင်စစ် ဆင်းရဲခြင်း၏၊အကြောင်းရင်းဖြစ်သော၊ သမုဒယ သစ္စာတို့မည်ကုန်၏၊ ။

ပန၊ သမုဒယ သစ္စာမှတပါး၊ နိရောဓ သစ္စာကို ဟောဦးအံ့၊ ဘိက္ခဝေ၊ရဟန်းတို့၊ဒုက္ခနိရောဓံ၊ဒုက္ခ၏ချုပ်ရာဖြစ်သော၊အရိယ

သစ္စ၊ မဖောက်မပြန် ဧကံမှန်သောတရားသည်၊ယထာတဿ ယော၀၊အကြွင်အာရုံ-၆-ပါး၊ရုပ်နာမ်တရားတို့၌၊ တဏှာသယ၊တပ် နှစ်သက်ခြင်းတို့ကို၊ အသေသဝိရာဂါ၊ အကြွင်းမရှိ၊ ကပ်ညိခြင်း ကင်းသည်ဖြစ်၍၊ နိရောဓောစာဂေါ၊ချုပ်ငြိမ်းသော၊ အကျင့်သည် ပဋိနိဿဂ္ဂေါ၊အစဉ်အားဖြင့်၊ကိလေသာတို့ ကိုဝေးစွာ စွန့်ပစ်အပ် သည်ရှိသော ဝိမုတ္တိ၊ကိလေသာတို့မှ လွတ်သည်ဖြစ်၍၊ အနာလ ယော၊ အာရုံ-၆-ပါး၊ ရုပ်နာမ်တရားတို့နှင့်၊ချုပ်ငြိမ်းကုန်၏၊ ။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသောတရားတို့သည်၊ ခေါ၊ စင်စစ်၊ ဒုက္ခ၏ ချုပ်ရာဖြစ်သော၊နိရောဓသစ္စာမည်ကုန်၏။ ။ပန၊ နိရောဓ သစ္စာ မှတပါး၊ မဂ္ဂသစ္စာကိုဟောဦးအံ့၊ ။ဘိက္ခဝေ၊ ရဟန်းတို့ ဒုက္ခနိ ရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော ပဋိပါတ်သည်၊ အ ရိယသစ္စံ၊မဖောက်မပြန်၊ဧကံမှန်သဖြင့်၊ကျင့်အပ် ပွားအပ်သော အယမေဝ၊ ဤဆိုလတံ့သော၊ အရိယော၊ ကိလေသာ ကုန်ခြင်း ကို၊ အလိုရှိသောသူတို့၏၊ အဋ္ဌင်္ဂိကော၊ အင်္ဂါ ရှစ်ပါးရှိသော၊ မဂ္ဂေါ၊ ခရီးလမ်းသည်၊ သေယျထိဒံ၊ လောကုတ္တရာ တရားအား လျော်သဖြင့်၊ မပြတ်ပွားများ လေ့လာအပ်ကုန်သောတရားတို့ပင် တည်း၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်စွာမြင်ခြင်း၊ ပ၊ သမ္မာသမာဓိ၊ ဖြောင့် မှန်စွာ၊တည်ကြည်ခြင်းတို့ပင်တည်း၊ သစ္စာ လေးပါးတို့ကို၊ သရုပ် အားဖြပြီး၍၊သစ္စာလေးပါးနှင့်၊ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ကတ ဉာဏ်တည်းဟူသောအပြန်သုံးပါး၊ ခြင်းရာ ၁၂ ပါးပြခြင်းငှာ၊ ဣဒံဒုက္ခံ၊အစရှိသော ဒေသနာတော်ကို ဟောတော်မူသည်၊ ဣဒံ ဤဆိုအပ်ခဲ့ပြီးသော၊ဒုက္ခံ၊ဇာတိဒုက္ခအစရှိသောတရားတို့သည်၊ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော၊မဖောက်မပြန်၊ဧကံ မှန်သော၊ဒုက္ခသစ္စာတို့ပင်တည်း၊ ဣတိ၊ ဤသို့၊မေ၊ငါဘုရားသည်၊ ဘိက္ခဝေ၊ရဟန်းတို့၊ ပုဗ္ဗေ၊ရှေး၌အနနုဿုတေ၊အစဉ်မကြားဖူး ကုန်သော၊ သုခမွေသု၊ စင်ကျယ်သန့်ရှင်း၊ ကောင်းမြတ်ခြင်းနှင့် ပြည့်စုံသော တရားတို့၌၊ စက္ခုံ၊ မြင်ခြင်းသည်၊ ဥဒပါဒိ၊ထင်ရှား ဖြစ်၏၊ ဉာဏံ၊ သိခြင်းသည် ဥဒပါဒိ ထင်ရှားဖြစ်၏၊ ပညာ၊

အပျားအားဖြင့် သိခြင်းသည်၊ ဥဒပါဒိ ထင်ရှားဖြစ်၏၊ ဝိဇ္ဇာ၊ တတ်မြောက်ခြင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏၊ အာလောကော၊ အလင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏၊

ဤကား၊ ဒုက္ခသစ္စာ၌၊ သစ္စညာဏ်၊

တံခါပန၊ ထိုဆိုအပ်ခဲ့ပြီးသော၊ ဒုက္ခသစ္စာတို့၌၊ ဣဒံဒုက္ခံ၊ ဤဆင်းရဲခြင်းတည်းဟူသော၊ အရိယသစ္စံ၊ အရိယသစ္စာတို့ကို၊ ပရိညေယျန္တိ၊ ဇာတိဒုက္ခ အစရှိသော တရားတို့ကို ၊အစဉ်ပိုင်းခြားသဖြင့် သိအပ်ကုန်၏ဟူ၍၊ မေ၊ ငါဘုရားသည်၊ ဘိက္ခဝေ ရဟန်းတို့၊ ပုဗ္ဗေ၊ ရှေး၌၊ အနနုဿုတေ၊ အစဉ် မကြားစဘူးကုန်သော၊ သုခမ္မေသု စင်ကြယ်သန့်ရှင်း၊ကောင်းမြတ်ခြင်းနှင့် ပြည့်စုံသောတရားတို့၌၊စက္ခုံ၊ပ၊အာလောကော၊ အလင်းသည်၊ ဥဒပါဒိ ထင်ရှားဖြစ်၏၊

ဤကားဒုက္ခသစ္စာ၌၊ကိစ္စညာဏ်၊

တံခါပန၊ ထိုဆိုအပ်ခဲ့ပြီးသော၊ ဣဒံ ဒုက္ခံ ၊ ဤဆင်းရဲခြင်းတည်းဟူသော၊အရိယာသစ္စံ၊ အရိယသစ္စာတို့ကို၊ ပရိညာယန္တိ အကြွင်းမဲ့ပိုင်းခြား၍ သိအပ်ကုန်၏ဟူ၍၊ မေ၊ ငါဘုရားသည်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ပုဗ္ဗေ၊ ရှေး၌၊ အနနုဿုတေ၊အစဉ်မကြားစဘူးကုန်သော၊ သုခမ္မေသု၊ စင်ကြယ်သန့်ရှင်း ကောင်းမြတ်ခြင်းနှင့် ပြည့်စုံသောတရားတို့၌၊ စက္ခုံ၊ ပ၊ အာလောကော၊ အလင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ကုန်၏၊

ဤကား၊ဒုက္ခသစ္စာ၌၊ကတညာဏ်၊

ဣတိ၊ ဤဆိုအပ်ခဲ့ပြီးသော၊ကာမတဏှာ၊ဘဝတဏှာ၊ဝိဘဝတဏှာတို့သည်၊ ဒုက္ခသမုဒယံ၊ ဆင်းရဲခြင်း၏၊ အကြောင်းဖြစ်သော၊အရိယသစ္စံ၊အရိယာသစ္စာတို့သည်၊သိအပ်သော၊ မဘော်မပြန်ကောင်မှန်သော သမုဒယသစ္စာတို့ပင်တည်း၊ ဣတိ၊ ဤသို့၊ မေ၊

ငါဘုရားသည်၊ဘိက္ခဝေ၊ရဟန်းတို့၊ ပဌမ္မ၊ ရှေး၌၊ အနနုဿုတေး၊ အစဉ် မကြားစဘူးကုန်သော၊ သုဓမ္မေသု၊ စင်ကြယ် သန့်ရှင်း၊ ကောင်းမြတ်ခြင်းနှင့် ပြည့်ရ ကုန်သော တရားတို့ကို၊စက္ခုံ၊ပ၊အာ လောကော၊အလင်းသည်၊ဥဒပါဒိ၊ထင်ရှားဖြစ်ကုန်၏၊

ဤကားသမုဒယသစ္စာ၌သစ္စညာဏ်၊

တံခေါ်ပန၊ထိုဆိုအပ်ခဲ့ပြီးသော၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော၊ ဒုက္ခ သမုဒယံ၊ ဤ ဆင်းရဲ ခြင်း၏ အကြောင်းဖြစ်သော၊ အရိယသစ္စံ၊ အရိကသစ္စာတို့ကို၊ ပဟာတဗ္ဗန္တိ၊ ချုံးခြံသဖြင့်၊ ဒိဋ္ဌိစိပိကိစ္ဆာ၊ အစရှိသောတရား တို့ကို ပါယ်အပ်ကုန်၏ဟူ၍၊ မေ၊ ငါဘုရားသည်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ပုပ္ပေ၊ရှေးန္ဓက်၊အနနုဿုတေး အစဉ်မကြားစဘူး ကုန် သော၊သုဓမ္မေသု၊စင်ကြယ်သန့်ရှင်း၊ကောင်းမြတ်ခြင်းနှင့်၊ပြည့်ရ ကုန်သော တရားတို့ကို၊ စက္ခုံ၊ ပ၊ အာလောကော၊ အရောင် အလင်းသည်၊ဥဒပါဒိ၊ထင်ရှားဖြစ်ကုန်၏၊

ဤကားသမုဒယသစ္စာ၌ကိစ္စညာဏ်၊

တံခေါ်ပန၊ထိုဆိုအပ်ခဲ့ပြီးသော အာရုံခြောက်ပါး၊ ရုပ်နာမ် တရားတို့ကို၊တောင့်တရခြင်းတို့၌၊ တပ်နှစ်သက်သော၊ ကာမတ ဏှာ၊အာရုံခြောက်ပါး၊ရုပ်နာမ်တရားတို့ကိုဖြစ်လိုသဖြင့်၊ တပ်နှစ် သက်ခြင်းတည်းဟူသော၊ဘဝတဏှာ၊ မဖြစ်သေးသော၊ အာရုံ ခြောက်ပါး ရုပ်နာမ်တရားတို့၌၊တပ်နှစ်သက်ခြင်းတည်းဟူသော၊ ဝိဘဝတဏှာတို့သည်၊ဒုက္ခသမုဒယံ၊ဆင်းရဲခြင်း၏၊ အကြောင်း ဖြစ်သော၊အရိယသစ္စံ၊အရိယသစ္စာတို့ကို၊ပဟီနန္တိ၊အကြွင်းမဲ့၊ မဂ်လေးပါးတို့ဖြင့်ပါယ်အပ်ကုန်၏ဟူ၍၊မေ၊ငါဘုရားသည်၊ဘိက္ခ ဝေ၊ရဟန်းတို့၊ပုဗ္ဗေ၊ရှေး၌၊အနနုဿုတေး၊အစဉ်မကြား စဘူးကုန် သော၊သုဓမ္မေသု၊စင်ကြယ်သန့်ရှင်း၊ကောင်းမြတ်ခြင်းနှင့် ပြည့်ရ

သောတရားတို့ကို၊စက္ခုံ၊ပ၊အာလောကော၊အလင်းသည်၊ ဥဒပါဒိ၊ထင်ရှားဖြစ်ကုန်၏၊

ဤကားသမုဒယသစ္စာ၌ကတညာဏ်၊

ဇာုဒံ၊ဤဆိုအပ်ခဲ့ပြီးသော၊ ကာမရာဂ၊ ဗျာပါဒတို့၌၊ တပ်နှစ်သက်ခြင်းတည်းဟူသော၊ ဒုက္ခ၊ ဆင်းရဲခြင်းတို့ကို၊ နိရောဓ၊ ချုတ်ငြိမ်းခြင်းသည်၊အရိယသစ္စ၊ မဘောက်မပြန် ဧကံမှန်သော နိရောဓသစ္စာတို့ဖင်တည်း၊ဇာုတိ၊ဤသို့၊မေ၊ ငါဘုရားသည်၊ဘိက္ခဝေ၊ ရဟန်းတို့၊ပုဗ္ဗေ၊ရှေး၌၊ အနနုဿုတေ၊ အစဉ်မကြားစဘူးကုန်သော၊သုဓမ္မေသု၊ စင်ကြယ်သန့်ရှင်း၊ ကောင်းမြတ်ခြင်းနှင့်ပြည့်ရုံသောတရားတို့ကို၊ စက္ခုံ၊ပ၊ အာလောကော၊ အလင်းသည်၊ဥဒပါဒိ၊ထင်ရှားဖြစ်ကုန်၏၊ ၊

ဤကားနိရောဓသစ္စာနှိုက်၊သစ္စာညာဏ်၊

တံခေါပန၊ ထိုဆိုအပ်ခဲ့ပြီးသော၊ ကာမ၊ရာဂ၊ ဗျာပါဒတို့၌၊ တတ်နှစ်သက်ခြင်း တည်းဟူသော၊ ဇာုဒံဒုက္ခ၊ ဤဆင်းရဲခြင်းတည်းဟူသေါတရားတို့၏၊ နိရောဓ၊ချုပ်ငြိမ်းခြင်းတည်းဟူသော အရိယသစ္စ၊ ဒုက္ခနိရောဓ အရိယ သစ္စာတို့ကို၊ သစ္စိ ကာတဗ္ဗန္တိ၊စကျူ၊သောတ၊ဃာန၊ ဇိဝှာ၊ကာယ၊မန၊တည်းဟူသော၊ အာရုံခြောက်ပါး၊ရှင်နာဝ်တရားတို့ကို၊ ချုံးခြသဖြင့်၊ မျက်မှောက်၌ ထင်ရှားမြင်အောင် ပြုအပ်ကုန်၏၊ ဟူ၍၊ မေ၊ ငါဘုရားသည်၊ ဘိက္ခဝေ၊ရဟန်းတို့၊ ပုဗ္ဗေ၊ရှေးနှိုက်၊အနနုဿုတေ၊အစဉ်မကြားစဘူးကုန်သော၊ သုဓမ္မေသု၊စင်ကြယ်သန့်ရှင်း၊ ကောင်းမြတ်ခြင်းနှင့်ပြည့်ရုံကုန်သောတရားတို့ကို၊ စက္ခုံ၊ပ၊အာလောကော၊အလင်းသည်၊ဥဒပါဒိ၊ထင်ရှားဖြစ်ကုန်၏၊

ဤကားနိရောဓသစ္စာ၌၊ကိစ္စညာဏ်၊

တံခေါပန၊ ထိုဆိုအပ်ခဲ့ပြီးသော၊ ကာမ၊ ရာဂ၊ ဗျာပါဒတို့နှိက် တတ်နှစ်သက်ခြင်း တည်းဟူသော၊ ဣဒံဒုက္ခံ၊ ဤဆင်းရဲခြင်း တည်းဟူသော တရားတို့၏၊ နိရောဓံ။ချုပ်ငြိမ်းခြင်း တည်းဟူသော၊ အရိယသစ္စံ၊ အရိယာသစ္စာတို့ကို၊ သစ္ဆိကတဗ္ဗံ၊ စကျူသောထ၊ဃာန၊ဇိဝှါ၊ ကာယ၊ မနတည်းဟူသော၊အာရုံခြောက်ပါး၊ ရုပ်နံ့တရားတို့ကို၊ မဂ်ညာဏ်၊ ဖိုလ်ညာဏ်၊ ပစ္စဝေက္ခဏာ ညာဏ်ဖြင့်အကြွင်းမဲ့၊ မျက်မှောက်ပြုအပ်ကုန်၏ ဟူ၍၊ မေ၊ ငါ ဘုရားသည်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ပုဗ္ဗေ၊ရှေး၌၊အနနုဿုတေ၊ အစဉ်မကြားစဘူးကုန်သော၊ သုဓမ္မေသု။စင်ကြယ်သန့်ရှင်း၊ကောင်းမြတ်ခြင်းနှင့် ပြည့်စုံကုန်သော တရားတို့ကို၊ စက္ခုံ၊ပ၊ အာလောကော၊ အလင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ကုန်၏၊ ။

ဤကား၊ နိရောဓသစ္စာ၌၊ ကတညာဏ်၊

ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော၊ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ၊ ဝဋ်ဆင်းရဲတို့၏ ချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော၊ မဂ္ဂင် ရှစ်ပါး တည်း ဟူသော ပဋိပါတ်သည်၊ အရိယ သစ္စံ၊ မဘောက်မပြန်၊ကေန်မှန်သော၊ မဂ္ဂသစ္စာတို့ပင်တည်း၊ ဣတိ၊ဤသို့ မေ၊ ငါဘုရားသည်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ပုဗ္ဗေ၊ ရှေးနှိက်၊ အနနုဿုတေ၊ အစဉ်မကြားစဘူးကုန်သော၊သုဓမ္မေသု၊စင်ကြယ် သန့်ရှင်း၊ ကောင်းမြတ်ခြင်းနှင့် ပြည့်စုံသော၊တရားတို့ကို၊စက္ခုံ၊ ပ၊ အာလောကော၊ အလင်းသည်၊ ဥဒပါဒိ၊ထင်ရှားဖြစ်ကုန်၏၊

ဤကား၊မဂ္ဂသစ္စာ၌သစ္စာညာဏ်၊

တံခေါပန၊ ထိုဆိုအပ်ခဲ့ပြီးသော၊ဒုက္ခနိရောဓဂါမိနီ၊ ပဋိပဒါ၊ ဝဋ်ဆင်းရဲတို့၏၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော အကျင့်သည်၊ အရိယသစ္စံ၊ မဘောက်မပြန်ကေန်မှန်သည်ဖြစ်၍၊ဘာဝေတဗ္ဗံ၊ ချိုးခြံသဖြင့်၊ တ၀

တစကိစ္စပြီးစီးသည့်တိုင်အောင်၊ပွါးများအပ်ကုန်၏၊ဟူ၍၊မေ၊ငါ
ဘုရားသည်၊ ဘိက္ခဝေ၊ရဟန်းတို့၊ ပုဗ္ဗေ၊ ရှေး၌၊ အနနုဿုတေ၊
အစဉ် မကြားစဘူး ကုန်သော၊ သုဝမ္မေသု၊ စင်ကြယ် သန့်ရှင်း
ကောင်းမြတ်ခြင်းနှင့် ပြည့်စုံသော၊ တရားတို့ကို၊ စက္ခုံ၊ ပ၊ အာ
လောကော၊ အလင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ကုန်၏၊

ဤကား၊ မဂ္ဂသစ္စာ၌ ကိစ္စညာဏ်၊

တံခါပန၊ ထိုဆိုအပ်ခဲ့ ပြီးသော၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ၊
ဝတ်ဆင်းရဲတို့၏၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်
သော၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော၊ အကျင့်သည်၊ အရိယသစ္စံ၊
မဘောက် မပြန် ကော်မှန်သည်ဖြစ်၍၊ ဘာဝိတန္တိ၊ အကြွင်းမဲ့ပွား
အပ်ကုန်၏၊ဟူ၍၊မေ၊ငါဘုရားသည်၊ဘိက္ခဝေ၊ရဟန်းတို့၊ပုဗ္ဗေ၊ရှေး
၌၊အနနုဿုတေ၊အစဉ်မကြားစဘူးကုန်သော၊သုဓမ္မေသု၊စင်ကြည်
သန့်ရှင်းကောင်းမြတ်ခြင်းနှင့်ပြည့်စုံကုန်သောတရားတို့ကို၊စက္ခုံ၊
မြင်ခြင်းသည်၊ဥဒပါဒိ၊ ထင်ရှားဖြစ်၏၊ညာဏံ၊သိခြင်းသည်၊ ဥဒ
ပါဒိ၊ ထင်ရှားဖြစ်၏၊ ပညာအပြားအားဖြင့်သိခြင်းသည်၊ ဥဒပါဒိ၊
ထင်ရှားဖြစ်၏၊ဝိဇ္ဇာမဂ်ကိစ္စတို့၌ ထတ်မြောက်ခြင်းသည်၊ ဥဒပါဒိ
ထင်ရှားဖြစ်၏၊ အာလောကော၊အာရုံခြေဲပါးရုပ်နာမ်တရားတို့၌၊
မတွေဝေခြင်းတည်းဟူသော အလင်းသည်၊ဥဒပါဒိ၊ထင်ရှားဖြစ်
ကုန်၏၊

ဤကား၊မဂ္ဂသစ္စာ၌၊ ကတညာဏ်၊

ယာဝကီဝဥ္စ၊ အကြင်မျှလောက်သော အခါကာလပတ်၌၊ မေ၊ ငါ
ဘုရားအား၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣမေသု၊ ဤဆိုအပ်ခဲ့ပြီးသော
စတုသု၊ လေးပါးကုန်သော၊ အရိယသစ္စေသု၊ အရိယသစ္စာတို့၌၊
ဧ၀ံ၊ ဤသို့၊ တိပရိဝဋ္ဋံ၊ သစ္စညာဏ်၊ ကိစ္စ ညာဏ်၊ ကတ
ညာဏ် အားဖြင့်၊ သုံးပါး အပြား ရှိသော၊ ဒွါဒသ ကာယံ၊ တ
ဆဲ့နှစ်ပါး အခြင်း အရာရှိသော၊ တရားတို့ကို၊ ယထာဘူတံ၊

ထင်ရှားဟုတ်မှ်။ မဖောက်မပြန်သော၊ ညာဏဒဿနံ၊ ဤကား ဒုက္ခ
သစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကားနိရောဓသစ္စာ၊ ဤကားမဂ္ဂ
သစ္စာဟု၊ သစ္စာလေးပါးကိုသိမြင်ခြင်းသည်သာလျှင်၊ နာ၊မဟုတ်၊
သုဝိသုဒ္ဓံ၊ထိုသစ္စာလေးပါးတို့ကို၊ ထိုးထွင်း၍ သိခြင်းတည်းဟူ
သော၊အကြောင်းကြောင့်၊ ကိလေသာတို့မှ၊ ကောင်းစွာစင်ကြယ်
သန့်ရှင်းခြင်းတည်းဟူသောအကြောင်းသည်။ အဟောသိ၊ ဖြစ်
ပြီ။နေဝတာ။ထိုကိလေသာ စင်ကြယ်ခြင်းတည်းဟူသော၊ ကိစ္စ
တို့ကို၊ဝဟံ၊ ရွက်ဆောင်နိုင်သည်ဖြစ်၍၊ ဘိက္ခဝေရဟန်းတို့၊ သ
ဒေဝကေ၊ နတ်နှင့်တကွသော၊လောကေ၊ လောကဌ၊ သမာရကေ၊
မာရ်မင်းနှင့်၊တကွသော၊ သဗြဟ္မကေ၊ ဗြဟ္မာမင်းနှင့်တကွသော၊
သသမဏေ၊ ရဟန်းနှင့် တကွသော၊ ဗြဟ္မနိရာ၊ ဗြဟ္မာပြည်တိုင်
အောင်၊ ပဇာယ၊ သတ္တလောကဌ၊ သဒေဝမနုဿာယ၊ နတ်နှင့်
တကွသောလူတို့တွင်၊ အနုတ္တရံ၊ အတုမရှိသော၊သမ္မာသမ္ဗောဓိံ၊
အရဟတ္တ မဂ်ညာဏ်၊ သဗ္ဗညုတညာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊
ထိုးထွင်း၍ ငါအပ်ကုန်ပြီးဟူ၍၊ ပဋိညာသိံ၊ ဝန်ခံတော်မူအပ်ပြီ၊
ယတော၊အကြင်မျှလောက်သောကာလပတ်လုံး၊ခေါ၊စင်စစ်၊မေ
ငါဘုရားအား၊ဘိက္ခဝေရဟန်းတို့၊ ဧဝံ၊ဤဆိုအပ်ခဲ့ပြီးသော၊
စတုသု၊လေးပါးကုန်သော၊အရိယသစ္စေသု၊အရိယသစ္စာတို့၌၊ဧဝံ
ဤသို့၊တိပရိဝဋ္ဋံ၊ သစ္စညာဏ်၊ကိစ္စညာဏ်၊ကတညာဏ်အားဖြင့်
သုံးပါးအပြားရှိသော၊ ဒွါဒသကာယံ၊ တဆဲ့နှစ်ပါးအခြင်းအရာရှိ
သောတရားတို့ကို၊ယထာဘူတံ၊ ထင်ရှားဟုတ်မှန်၊ မဖောက်ပြန်
သော၊ညာဏဒဿနံ၊ ညာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊အလွန် သန့်
ရှင်းစင်ကြယ်ခြင်းသည်၊အဟောသိ၊ဖြစ်ပြီ၊အထ၊ထိုသို့စင်ကြယ်
သည်မှစ၍၊အဟံ၊ငါသည်၊ ဘိက္ခဝေရဟန်းတို့၊သဒေဝကေ၊နတ်
နှင့်တကွသော၊ သမာရကေ၊မာရ်မင်းနှင့်တကွသော၊သဗြဟ္မကေ၊
ဗြဟ္မာနှင့်တကွသော၊ သသမဏေ၊ ရဟန်းနှင့်တကွသော၊ ဗြဟ္မနိ
ယာ၊ ဗြဟ္မာပြည်တိုင်အောင်၊ ပဇာယ၊ သတ္တလောကဌ၊သဒေဝ
မနုဿာယ၊နတ်နှင့်တကွသောလူတို့တွင်၊အနုတ္တရံ၊အတုမရှိသော

သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို၊ အ
ဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍သိအပ်ကုန်ပြီဟူ၍၊ ပစ္စညာသိံ၊ ဝန်ခံ
တော်မူအပ်ပြီ၊ ဉာဏဉ္စ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်ကို၊ သိခြင်း
သည်ရင်း။ ပန မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို သိသည်မှတပါး၊ မေ၊ ငါ
အား၊ ဒဿနံ၊ သဗ္ဗညုတဉာဏ်တော်ကိုမြင်ခြင်းသည်၊ ဥဒပါဒိ၊
ထင်ရှားဖြစ်၏၊ အကုပ္ပါ၊ ဆန့်ကျင်ဘက်ဖြစ်သော၊ ကိလေသာတို့
သည်၊ မဖျက်ဆီးနိုင်ကုန်သည်ဖြစ်၍ မေ၊ ငါ့အား၊ စေတောဝိမုတ္တိ၊
ကိလေသာတို့မှ၊ လွတ်ကုန်ပြီ အယံ၊ ဤကိုယ်၏အဖြစ်သည်၊ အန္တိ
မာ၊ အဆုံးစွန်သော၊ ဇာတိဖြစ်ခြင်းပင်တည်း၊ နတ္ထိဒါနိ ပုန ဗ္ဘဝေါ၊
မရှိအပ်သော၊ ယခုဘဝမှတပါး၊ တဖန်သောဘဝ အသစ်ပင်တည်း၊
ဣဒမဝေါစ၊ ဤသို့ ဟောတော်မူအပ်သော၊ ဘဂဝါ၊ မြတ်စွာ
ဘုရားသခင်ကို၊ အတ္တမနာ၊ နှစ်သက်ဝမ်းမြောက်ကြသည်ဖြစ်၍၊
ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော၊ ဘိက္ခူ၊ ရဟန်းတို့သည်၊
ဘဂဝတော၊ မြတ်စွာဘုရားသခင်၏၊ ဘာသိတံ၊ ဟောတော်မူအပ်
သောတရားကို၊ အဘိနန္ဒုံ၊ သာဓုသာဓုဟု ရိုသေစွာဦးဖြင့်ခံကြ
ကုန်၏၊ ဣမသ္မိံ စပန ဝေယျာကရဏသ္မိံ၊ ဤသို့စတုသစ္စ၊ တိပ
ရိဝဋ္ဋ၊ ဒွါဒသာကာရ၊ ဉာဏဒဿန၊ စေတောဝိမုတ္တိ၊ အန္တိမဇာတိ
တို့ကို၊ ဘညမာနေ၊ ဟောတော်မူသည်ရှိသော်၊ အာယသ္မတော၊
အာရုံခြောက်ပါး၊ ရုပ်နာမ်တရားတို့ကို၊ ညီမျှစွာ သုံးသပ်သော၊
ကောဏ္ဍညဿ၊ ကောဏ္ဍညမထေရ်အား၊ ဝိရဇံ၊ အပယ်သို့သွား
စေတတ်သော၊ ရာဂတည်းဟူသော၊ မြူမှကင်းသည်ဖြစ်၍၊ ဝီတမ
လံ၊ အကြွင်းမရှိ၊ ဒိဋ္ဌိ ... ကိစ္ဆာကိုပယ်သဖြင့်၊ ကင်းသောအညစ်
အကြေးရှိသည်ဖြစ်၍၊ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ကိုမြင်ခြင်းသည်
ဥဒပါဒိ၊ ထင်ရှားဖြစ်ကုန်၏၊ ယံ ကိဉ္စိ၊ အလုံးစုံကုန်သော၊ ဝိတက္ကမ
ဘဝ၊ ပရိယုဋ္ဌာနဘဝ၊ အနုသယဘဝတို့သည်၊ သမုဒယဓမ္မံ၊ ဖြစ်
ခြင်းသဘောရှိကုန်၏၊ သဗ္ဗံ၊ အလုံးစုံ ဖြစ်ခြင်း သဘော ရှိသော
တရားတို့သည်၊ အန္တ၊ အ... ၌၊ နှော ချုပ်ခြင်းသည်၊ ခပ်သိမ်း တရား
တို့၏၊ အနိစ္စ၊ အဆုံးသောသဘောတို့ကို၊ ပစ္စက္ခ မှန်မြဲသောဘဝ၌

ထင်ရှားဖြစ်အပ်ကုန်၏၊ တော၊ ထိုဆိုအပ်ခဲ့ပြီးသော၊ စတုသစ္စ၊ တိပရိဝဋ္ဋ၊ ဒွါဒသကာယညာဏဒဿန၊ စေတောဝိမုတ္တိ၊ အန္တိမ ဇာတိ၊တို့မှ၊ပန၊တပါးကုန်သော၊ဘဂဝတာ၊ မြတ်စွာဘုရားသခင် တို့သည်၊ ဓမ္မစက္ကေ၊ စက္ခုဓမ္မ၊ ညာဏဓမ္မ၊ ပညာဓမ္မ၊ ဝိဇ္ဇာဓမ္မ၊ အာလောကဓမ္မတို့ကို၊ လှည့်လည်စေသည်ရှိသော်၊ ဘုမ္မာဒေဝါ၊ ဘုမ္မစိုးနတ်တို့သည်၊ သဒ္ဒံ၊အသံကို၊ အနုသာဝေသုံ၊ အဆင့်ဆင့် ပြောကြားကြွေးကြော်ကြကုန်၏။ ဧတံ၊ဤစတုသစ္စ တိပရိဝဋ္ဋ၊ ဒွါ ဒသကာယ၊ညာဏဒဿန၊ စေတောဝိမုတ္တိ၊အန္တိမ၊ ဇာတိတို့နှင့် တကွ၊ စက္ခုဓမ္မ၊ ညာဏဓမ္မ၊ ပညာဓမ္မ၊ဝိဇ္ဇာဓမ္မ၊အာလောကဓမ္မ တို့ကို၊ဘဂဝတာ၊မြတ်စွာဘုရားသခင်သည်၊ ဗာရာဏသိယံ၊ ဗာ ရာဏသီပြည်၏အနီးဖြစ်သော၊ ဣသိပတနေ၊ ဣသိပတနအမည်ရှိ သော၊ မိဂဒါယေ၊မိဂဒါဝုန်တော၌၊ အနုတ္တရံ၊အတုမရှိသော၊ ဓမ္မ စက္ကံ၊စက္ခုဓမ္မစသောတရားတို့၏၊ လှည့်လည်ခြင်းတို့ကို၊ ပဝတ္တိ ထင်ရှားဖြစ်စေအပ်ကုန်ပြီ၊ တံ၊ ထိုစက္ခုဓမ္မစသော တရားတို့၏ လှည့်လည်ခြင်းတို့ကို၊အပ္ပတိဝတ္တိ။ အစဉ်မတားမြစ်နိုင်၊ မဟော နိုင်ကုန်သောတရားတို့ကို၊ယံ၊အကြင်စက္ခု၊သောတ ဃာန၊ဇိဝှါ၊ ကာယ၊ မန၊ တို့၏၊ လှည့်လည်ခြင်း တို့ကိုရင်း၊ ဒဿနဋ္ဌအတ္ထ ညာတဋ္ဌအတ္ထ၊ ပဇာနနဋ္ဌ အတ္ထ၊ ပဋိဝေဓဋ္ဌအတ္ထ။ ဩဘာသ နဋ္ဌအတ္ထတို့၏။ လှည့်လည် ခြင်းတို့ကို၊တားမြစ်နိုင်ခြင်းငှါ၊ သ မဏေနဝါ၊ရဟန်းတို့၌ရင်း ဗြဟ္မဏေနဝါ ဗြဟ္မာတို့၌ရင်း။ဒေဝေ နဝါ၊နတ်တို့၌ရင်း၊ မာရေနဝါ၊ မာရ်နတ်တို့၌ရင်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာမှဆိုတ်ကုန်သော၊ကာမတဆဲ့ တဘုံတို့၌၊ကေနစိဝါ၊ တစုံ တယောက်သောသူမျှ၊ လောကသ္မိံ၊ သတ္တလောက၊ သင်္ခါရ လောက၊ ဩကာသလောကတို့၌၊မမြင်သလျှင်ကတည်း၊ ၊ဘုမ္မာ နံ၊ ဒေဝါနံ ဘုမ္မစိုးနတ်တို့၏၊ သဒ္ဒံ အသံကို၊ သုတွာ၊ ကြား၍၊ စတုမဟာရာဇိကာနံ၊ ဒေဝါနံ၊ စတုမဟာရာဇ် နတ်တို့ သည်၊ သဒ္ဒံ၊အသံကို၊ အနုသာဝေသုံ၊ အဆင့်ဆင့်ပြောကြားကြွေးကြော် ကြကုန်၏၊ စတုမဟာရာဇိကာနံ၊ ဒေဝါနံ၊ စတုမဟာရာဇ်နတ်

တို့၏၊သဒ္ဒံ၊အသံကို၊သုတွာ၊ ကြား၍၊တာဝတိံသာဒေဝါ၊ တာဝ
တိံသာ၊နတ်တို့သည်၊ ယာမာဒေဝါ၊ယာမာနတ်တို့သည်၊ တုသိ
တာဒေဝါ၊ တုသိတာနတ်တို့သည်၊ နိမ္မာနရတိဒေဝါ၊နိမ္မာနရတိ
နတ်တို့သည်၊ ပရနိမ္မိတဝသဝတ္တိဒေဝါ၊ ပရနိမ္မိတဝသဝတ္တိ
နတ်တို့သည်၊ ဗြဟ္မကာယိကာ၊ ဗြဟ္မာပြည်နိုက်ဖြစ်ကုန်သော၊ဒေ
ဝါဗြဟ္မာတို့သည်၊ သဒ္ဒံ၊ အသံကို၊ အနုသာဝေသုံ၊ အဆင့်ဆင့်
ပြောကြားကြွေးကြော်ကြကုန်၏၊ ဝံ၊ဤသို့၊ စတုသစ္စ၊ တိပရိဝဋ္ဋ
ဒွါဒသကာယ၊ညာဏဒဿန၊စေတောဝိမုတ္တိ၊ အဂ္ဂမဖလတို့နှင့်
တကွ၊စက္ခုဓမ္မ၊ညာဏဓမ္မ၊ ပညာဓမ္မ၊ဝိဇ္ဇာဓမ္မ၊ အာလောကဓမ္မ
တို့ကို၊ဘဂဝတာ၊မြတ်စွာဘုရားသခင်သည်၊ ဗာရာဏသိယံ၊ ဗာ
ရာဏသီပြည်၏အနီး၊ဖြစ်သော၊ ဣသိပတနေ၊ ဣသိပတနအမည်ရှိ
သော၊ မိဂဒါယေ၊ မိဂဒါဝုန်တော၌၊ အနုတ္တရံ၊ အတုမရှိသော၊
ဓမ္မစက္ကံ၊ စကြာဖြစ်သော တရားတို့၏၊ လှည့်လည်ခြင်းတို့ကို၊ ပဝတ္တိ
ထင်ရှား မျက်မှောက် ဖြစ်စေအပ်ကုန်ပြီ၊ တံ၊ ထိုစကြာ ဖြစ်သော၊
တရားတို့၏၊ လှည့်လည်ခြင်းတို့ကို၊ အပ္ပဋိဝတ္တိ၊ အစဉ်မတားမြစ်
နိုင်၊မပယ်နိုင်ကုန်သောတရားတို့ကို၊ယံ၊အကြင်စကြာ၊ သောတ
ဃာန၊ ဇိဝှာ၊ကာယ၊မန၊တို့၏၊ လှည့်ထည်ခြင်း တို့ကဲ့ရင်း၊ စကြာ
ဓမ္မ၊ညာဏဓမ္မ၊ ပညာဓမ္မ၊ ဝိဇ္ဇာဓမ္မ၊အာလောကဓမ္မတို့၏၊ လှည့်
လည်ခြင်းတို့ကဲ့ရင်း၊ ဒဿနဋ္ဌအဋ္ဌ၊ ညာဏဋ္ဌ အဋ္ဌ၊ပဇာနနဋ္ဌ
အဋ္ဌ၊ပဋိဝေဓဋ္ဌအဋ္ဌ၊ ဩဘာသနဋ္ဌအဋ္ဌတို့၏၊ လှည့်လည်ခြင်း
တို့ကို၊ တားမြစ်နိုင်ခြင်းငှာ၊ သမဏေန ဝါ၊ ရဟန်းတို့နိုက်ရင်း၊
ဗြဟ္မဏေန ဝါ၊ဗြဟ္မာတို့ရင်း၊ ဒေဝေန ဝါ၊ နတ်တို့၌ရင်း၊ မာရေန
ဝါ၊မာရ်နတ်တို့၌ရင်း၊ ဗြဟ္မုနာ ဝါ၊ဗြဟ္မာမှဆတ်ကုန်သော၊ကာမ
ဆဲဘုံတို့၌၊ ကေနစိ ဝါ၊ တစုံတယောက် သောသူမှ၊ လောက
သ္မိံ၊ သတ္တလောက၊သင်္ခါရလောက၊ ဩကာသ လောကတို့၌၊
မမြင်သချင်ကဘည်း၊ ဣတိဟာဘာ၊ဤသို့နတ် ဗြဟ္မာသတ္တဝါ
အပေါင်းတို့၊ ခွင်မြှုံကြသော၊ ခဏေန၊ ခဏ၌၊ တေနလယေန၊ ထို
လယ၌၊ တေန မုဟုတ္တေန၊ ထိုတမဟုတ္တ၌၊ယာဝ ဗြဟ္မလောကာ

အကြောင်းအကြောင်းနိမ္ဗ၊ ဖြဟ္မာပြည် တိုင်အောင်၊ သဒ္ဒေါ အသံသည်၊ အဗ္ဘုဂ္ဂစ္ဆတိ၊ ပြန့်နှံ့၍တက်ကုန်၏၊ အယဥ္စဒသသဟဿိ၊ ဤတသောင်းသော၊ လောကဓါတု၊ လောကဓာတ်သည်၊ သံကမ္ပိ သက်၍ သက်၍၊ လှုပ်ကုန်၏၊ သမ္ပကမ္ပိ၊ တက်၍ တက်၍၊ လှုပ်ကုန်၏၊ သမ္ပဝေဓိ၊ ထိုမှ ဤမှ၊ ယောဥ် လွဲသခဲ့သို့၊ လှုပ်ကုန်၏၊ အပ္ပမာဏောစ၊ အတိုင်း အရှည်မရှိသည်လည်း ဖြစ်သော၊ ဥဠာရော၊ ပြန့်ပြောသော၊ ဩဘာသော၊ ဒေသနာတော်ကြောင့်ဖြစ်သော၊ အရောင် အလင်းသည်၊ လောကေ၊ လောကနိုက်၊ ပါတုရဟောသိ၊ ထင်ရှား ဖြစ်ကုန်သော၊ လောကန္တရက် အပရှိကုန်သော၊ အမိုက်တိုက်တို့ကို၊ အတိက္ကမ္မ၊ လွန်မြောက်သည်ဖြစ်၍၊ဒေဝါနံ၊ နတ်ပြည်ဗြဟ္မာပြည်တိုင်အောင်၊ဒေဝ၊ထွန်းလင်းတောက်ပခြင်းတို့သည်၊ အနုပဝဇ္ဇ၊ အစဉ် တစိုက် ဖြစ်စေအပ်ကုန်၏၊ အထခေါ၊ ထိုသို့သောအခါနိုက်၊ ဘဂဝါ မြတ်စွာဘုရားသခင်သည်၊ ဣမံဥဒါနံ၊ ဤသို့သောဥဒါန်းကို၊ ဥဒါနေသိ၊ ဝမ်းမြောက်စွာ မိန့်တော်မူ၏၊ အညာသိ၊ ငါဟောအင်ပြီးသော၊သစ္စာလေးပါးတို့ကို၊ ပိုင်းခြားသိမြင်သည်ဖြစ်၍၊ ဝတဘော၊ စင်စစ်အရိယာဖြစ်သောသူသည်၊ ကောဏ္ဍညော၊ ကောဏ္ဍညပင်တည်း၊ အညာသိ၊ ငါဟောအပ်ပြီးသော သစ္စာလေးပါးတို့ကို၊ ပိုင်းခြား သိမြင်သည်ဖြစ်၍၊ ဝဘ၊ စင်စစ်၊ ဘော၊ အချင်းတူမျှစွာ၊ အရိယာဖြစ်သောသူသည်၊ ကောဏ္ဍညော၊ ကောဏ္ဍညပင်တည်း၊ ဣတိဟိဒံ၊ ဤသို့ ဥဒါန်း ကြူးတော်မူ သောကြောင့် သာလျှင်၊ အာယသမာတော၊ အာရုံခြေံပါး၊ ရုပ်နာမ်တရားတို့ကို၊ညီမျှစွာသုံးသပ်သော ကောဏ္ဍညဿ၊ ကောဏ္ဍည မထေရ်အား၊ အညာသိကောဏ္ဍညော၊ သစ္စာလေးပါးကို၊ ဦးစွာသိသော၊ ကောဏ္ဍညဟူ၍၊ တံဝေနာမံ၊ ထိုအမည်သည်၊ အဟောသိဖြစ်၏၊ ။

(၃၉)

# ပဏာမ။

စတုတ္တိံသသုတ္တံ ဒီဃံ၊ ဝန္ဒေ တိဝဂ္ဂသင်္ဂဟံ၊ စတုသဋ္ဌိ ဘာဏဝါရံ၊ အာနန္ဒာဒိပဋိဂ္ဂါဟိတံ၊ ။စတုတ္တိံသသုတ္တံ၊ ဗြဟ္မဇာလစသော၊ ၃၄-သုတ်အရေအတွက်ရှိသော၊တိဝဂ္ဂသင်္ဂဟံ၊ သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊ ပါထိယဝဂ်အားဖြင့်၊ ၃-ဝက် အရေအတွက်ရှိသော၊ စတုသဋ္ဌိဘာဏဝါရံ၊ ၆၄-ဘာဏဝါရ ပမာဏ ရှိသော၊ အာနန္ဒာဒိပဋိ၊အရှင်အာနန္ဒာအစရှိသည်တို့သည်၊ ဂ္ဂါဟိတံ၊ဆောင်ရွက်အပ်သော၊ ဒီဃံ၊ ဒီဃနိကာယ်ကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ။

။မူလမဇ္ဈိမဥပရိ။ပဏ္ဏာသတော တိဝိဓံ၊ ။မူလ ပရိယာယာဒိကံ၊ဝန္ဒေ တံ ဝရမာဂမံ၊ ။မူလမဇ္ဈိမဥပရိပဏ္ဏာသတော၊ မူလ ပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသ အားဖြင့် လည်း၊ တိဝိဓံ၊ သုံးပါး အပြားရှိသော မူလပရိယာ ယာဒိကံ၊ မူလပရိယာယသုတ် အစရှိသော၊ ဝရံ၊ မြတ်သော၊ အာဂမံ၊ အဋ္ဌုဗ္ဗစသည်တို့သည်၊လာရာ လာကြောင်းဖြစ်သော၊ကော်မဇ္ဈိမနိကာယံ၊ ထိုမဇ္ဈိမနိကာယ်ကို၊အဟံ၊အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ရှိခိုးပါ၏။

သဂါထာဝဂ္ဂနိဒါနံ၊ ခန္ဓသဠာယတနံ၊ မဟာဝဂ္ဂေါတိ၊ ပဉ္စေတေ၊ နမောဃတရဏာဒယော၊ ။သဂါထာဝဂ္ဂနိဒါနံ၊ သဂါထာဝဂ္ဂနိဒါနဝဂ်ရင်း၊ခန္ဓာစ၊ ခန္ဓဝဂ်ရင်း၊ သဠာယတနံ သဠာယတနဝဂ်ရင်း၊ မဟာဝဂ္ဂေါ၊ မဟာဝဂ်ရင်း၊ ဣတိ၊ဤသို့၊ ဩဃတရဏာဒယော၊ ဩဃတရဏသုတ် အစရှိကုန်သော၊ ဧတေ ပဉ္စသံယုတ္တာ၊ ထိုသံယုတ်ငါးကျမ်းတို့ကို၊အဟံ၊အကျွန်ုပ်သည်၊ နမေ နမာမိ၊ ရှိခိုးပါ၏။ ။

ကောဒေကာဒသကန္တံ၊ ဧ:တကင်္ဂါတိရေကတော၊ဝိင္ဂုပ္ပရိယာဒါနာဒိံ၊ ဝန္ဒေ နိပုဏမုတ္တမံ၊ ။ဧကကင်္ဂါတိရေကတော၊

တပါးတပါးသော အင်္ဂါကို လွန်သောအားဖြင့်၊ ကောဒေကာသကန္တံ၊ ကေနိပါတ်အစ၊ ကောဒသနိပါတ်အဆုံးရှိသော။ စိတ္တပရိယာဒါနာဒိ၊ စိတ္တပရိယာဒါနသုတ်အစရှိသော၊ နိပုဏ်၊ သိမ်မွေ့သော၊ ဥတ္တမံ၊ မြတ်သော၊ အင်္ဂုတ္တရံ၊ အင်္ဂုတ္တရနိကာယ်ကို၊ အဟံ၊ အကျွန်ုပ်သည်၊ ပဏ္ဍဝန္ဒာမိ။ ရှိခိုးပါ၏။ ။

ခုဒ္ဒကောဝမ္မပဒါနိတိ၊ သုတ္တဝိမာနပေတကာ၊ ထေရထေရီဇာတကာဝ၊ နိဒ္ဒေသပဋိသမ္ဘိဒါ၊ အပဒါနဗုဒ္ဓဝံသာ၊ စရိယာ ခုဒ္ဒကံနမေ၊ ခုဒ္ဒကော၊ ခုဒ္ဒကပါဌ္ဌရင်း၊ ဓမ္မပဒါနိတိ၊ ဓမ္မပဒကျမ်း၊ သုတ်(၁၀)ရှိသော၊ ဥဒါန်းသုတ်တရာ့တဆယ်ရှိသော၊ ဣတိဝုတ္တကရင်း၊ သုတ္တဝိမာနပေတကာ။ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထုတို့ရင်း၊ ထေရထေရီဇာတကာဝ၊ ထေရဂါထာ၊ ထေရီဂါထာ၊ ငါးရာငါးဆယ်ဇာတ်တို့ရင်း၊ နိဒ္ဒေသပဋိသမ္ဘိဒါ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်တို့ရင်း၊ အပဒါနဗုဒ္ဓဝံသာ၊ ဘုရားပစ္စေကဗုဒ္ဓါ ဘိက္ခုဘိက္ခုနီအပဒါန်၊ ဒီပင်္ကရာအစ၊ ဂေါတမ အဆုံးရှိသော၊ နှစ်ကျိပ်ငါးပါး၊ ဘုရားတို့၏ အနွယ်ကိုဟောရာ၊ ဗုဒ္ဓဝင်တို့ရင်း၊ စရိယာ၊ ဤကမ္ဘာ၌ ဖြည့်ကျင့်အပ်သောဇာတ်ကို ဟောရာစရိယ ပိဋကတ်ရင်း၊ ဣတိ၊ ဤသို့ ပန္နရသပ္ပဘေဒံ၊ တဆဲ့ငါးကျမ်း အပြားရှိသော ခုဒ္ဒကကံ၊ ခုဒ္ဒနိကာယ်ကို၊ အဟံ၊ အကျွန်ုပ်သည်၊ နမေ နမာမိ ရှိခိုးပါ၏၊

ပါရာဇိကစူဠဝဂ္ဂ်၊ မဟာဝဂ္ဂပရိဝါရစ၊ ပရိဝါရောတိ ပဉ္စတော၊ ဒယာဘာဒေသိတေဝန္ဒေ၊ ။ပါရာဇိကဉ္စ၊ ပါရာဇိကန်ရင်း၊ ပါစိတ္တိဝ၊ ပါစိတ်ရင်း၊ မဟာဝဂ္ဂါဝ၊ မဟာဝါရင်း၊ စူဠဝဂ္ဂေါဝ၊ စူဠဝါရင်း၊ ပရိဝါရောစ၊ ပရိဝါရင်း၊ ဣတိ၊ ဤသို့ ဒယာဘာ၊ မဟာကရုဏာတော်သည်၊ နှီးဆော်တိုက်တွန်းအပ်သည်ဖြစ်၍၊ ဒေသိတ၊ ဟောကြားပညတ်အပ်ကုန်သော၊ တေပဉ္စပကရဏော၊ ဤဝိနည်း ၅-ကျမ်းတို့ကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပါ၏၊

တိကဒုကနိဒ္ဒိဘင်္ဂေါ မဟာဝဂ္ဂေါစ၊ ရူပဒွေါစ၊ ပရိဝါရောတိ ပဉ္စတော၊ ဒယာကာဒေသိတေဝန္ဒေ၊ ။တိကဒုကနိဒ္ဒိဘင်္ဂေါစ၊ တိကဒုကပိဘင်း၊ တိကဒုကနိဒ္ဒိဘင်းရင်း မဟာဝဂ္ဂေါစ၊ မဟာဝါရင်း၊ ရူပဒွေါစ၊ ရူပဒွါရင်း၊ ပရိဝါယောစ၊ ပရိဝါရင်း၊ ဣတိ၊ ဤသို့၊ ဒယာကာ၊ မဟာကရုဏာတော်သည် နှိုးဆော်တိုက်တွန်း အပ်သည် ဖြစ်၍၊ ဒေသိတေ၊ ဟောကြားပညတ်အပ်ကုန်သော၊ တေပဉ္စပကရဏေ၊ ဤဝိနည်းငါးကျမ်းတို့ကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏ ။

ဓမ္မသင်္ဂဏီဝိဘင်္ဂေါ၊ ဓာတုကထာစပုဂ္ဂလ၊ ပညတ္တိစကထာ ဝတ္ထု၊ယမပဋ္ဌပဋ္ဌာနကံ၊သတ္တပကရဏံဝန္ဒေ၊ ။ပညာပဋ္ဌာနဒေသနာဓမ္မသင်္ဂဏီ၊ ဓမ္မသင်္ဂဏီကျမ်းရင်း၊ဝိဘင်္ဂေါ၊ဝိဘင်းကျမ်းရင်း၊ ဓာတုကထာစ၊ ဓာတုကထာကျမ်းရင်း၊ပုဂ္ဂလပညတ္တိစ၊ပုဂ္ဂလ ပညတ်တို့ကျမ်းရင်း၊ ကထာဝတ္ထု၊ ကထာဝတ္ထုကျမ်းရင်း၊ ယမကဥ္စ၊ယမိုက်ကျမ်းရင်း၊ပဋ္ဌာနကံ၊ပဋ္ဌာန်းကျမ်းရင်း၊ ဣတိ၊ဤသို့၊ ပညာပဋ္ဌာနဒေသနံ၊ပညာပဋ္ဌါနဒေသနာဖြစ်သော၊သတ္တပကရဏံ အဘိဓမ္မာ-၇ ကျမ်းကို၊ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ။

၄-ခုပေါင်း ၄၆၊
ရှေ့ပေါင်း ၉၄၊

ကောသတဥပဏ္ဏာသံ၊ ဒုကမှိသတဇာတကာ၊ ပညာသံတိ စတုက္ကမှိ၊ ပဉ္စကေပဥ္စဝီသတိ၊ ။ဆက္ကေဝီသေကဝီသဥ္စ၊ သတ္တ ကေ အဋ္ဌကေဒသ၊ နဝဒသနဝကေဇာတာ၊ ။ဒသကေပန္နသော ဠသ၊ ကောဒသေန္နဝဇာတာ၊ ဒွါဒသေတေရသေဒသ၊တေရသ ပ ကိဏ္ဏကမှိ၊ဝီသတိယန္တုဂ္ဂဒ္ဒသ၊ ။တိံသေဒသစတ္တာလီသေ၊ပဉ္စ ပညာသကေတယော၊ဒွေသဋ္ဌိယံဒွိသတ္တတျံ၊ အသီတိယန္တုပဉ္စ ကာ၊ ။မဟာဇာတာ ဒသဥ္စေတိ၊အဋ္ဌသတ္တသတံနမေ၊ ကောဒိက

သဟာသသန္တံ၊တိပိဥန်ဝဇာတကာ၊ ၊ဧကော၊ဧကနိပါတ်၌၊သတဉ္စ
ပဏ္ဏာသံ၊အပဏ္ဏကဇာတ်အစရှိသော၊တရာ့ငါးဆယ်သောဇာတ်
တို့ရင်း၊ဒုကမှိ၊ ဒုကနိပါတ်၌၊ သတဇာတကာ၊ ရာဇောဝါဒစသော
ဇာတ်တရာတို့ရင်း၊ တိစတုက္ကမှိ၊တိကနိပါတ်၊စတုက္ကနိပါတ်နှိုက်
ပညာသံ၊ ငါးဆယ်သောဇာတ်တို့ရင်း၊ ပဥ္စကေ၊ ပဥ္စနိပါတ်နှိုက်
ပဥ္စဝီသတိ၊မဏိကုဏ္ဍလစသော၊နှစ်ဆဲ့ငါးဇာတ်တို့ရင်း။ဆက္ကေ
ဆက္ကနိပါတ်၌၊ ဝီသံ၊ အဝါရိယစသော ဇာတ် နှစ်ဆယ်တို့ရင်း၊
သတ္တကေ၊သတ္တနိပါတ်၌၊ဧကဝီသဥ္စ၊ကုက္ကုဇာတ်စသော နှစ်ဆဲ့
တဇာတ်တို့ရင်း၊ အဋ္ဌကေ၊ အဋ္ဌနိပါတ်နှိုက်၊ဒသစ၊ကိစ္စနီစသော
ဇာတ်တဆယ်တို့ရင်း၊ နဝကေ၊ နဝနိပါတ်နှိုက်၊ ဒွါဒသဇာတာ၊
ဂိဇ္ဈစသော တဆဲ့နှစ်ဇာတ်တို့ရင်း၊ ဒသကေ၊ ဒသနိပါတ်၌၊သော
ဠသ၊စတုဒွါရစသော တဆဲ့ခြောက်ဇာတ်တို့ရင်း၊ ဧကာဒသေ၊
ဧကာဒသနိပါတ်၌၊နဝဇာတာ၊မာတုပေါသကစသော၊ ကိုးဇာတ်
တို့ရင်း၊ ဒွါဒသေ၊ ဒွါဒသနိပါတ်၌ ၊ဒသ၊ စူလကုဏာလစသော
ဇာတ်တဆယ်တို့ရင်း၊ တေရသေ၊ တေရသနိပါတ်၌၊ ဒသ၊ အမ္ဗစ
သော ဇာတ်တဆယ်တို့ရင်း၊ ပကိဏ္ဏကမှိ၊ ပကိဏ္ဏက နိပါတ်၌၊
တေရသ၊ကေဒါရစသောတဆဲ့သုံးဇာတ်တို့ရင်း၊ ဝီသတိယံ၊ဝီသ
နိပါတ်၌၊ ဒွါဒသ၊ မာတင်္ဂအစအယောဃရအဆုံးရှိသော၊ တဆဲ့
လေးဇာတ်တို့ရင်း၊ တိံသေ၊ တိံသနိပါတ်၌၊ ဒသ၊ ကိံဆန္ဒအစ
ဂန္ဓတိဏ္ဍုကအဆုံးရှိသော ဇာတ်တဆယ်တို့ရင်း၊ စတ္တာလီသေ၊
စတ္တာလီသ နိပါတ်၌၊ ပဥ္စတော၊ သကုဏ သရဘင်္ဂ အလမ္ဗုသ
သင်္ခပါလစူဠသုတသောမ အားဖြင့်၊ ငါးဇာတ်တို့ရင်း။ ပညာသ
ကေ၊ ပညာသနိပါတ်နှိုက်၊ တယောတိကဇာတကာနိ၊ နိလိနိကာ၊
ဥမ္မာဒန္တီ၊ မဟာဗောဓိအားဖြင့်၊ သုံးဇာတ်တို့ရင်း၊ သဋ္ဌိယံ၊ သဋ္ဌိ
နိပါတ်၌၊ ဒွေ၊ သောဏသံကိစ္စအားဖြင့်၊ နှစ်ဇာတ်တို့ရင်း၊ သတ္တ
တျံ သတ္တတိယံ၊ သတ္တတိနိပါတ်၌၊ ဒွိ၊ ကုသ၊ သောဏနန္ဒ အားဖြင့်
နှစ်ဇာတ်ရင်း၊အသီတိယန္တု၊ အသီတိနိပါတ်နှိုက်ကား၊ ပဥ္စကာ၊
စူဠဟံသ၊ မဟာဟံသ၊ သုဓာဘောဇန၊ ကုဏာလ၊ မဟာသုတ

သော၁မအာ၁းဖြင့်၊ငါးဇာတ်တို့ရင်း၊ ဒသ၊ ဆယ်ပါးကုန်သော၊မဟာဇာတာင၊ တေမိ၊ ဇနက၊ သုဏ္ဏသျှံ၊ နေမိ၊ မဟော်၊ ဘူရိဒတ်၊ စန္ဒကုမာရ၊နရဒ၊ဝိဓူရ၊ ဝေဿန္တရာ၊ ဟုဆိုအပ်သော ဇာတ်ကြီးတို့ရင်း၊ ဣတိ၊ ဤသို့၊ ကောဒိကသဟာဿန္တံ၊ ကေ နိပါတ် အစ သဟာဿနိပါတ်အဆုံးရှိသော၊ တိပိဇာတကေဟိ၊ သုံးဇာတ်တို့ဖြင့်၊ ဥနံ၀ ယုတ်သည်သာလျှင်ဖြစ်သော၊ အဆုဆက္ကသတံ၊ငါးရာ့ငါးဆယ် အရေအတွက်ရှိသော၊ ဇာတကံ၊ ဇာတ်ဒေသနာကို၊ အဟံ၊အာ ကျွန်ုပ်သည်၊ နမေနမာမိ ရှိခိုးပါ၏၊ ၊

ဇာတ်ကြီး ဆယ်စောင်တွင်၊ မဟော်ဇာတ်ကို၊ ဥမင်ဇာတ်လည်းဟူ၏၊ ယင်း ဥမင်ကား၊ ပညာ ပရိယာယ် တည်း၊ ဤအကြောင်းကို၊ သဘောမသိသတို့မမှုသောသူတို့လည်း၊ဇာတ်၌ ဥမင်ခဏ်းကိုစွဲ၍၊သုတိတူသဖြင့်၊ဥမင်ဇာတ်ဟူကုန်၏၊ စန္ဒကုမာရဇာတ်ကို၊ ခဏ္ဍဟာသဇာတ်လည်းဟူ၏၊ ဝိဓူရဇာတ်ကို၊ ပုဏ္ဏကဇာတ်လည်းဟူ၏၊ ဝေဿန္တရာဇာတ်ကား၊ ဂါထာတထောင်ရှိ၏ ထိုကြောင့်၊ သဟာဿန္တံဟူသတည်း၊ ၊

ကရဏီယမေတ္တာသုတ်ပဒိုပါတ်ကျင့်စဉ်
{ နှင့် }
ဓမ္မစက္ကပဝတ္တနသုတ္တနယပဒိုပါတ်ကျင့်စဉ်
ကျမ်းစာအုပ်သည်၊ ဤတွင်၍ပြီး၏၊



သူရိယဿဘိက္ခဝေ။ဥဒယတောဧတံပုဗ္ဗင်္ဂမံ၊ဧတံပုဗ္ဗနိမိတ္တံ။
ယဒိဒံအရုဏုဂ္ဂံ၊ ဧဝမေဝခေါဘိက္ခဝေ၊ ကုသလာနံဓမ္မာနံဧတံ
ပုဗ္ဗင်္ဂမံဧတံပုဗ္ဗနိမိတ္တံ၊ ယဒိဒံသမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိကဿဘိက္ခဝေ
သမ္မာသင်္ကပ္ပေါပဟောတိ၊သမ္မာသင်္ကပ္ပဿသမ္မာဝါစာပဟောတိ
သမ္မာဝါစဿ သမ္မာကမ္မန္တော ပဟောတိ၊ သမ္မာကမ္မန္တဿ သ
မ္မာအာဇီဝေါပဟောတိ၊ သမ္မာအာဇီဝဿ သမ္မာဝါယာမော ပ
ဟောတိ၊သမ္မာဝါယာမဿ၊ သမ္မာသတိပဟောတိ၊ သမ္မာသတိ
ဿ သမ္မာသမာဓိပဟောတိ၊ သမ္မာသမာဓိဿ သမ္မာဉာဏံ ပ
ဟောတိ၊ သမ္မာဉာဏဿသမ္မာဝိမုတ္တိပဟောတိ၊ ။

ဘာဝနာတိစတဿောဘာဝနာ၊ တတ္ထဇာတာနံဓမ္မာနံ အန
တိဝတ္တနဋ္ဌေနဘာဝနာ၊ ဣန္ဒြိယာနံဧကရသဋ္ဌေန ဘာဝနာ၊ တဒု
ပဂဝီရိယဝါဟနဋ္ဌေန ဘာဝနာ၊ အာသေဝနဋ္ဌေနဘာဝနာ သဗ္ဗ
ကာယပဋိသံဝေဒီ၊ အဿာသပဿာသာနံ သံဝရဋ္ဌေန သီလ
ဝိသုဒ္ဓိ၊အဝိက္ခေပဋ္ဌေနစိတ္တဝိသုဒ္ဓိဒဿနဋ္ဌေနဒိဋ္ဌိဝိသုဒ္ဓိ၊ယောတတ္ထ
သံဝရဋ္ဌော၊ အယံအဓိ သီလ သိက္ခာ၊ ယောတတ္ထ အဝိက္ခေပ
ဋ္ဌော အယံအဓိစိတ္တသိက္ခာ၊ ယောတတ္ထဒဿနဋ္ဌော၊ အယံ အဓိ
ပညာသိက္ခာ၊ဣမာတိဿောသိက္ခာ၊ယောအနုဝတ္တန္တော သိက္ခတိ။
ဇာနန္တော သိက္ခတိ ပဿန္တော သိက္ခတိ၊ ပစ္စဝေက္ခန္တော သိက္ခတိ၊
စိတ္တံအဓိဋ္ဌဟန္တော သိက္ခတိ၊ သဒ္ဓါယအဓိမုစ္စန္တော သိက္ခတိ၊
ဝီရိယံပဂ္ဂဏှန္တော သိက္ခတိ၊ သတိံ ဥပဋ္ဌာပေန္တော သိက္ခတိ၊ စိတ္တံ
သမာဒဟန္တော သိက္ခတိ၊ ပညာယပဇာနန္တော သိက္ခတိ၊ အဘိ
ညေယျံ အဘိဇာနန္တော သိက္ခတိ။ ပရိညေယျံ ပရိဇာနန္တော သိက္ခ
တိ၊ ပဟာတဗ္ဗံ ပဇဟန္တော သိက္ခတိ၊ ဘာဝေတဗ္ဗံ ဘာဝေန္တော
သိက္ခတိ၊ သစ္ဆိကာတဗ္ဗံ သစ္ဆိကရောန္တော သိက္ခတိ၊

ယဉ္စအနိစ္စာနုပဿနာဉာဏံ၊ ယဉ္စအနတ္တာနုပဿနာဉာဏံ၊
ယဉ္စအနိမိတ္တာနုပဿနာဉာဏံ၊ ယဉ္စသုညတာနုပဿနာ ဉာဏံ၊
ဣမာနိစတ္တာရိ ဉာဏာနိတိဟ ပါဒါနိနေယတ်မုဏ္ဍံ၊ ဒိဋ္ဌုပါဒါနာ၊
သီလဗ္ဗတုပါဒါနာအတ္တဝါဒုပါဒါနာ ယဉ္စဒုက္ခာနုပဿနာဉာဏံ၊

ယဉ္စ နိဗ္ဗိဒါနုပဿနာဉာဏံ၊ ယဉ္စဝိရာဂါနုပဿနာဉာဏံ၊ ယဉ္စ အပ္ပဏိဟိတာနုပဿနာဉာဏံ၊ ဣမာနိစတ္တာရိဉာဏာနိ၊ ဧကုပါ ဒါနာဝုတ္တိ၊ ကာမုပါဒါနာ၊ ယဉ္စနိရောဓာနုပဿနာဉာဏံ၊ ယဉ္စပ ဋိနိဿဂ္ဂါနုပဿနာဉာဏံ၊ ဣမာနိဒွေဉာဏာနိ၊ စတုဟု ပါဒါနေ ဟိမုတ္တိ၊ ကာမုပါဒါနာဒိဋ္ဌုပါဒါနာ၊ သီလဗ္ဗတုပါဒါနာ၊ အတ္တ ဝါဒုပါဒါနာ၊အယံအနုပါဒါ ဝိတ္တသာဝိမောက္ခော၊

အာနာပါနသတိသမာဓိဘိက္ခဝေဘာဝိတော ဗဟုလီကတော မဟပ္ဖလောဟောတိမဟာနိသံသော၊ ကထံဘာဝိတောစ ဘိက္ခဝေ အာနာပါန သတိ သမာဓိကထံ ဗဟုလီကတော မဟပ္ဖလော ဟောတိ မဟာနိသံသော ဣဓဘိက္ခဝေဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိပလ္လင်္ကံ အာ ဘုဇိတွာဥဇုံကာယံပဏိဓာယ ပရိမုခံသတိံ ဥပဋ္ဌပေတွာသော သတောဝ အဿသတိ သတောပဿသတိ။ ဒီဃံဝါ အဿ သန္တော ဒီဃံအဿသာမီတိပဇာနာတိ၊ ။ဝိတ္ထာရေတဗ္ဗာ၊ ။ ယာဝပဋိနိဿဂ္ဂါနုပဿီအဿသိဿာမီတိသိက္ခတိ၊ ပဋိနိဿဂ္ဂါ နုပဿီပဿသိဿာမီတိ သိက္ခတိ၊ ဧဝံဘာဝိတောခေါ ဘိက္ခ ဝေ အာနာပါန သတိသမာဓိ ဧဝံ ဗဟုလီကတော မဟပ္ဖလော ဟောတိ မဟာနိသံသော အဟံပိသုဒံဘိက္ခဝေ ပုဗ္ဗေဝသမ္ဗော ဓာအနဘိသမ္ဗုဒ္ဓေါ ဗောဓိသတ္တောဝသမာနော ဣမိနာဝိဟာရေန ဗဟုလံဝိဟာရာမိ၊ တဿမယှံဘိက္ခဝေ ဣမိနာဝိဟာရေန ဗဟု လံဝိဟရတောနေဝကာယော ကိလမတိနစက္ခူနိ၊ အနုပါဒါယစ မေအာသဝေဟိစိတ္တံဝိမုစ္စိ၊ တသ္မာတိဟဘိက္ခဝေ ဘိက္ခုစေပိ အာကင်္ခေယျနေဝကာယော ကိလမေယျ နစက္ခူနိ၊ အနုပါဒါ ယစမေအာသဝေဟိစိတ္တံ ဝိမုစ္စေယျာတိ၊ အယမေဝအာနာပါန သတိသမာဓိသာဓုကံမနသိကာတဗ္ဗော၊ တသ္မာတိဟ ဘိက္ခဝေ ဘိက္ခုစေပိအာကင်္ခေယျ၊ ယေ မေ ဂေဟာသိတာ သရသင်္ကပ္ပါ၊ တေပဟိယျေယျုန္တိ၊ အယမေဝ အာနာပါနသတိ သမာဓိသာဓု ကံမနသိကာတဗ္ဗော၊ တသ္မာတိဟဘိက္ခဝေ ဘိက္ခုစေပိအာ

ကင်္ခေယျ အပ္ပဋိကူလေ ပဋိကူလသညီ ဝိဟရေယျန္တိ၊ အယမေဝ အာ
နာပါနဿတိသမာဓိ သာဓုကံ မနသိကာတဗ္ဗော၊ တသ္မာတိဟ
ဘိက္ခဝေ ဘိက္ခုစေပိ အာကင်္ခေယျ၊ ပဋိကူလေ အပ္ပဋိကူလသညီ
ဝိဟရေယျန္တိ၊ အယမေဝ အာနာပါန ဿတိသမာဓိ သာဓုကံ မနသိ
ကာတဗ္ဗော၊ တသ္မာတိဟ ဘိက္ခဝေ ဘိက္ခုစေပိ အာကင်္ခေယျ၊ အပ္ပဋိ
ကူလေစ ပဋိကူလေစ ပဋိကူလသညီ ဝိဟရေယျန္တိ၊ အယမေဝ
အာနာပါနဿတိသမာဓိ သာဓုကံ မနသိကာတဗ္ဗော၊ တသ္မာတိဟ
ဘိက္ခဝေ ဘိက္ခုစေပိ အာကင်္ခေယျ၊ ပဋိကူလေစ၊ အပ္ပဋိကူလေစ၊
အပ္ပဋိကူလသညီ ဝိဟရေယျန္တိ၊ အယမေဝ အာနာပါန ဿတိ
သမာဓိ သာဓုကံ မနသိကာတဗ္ဗော၊ တသ္မာတိဟ ဘိက္ခဝေ ဘိက္ခု
စေပိ အာကင်္ခေယျ အပ္ပဋိကူလဉ္စ ပဋိကူလဉ္စ တဒုဘယံ အဘိ နိ
ဝဇ္ဇေတွာ ဥပေက္ခကော ဝိဟရေယျံ သတော သမ္ပဇာနောတိ၊ အ
ယမေဝ အာနာပါနဿတိ သမာဓိ သာဓုကံ မနသိကာတဗ္ဗော၊ တ
သ္မာတိဟ ဘိက္ခဝေ ဘိက္ခုစေပိ အာကင်္ခေယျ၊ ဝိဝိစ္စေဝ ကာမေ
ဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ
ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျန္တိ၊ အယမေဝ အာနာ
ပါနဿတိသမာဓိ သာဓုကံ မနသိကာတဗ္ဗော၊ တသ္မာတိ ဟဘိက္ခု
စေပိ အာကင်္ခေယျ ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ၊
သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ၊ အဝိစာရံ သ
မာဓိဇံ ပီတိသုခံ၊ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျန္တိ အယ
မေဝ အာနာပါနဿတိ၊ သမာဓိ သာဓုကံ မနသိကာတဗ္ဗော၊ တသ္မာ
တိဟ ဘိက္ခဝေ ဘိက္ခုစေပိ၊ အာကင်္ခေယျ၊ ပီတိယာစ ဝိရာဂါ
ဥပေက္ခကောစ ဝိဟရေယျံ သတောစ သမ္ပဇာနော သုခံစ ကာယေ
န ပဋိသံဝေဒေယျံ၊ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိ
မာ သုခဝိဟာရီတိ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရေယျန္တိ၊ အယ
မေဝ အာနာပါန ဿတိသမာဓိ သာဓုကံ မနသိကာတဗ္ဗော၊ တ
သ္မာတိဟ ဘိက္ခဝေ ဘိက္ခုစေပိ၊ အာကင်္ခေယျ၊ သုခဿစ ပဟာ
နာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်

မာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ
ဝိဟရေယျန္တိ၊ အယမေဝ အာနာပါနဿတိ သမာဓိ သာဓုကံ
မနသိကာတဗ္ဗော၊ တသ္မာတိဟ ဘိက္ခဝေ ဘိက္ခုစေပိ အာကင်္ခေ
ယျ၊ သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်
ဂမာ နာနတ္တသညာနံ အမနသိကာရာ အနန္တော အာကာသောတိ
အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရေယျန္တိ၊ အယမေဝ အာ
နာပါနဿတိ သမာဓိ သာဓုကံ မနသိကာတဗ္ဗော၊ တသ္မာ တိဟ
ဘိက္ခဝေ ဘိက္ခုစေပိ အာကင်္ခေယျ၊ သဗ္ဗသော အာကာသာနဉ္စာ
ယတနံ သမတိက္ကမ္မ အနန္တံ ဝိညာဏန္တိ ဝိညာဏဉ္စာယတနံ ဥပ
သမ္ပဇ္ဇ ဝိဟရေယျန္တိ၊ အယမေဝ အာနာပါနဿတိ သမာဓိ သာဓုကံ
မနသိကာတဗ္ဗော၊ တသ္မာတိဟ ဘိက္ခဝေ ဘိက္ခုစေပိ အာကင်္ခေ
ယျ၊ သဗ္ဗသော ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ နတ္ထိ ကိဉ္စိတိ အာ
ကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရေယျန္တိ၊ အယမေဝ အာနာပါန
ဿတိ သာဓုကံ မနသိကာတဗ္ဗော၊ တသ္မာတိဟ ဘိက္ခဝေ ဘိက္ခု
စေပိ အာကင်္ခေယျ၊ သဗ္ဗသော အာကိဉ္စညာယတနံ သမတိက္ကမ္မ
နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရေယျန္တိ၊ အယမေဝ
အာနာပါနဿတိ သမာဓိ သာဓုကံ၊ မနသိကာတဗ္ဗော၊ တသ္မာတိ
ဟ ဘိက္ခဝေ ဘိက္ခုစေပိ အာကင်္ခေယျ သဗ္ဗသော နေဝသညာနာသ
ညာယတနံ သမတိက္ကမ္မ သညာဝေဒယိတနိရောဓံ ဥပသမ္ပဇ္ဇ ဝိဟ
ရေယျန္တိ၊ အယမေဝ အာနာပါနဿတိ သမာဓိ သာဓုကံ မနသိကာ
တဗ္ဗော၊ ဧဝံ ဘာဝိတေ ခေါ ဘိက္ခဝေ အာနာပါနဿတိ သမာဓိမှိ
ဧဝံ ဗဟုလီကတေ သုခံ စေ ဝေဒနံ ဝေဒိယတိ၊ သာ အနိစ္စာတိ ပဇာ
နာတိ၊ အနဇ္ဈောသိတာတိ ပဇာနာတိ၊ အနဘိနန္ဒိတာတိ ပဇာနာတိ
ဒုက္ခံ စေ ဝေဒနံ ဝေဒိယတိ သာ အနိစ္စာတိ ပဇာနာတိ၊ အနဇ္ဈော
သိတာတိ ပဇာနာတိ၊ အနဘိနန္ဒိတာတိ ပဇာနာတိ၊ အဒုက္ခမသု
ခံ စေ ဝေဒနံ ဝေဒိယတိ သာ အနိစ္စာတိ ပဇာနာတိ၊ အနဇ္ဈောသိတာ
တိ ပဇာနာတိ၊ အနဘိနန္ဒိတာတိ ပဇာနာတိ၊ သုခံ စေ ဝေဒနံ ဝေဒိယတိ
ဝိသံယုတ္တော နံ ဝေဒိယတိ၊ ဒုက္ခံ စေ ဝေဒနံ ဝေဒိယတိ ဝိသံယုတ္တော

နံ ဝေဒိယတိ၊ အဒုက္ခမသုခဉ္စေ ဝေဒနံ ဝေဒိယတိ၊ ဝိသံယုတ္တော နံ ဝေဒိယတိ သော ကာယပရိယန္တိကံ ဝေဒနံ ဝေဒယမာနော ကာယပရိယန္တိကံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ဇီဝိတပရိယန္တိကံ ဝေဒနံ ဝေဒယမာနော ဇီဝိတပရိယန္တိကံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ ကာယဿ ဘေဒါ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ ဣဓေဝ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတီဘဝိဿန္တီတိ ပဇာနာတိ။ သေယျထာပိ ဘိက္ခဝေ တေလဉ္စ ပဋိစ္စ ဝဋ္ဋိဉ္စ ပဋိစ္စ တေလပဒီပေါ ဈာယေယျ။ တဿေဝ တေလဿ စ ဝဋ္ဋိယာ စ ပရိယာဒါနာ အနာဟာရော နိဗ္ဗာယေယျ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု ကာယပရိယန္တိကံ ဝေဒနံ ဝေဒယမာနော ကာယ ပရိယန္တိကံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ ဇီဝိတပရိယန္တိကံ ဝေဒနံ ဝေဒယမာနော ဇီဝိတပရိယန္တိကံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ကာယဿ ဘေဒါ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ ဣဓေဝ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတီဘဝိဿန္တီတိ ပဇာနာတီတိ။ ။

မဟာဝဂ္ဂသံယုတ်ပါဠိတော်ပြီးပြည့်စုံ၏။ ။



## သူတော်ကောင်းတို့၏၊ ပြည့်စုံအပ်သော

## အင်္ဂါ-၁၂-ပါး၊

၁၊ စိတ်ထား-စိတ်နေ-ရှည်ခြင်းတပါး၊
၂၊ ကြွားဝါ ခက်ထန်-မရှိခြင်းတပါး၊
၃၊ သူတပါးဘို့အ၊ပေးကမ်းဘူးသောကျေးဇူး- ဆုမွန်သြဝါဒ ပေးဘူးသော၊ကျေးဇူးကို၊သိတတ်ခြင်းတပါး၊
၄၊ သူတပါးတို့နှင့်-ဂုဏ်မပြိုင်တတ်ခြင်းတပါး၊
၅၊ ဒေါသ အမျက်ပြင်းစွာ မထွက်တတ်ခြင်းတပါး၊
၆၊ သူတပါ.တို့၏၊ အကျိုးစီပွားကို-ရှာတတ်ခြင်းတပါး၊
၇၊ မိမိအပေါ်၌၊ သူတပါးတို့-မလျောက် မပတ် ပြုသည်ကို အမှတ်မထားတတ်ခြင်းတပါး၊
၈၊ သူတပါး၏ အပြစ်ကို မြင်ရှု၍၊ အပြစ်စကား – မဆိုခြင်း တပါး၊
၉၊ သူတော်ကောင်းကို မြင်လျှင်ပြုံးရွှင်၍၊ ပညာမဲ့သူကို မြင်မူ မပြုံးရွှင်ခြင်းတပါး၊
၁၀၊ ကိုယ်နှုပ်-နှလုံးတို့ကို-ထိမ်းသိမ်းစောင့်ရှောက်ခြင်းတပါး၊
၁၁၊ သီးခံခြင်းတပါး၊
၁၂၊ သတ္တဝါအများချမ်းသာကြောင်း၊ မေတ္တာတရားပွားများ ခြင်းတပါး၊

-ဝ{ ပေါင်း-၁၂-ပါး၊ }ဝ-

ကျက်မှတ်ရန်၊ လက်ာကို၊ ကျက်ထားလျှင် ကောင်းသည်၊

## { ဆောင်ပုဒ်လင်္ကာ။ }

သူတော်ကောင်း လက္ခဏာ၊ ဆဲ နှစ်ဖြာကား၊ စိတ်ထား စိတ်နေ၊ ရှည်သည်တပါး၊ မကြွားဝါခြင်း၊ မန်တင်းမခက်၊ ခြင့်တွက် အထူး၊ ကျေးဇူးသိတတ်၊ တရပ် တပုံ၊ ဂုဏ်မပြိုင်ခြင်း၊ မပြင်း ဒေါသ၊ မာနမပျို၊ ကိုယ်ကျိုးကိုယ်သာ မရှာပေဘတ်၊ မလျောက် မပတ်၊ အမှတ်မထား၊ သူတပါးအား၊ စကားပြစ်တင်၊ မဆိုခြင် တည်း၊ ထိုပြင်တခြား မတရားကို၊ ဝမ်းပါးမရွှင်၊ သမ္မာမြင်မှု၊ ဝမ်းရွှင်၊ ဝမ်းသာ၊ ခန္တီမှာလည်း၊ အခါခပ်သိမ်း၊ ကိုယ်နှပ်ထိန်း သည်၊ မညိန်းမငြာပွားခြင်းတည်း၊ ၊



မည်သည့်ပုဂ္ဂိုလ်မဆို၊ ဋင်းကျင့်စဉ်များကို ကျင့်၍

# {နိုးဆော်စာ။}

ဤကျင့်စဉ်တရားတို့ကို၊ မြတ်စွာဘုရား ဟောကြား
အပ်သော၊ ဒေသနာတော်မှ၊ လျော်ရာလျော်ရာထုပ်နှုတ်၍၊
ပြုလုပ်ခြင်း၊ ကျင့်စဉ်နှင့်လျော်စွာ၊ ပဟာတဗ္ဗ၊ ဘာဝေတ
ဗ္ဗ၊ မိမိကိုယ်တိုင်အားထုတ်ခြင်း၊ မိမိကဲ့သို့ အားထုတ်
သူတို့အား၊ ပြောကြားသွန်သင်ခြင်း၊ ဘုရားဟောတော်မူ
ကတ်စာများနှင့်တကွ၊ စာထည့်ရန် စာတိုက်များကို၊ ပူ
ကွယ်ခြင်း၊ ပိဋကတ်တိုက် ဆောက်လုပ် ပူဇော်ခြင်း၊ ဂ
တရားကိုအားထုတ်ရန် ဂုတည်ထားပြုလုပ်ခြင်း၊ ကမ္မဋ္ဌာ
ကို၊ အားထုတ်သူအဆက်ဆက်၊ မပျက်ယခု အားထုတ်
ခြင်း၊ တရားကိုလိုလား၍ အားထုတ်လိုလျှင်၊ လာရောက်
ထုတ်နိုင်ခြင်း၊ ဤကဲ့သို့သောအဖြစ်များကို၊ မန္တလေးမြို့
ဈေး တောင်၊ မဟာ အောင်မြေရပ်၊ တောင် ဖူး
ပွဲစား ကောင်း မြောက်ပေါက်၊ အနောက်ဘက်မှာရှိသည့်
ကိုယ ဓမ္မရက္ခိတ အသင်း၊ ပိဋကတ်တိုက်မှာဖြစ်စေ၊ မိုး
ဈေးသစ်ရပ်၊ ဦးအေးကျော် ထံမှာ ဖြစ်စေ၊ အင် င်း
နိုင်ခွင့်ရှိပါသည်၊ ဤကဲ့သို့ အဖြစ်များကို၊ တရား ရှေးထုင
ကျွန်ုပ်တို့၏ ဆရာ၊ အာစရိယပါဒ ဥပနိသျှပေးသူ {ဆရ
စီမံကဲ့သည့် အတိုင်းမပျက်၊ ယခု ထက်တိုင်- အားထုင
ရှိနေကြပါသည်၊

စတုတ္ထ အကြိမ်-စာအုပ်ရေ{ ၂၀၀၀ } မိုးကုပ်မြို့
ရပ်၊ အမိ ကျောင်း အမကြီး-ဒေါ် ဝိုး၊ သား- မောင်အေ
ဇနီး-မပု မဟန်၊ သမီး-မအေး၊ မြေးမြစ် ဆွေးမျိုး တရတို့က
ပါရမီ၊ ကုသိုလ်ဖြစ်၊ ရိုက်နှိပ်ဝေငှပါသည်၊

-{ အမှူးဝပါသည်၊ နတ်လှ-သာရ-ဒေါ်စေသောင်၊